တပေါ် စ တော် မင်္ဂလ မုတ္တမံ၊ ခြိုးခြံစွာ ကျင့်သုံးနေထိုင်ခြင်းသည် မြတ်သောမင်္ဂလာမည်၏။

မြန်မာ့အလင်း

၁၂၇၆ ခုနှစ်ကတည်ထောင်သည်။
Established 1914

၁၃၆၆ ခုနှစ်၊ နယုန်လဆန်း ၆ ရက်၊ ၂၀၀၄ ခုနှစ်၊ မေ ၂၄ ရက်၊ တနင်္လာနေ့၊ အတွဲ (၄၁)၊ အမှတ် (၂၃၄)

နိုင်ငံရေးဦးတည်ချက် (၄) ရပ်

* နိုင်ငံတော် တည်ငြိမ်ရေး၊ ရပ်ရွာ အေးချမ်းသာယာရေး နှင့် တရားဥပဒေစိုးမိုးရေး
* အမျိုးသား ပြန်လည်စည်းလုံးညီညွတ်ရေး
* ခိုင်မာသည့် ဖွဲ့စည်းပုံအခြေခံ ဥပဒေသစ် ဖြစ်ပေါ်လာရေး
* ဖြစ်ပေါ်လာသည့် ဖွဲ့စည်းပုံ အခြေခံဥပဒေသစ်နှင့်အညီ ခေတ်မီ ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်သစ်တစ်ရပ် တည်ဆောက်ရေး

စီးပွားရေးဦးတည်ချက် (၄) ရပ်

* စိုက်ပျိုးရေးကိုအခြေခံ၍ အခြား စီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံ ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* ဈေးကွက်စီးပွားရေးစနစ် ပီပြင်စွာ ဖြစ်ပေါ်လာရေး
* ပြည်တွင်းပြည်ပမှ အတတ်ပညာ နှင့် အရင်းအနှီးများ ဖိတ်ခေါ်၍ စီးပွားရေး ဖွံ့ဖြိုးတိုးတက်အောင်တည်ဆောက်ရေး
* နိုင်ငံတော် စီးပွားရေးတစ်ရပ်လုံးကို ဖန်တီးနိုင်မှုစွမ်းအားသည် နိုင်ငံတော်နှင့် တိုင်းရင်းသား ပြည်သူတို့၏ လက်ဝယ်တွင်ရှိရေး

လူမှုရေးဦးတည်ချက် (၄) ရပ်

* တစ်မျိုးသားလုံး၏ စိတ်ဓာတ်နှင့် အကျင့်စာရိတ္တမြင့်မားရေး
* အမျိုးဂုဏ် ဇာတိဂုဏ်မြင့်မားရေးနှင့်ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေး လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်း စောင့်ရှောက်ရေး
* မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေး
* တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ် သန်လျင်မြို့ သီလဝါ၌တည်ဆောက်ဖွင့်လှစ်ပြီးဖြစ် နိုင်ငံတကာအဆင့်မီပညာရှင်များမွေးထုတ်နိုင်ရေး ပြည်ပတက္ကသိုလ်များနှင့်ပူးပေါင်းလေ့ကျင့်လျက်ရှိ တက္ကသိုလ်များ ရည်မှန်းချက်နှင့်အညီ တိုးတက်ဖြစ်ထွန်းရေး အရှိန်အဟုန်မပျက်ကြိုးပမ်း

ရန်ကုန် မေ ၂၃

ပို့ဆောင်ရေးဝန်ကြီးဌာန မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့နှင့်စပ်လျဉ်းသည့် ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက် ၉ နာရီတွင် ရန်ကုန်မြို့ ကုန်းမြင့်သာရှိ ဇေယျာသီရိဗိမာန် အစည်းအဝေးခန်းမ၌ကျင်းပရာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။ (အောက်ပုံ)

စာမျက်နှာ ၈ ကော်လံ ၁ ✻

အမျိုးသားညီလာခံကိုယ်စားလှယ်အစုအဖွဲ့ များ လေ့လာဆွေးနွေးအကြံပြုစာတမ်းများစတင်ပြုစု ကျန်းမာရေးအတွက်ကာယလေ့ကျင့်မှုများဆောင်ရွက်

ရန်ကုန် မေ ၂၃

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲရာတွင် ပါဝင်မည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေးနှင့် တရားစီရင်ရေးဆိုင်ရာ အာဏာခွဲဝေမှုအပိုင်းများအတွက် ချမှတ်သင့်သည့် အခြေခံမူများနှင့် စပ်လျဉ်း၍ အမျိုးသားညီလာခံ ကျင်းပရေးလုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် အစုအဖွဲ့အလိုက် လေ့လာဆွေးနွေးအကြံပြုကြကာ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ သတ်မှတ်နေရာများ၌ ကဏ္ဍအလိုက် စာတမ်းများကို စတင်၍ ရေးသားပြုစုလျက်ရှိကြသည်။

စာမျက်နှာ ၁၀ ကော်လံ ၃ ▼

မန္တလေးတိုင်း မိတ္ထီလာမြို့နယ်တွင်တည်ဆောက်ထားသည့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်ကို တွေ့ရစဉ်။ **(ဓာတ်ပုံမှတ်တမ်း–သတင်းစဉ်)**

အမျိုးသားညီလာခံသည် ကျွန်ုပ်တို့ တိုင်းရင်းသားအားလုံး၏ အရေးကိစ္စ ဖြစ်သည်။

မြန်မာ့အလင်း
အယ်ဒီတာ့ အာဘော်
(၂၀၀၄ ခုနှစ်၊ မေလ ၂၄ ရက်)

ကျေးလက်ဒေသ ရေရရှိရေးလုပ်ငန်းစဉ် ပြည်သူများ ပူးပေါင်းပါဝင်မှုကြောင့် ပိုမိုအောင်မြင်

ပြည်ထောင်စု မြန်မာနိုင်ငံတော်တွင် လူဦးရေ ၅၃ သန်းကျော် ရှိသည့်အနက် ၇၀ ရာခိုင်နှုန်းသည် ကျေးလက်ဒေသနေ ပြည်သူများဖြစ်သည်။

နိုင်ငံတော်၏ အဓိက စီးပွားရေးလုပ်ငန်းသည် လည်းကောင်း၊ ကျေးလက်ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်း လုပ်ငန်းသည်လည်းကောင်း လယ်ယာစိုက်ပျိုးရေးလုပ်ငန်း ဖြစ်သည်။

နိုင်ငံတော်၏ အမျိုးသားစီးပွားရေးဘဝ ခိုင်မာတောင့်တင်းစေရေး၊ ကျေးလက်ပြည်သူတို့၏ လူနေမှုဘဝ အဆင့်အတန်း တိုးတက်မြင့်မားစေရေးအတွက် နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီးသန်းရွှေက–

(က) ကျေးလက်ဒေသလမ်းပန်းဆက်သွယ်မှု ကောင်းမွန်ရေး၊

(ခ) ကျေးလက်ဒေသ စိုက်ပျိုးရေနှင့် သောက်သုံးရေဖူလုံစွာရရှိရေး၊

(ဂ) ကျေးလက်ဒေသ ပညာရည် အဆင့်အတန်းမြင့်မားရေး၊

(ဃ) ကျေးလက်ဒေသ ကျန်းမာရေး စောင့်ရှောက်မှု မြင့်မားရေး၊

(င) ကျေးလက်ဒေသ၏ အဓိကစီးပွားရေးလုပ်ငန်းဖြစ်သည့် စိုက်ပျိုးရေးနှင့် မွေးမြူရေး လုပ်ငန်းများ တိုးတက်ဖွံ့ဖြိုးရေး

ဟူသော ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို အကောင်အထည်ဖော်ဆောင်ရွက်ရန် လမ်းညွှန်ချမှတ်ပေးခဲ့သည်။

နိုင်ငံတော် အကြီးအကဲ၏ လမ်းညွှန်ချက်နှင့်အညီ ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်ကို နိုင်ငံတော်တစ်ဝန်း၌ အရှိန်အဟုန်ဖြင့် အကောင်အထည် ဖော်လျက်ရှိသည်။

နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးတွင် အခြေခံကျသည့် ကျေးလက်ဒေသဖွံ့ဖြိုးရေး လုပ်ငန်းစဉ် (၅)ရပ်တွင် စိုက်ပျိုးရေနှင့် သောက်သုံးရေ ဖူလုံစွာရရှိရေး အချက်သည် ပဓာနကျလျက်ရှိသည်။

နိုင်ငံတော်တစ်ဝန်း စိုက်ပျိုးရေ လုံလောက်စွာရရှိနိုင်စေရန် နိုင်ငံတော်အစိုးရက ဆည်မြောင်း တာတမံများကို တည်ဆောက်ပေးခဲ့ရာ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ဆည်မြောင်းတာတမံပေါင်း ၁၅၉ခုကို ငွေကျပ်သန်းပေါင်း ၆၉၀၀၀ ကျော် အကုန်အကျခံ ဆောင်ရွက်ပေးခဲ့သည်။

ဆည်မြောင်းတာတမံ ၁၅၉ ခု တည်ဆောက်ပေးခဲ့သည့်အတွက် သောက်သုံးရေသာမက စိုက်ပျိုးမြေ ဧက နှစ်သန်းတစ်သိန်းကျော် ရေသွင်းစိုက်ပျိုးနိုင်ခဲ့သည်။

ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းစဉ် (၅)ရပ်အနက် ကျေးလက်ဒေသသန့်ရှင်းသော သောက်သုံးရေ ရရှိရေး လုပ်ငန်းကို နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေး ဝန်ကြီးဌာနအောက်ရှိ စည်ပင်သာယာရေးအဖွဲ့များက တာဝန်ယူကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။

စည်ပင်သာယာရေးအဖွဲ့များသည် တိုင်းနှင့် ပြည်နယ်များရှိ ရေရှားပါးသည့် ကျေးလက်ဒေသများတွင် သန့်ရှင်းသော သောက်သုံးရေ ဖူလုံစွာ ရရှိရေးအတွက် စက်ရေတွင်းများ တူးဖော်ဆောင်ရွက်ပေးလျက်ရှိသည်။

ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိရေးလုပ်ငန်းတွင် စေတနာရှင်ပြည်သူတို့က ပါဝင်လှူဒါန်းလျက် ရှိကြသည်ကိုလည်း တွေ့မြင်နေရသည်။

ယခုအခါ စစ်ကိုင်းတိုင်းတွင် ကျေးရွာ ၁၁၆၆ ရွာ၊ မကွေးတိုင်းတွင်ကျေးရွာ ၇၅၀၊ မန္တလေးတိုင်းတွင် ၂၂၆၈ ရွာ၊ ကချင်ပြည်နယ်တွင် ၂၈၅ ရွာ၊ ကယားပြည်နယ်တွင် ၂၇ရွာ၊ ကရင်ပြည်နယ်တွင် ၂၃၆ရွာ၊ ချင်းပြည်နယ်တွင် ၇၆ ရွာ၊ တနင်္သာရီတိုင်းတွင် ၁၅၉ ရွာ၊ ပဲခူးတိုင်းတွင် ၅၁၂ ရွာ၊ ပဲခူးတိုင်း (အနောက်ပိုင်း)တွင် ၅၀၇ ရွာ၊ မွန်ပြည်နယ်တွင် ၂၈၈ ရွာ၊ ရခိုင်ပြည်နယ်တွင် ၃၆၈ ရွာ၊ ရန်ကုန်တိုင်းတွင် ၄၆၆ ရွာ၊ ရှမ်းပြည်နယ် (တောင်ပိုင်း)တွင် ၂၃၅ ရွာ၊ ရှမ်းပြည်နယ် (မြောက်ပိုင်း)တွင် ၂၂၇ ရွာ၊ ရှမ်းပြည်နယ် (အရှေ့ပိုင်း)တွင် ၁၉၆ရွာ၊ ဧရာဝတီတိုင်းတွင် ၁၄၄၂ ရွာတို့ကို ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပေးနိုင်ခဲ့ပြီးဖြစ်ကြောင်း သိရသည်။

သို့ဖြစ်ရာ ကျေးလက်ဒေသ သောက်သုံးရေရရှိရေး လုပ်ငန်းများသည် နိုင်ငံတော်နှင့်အတူ စေတနာရှင်ပြည်သူတို့၏ ပူးပေါင်းပါဝင်မှုကြောင့် ပိုမိုအောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း ရေးသားလိုက်ရပါသည်။ ။

မြဝတီရုပ်မြင်သံကြား

၂၄-၅-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇:၀၀ ၁။ မြဝတီအဖွင့်
၇:၀၅ ၂။ အဖွင့်သီချင်း
၇:၁၀ ၃။ မျိုးချစ်တပ်မတော်
၇:၂၀ ၄။ မြန်မာပြည်တစ်ဝန်း ရောင်စုံမှတ်တမ်း
၇:၃၀ ၅။ မြန်မာသံစဉ်ချိုနားဝင်
၇:၄၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၇:၅၅ ၇။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၈:၀၀ ၈။ မြဝတီရုပ်မြင်သံကြားသတင်း
၈:၁၀ ၉။ ဖွံ့ဖြိုးသာယာပြည်မြန်မာ

ညပိုင်း

၄:၀၀ ၁။ မြဝတီအဖွင့်
၄:၀၅ ၂။ အဖွင့်သီချင်း
၄:၁၀ ၃။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၄:၁၅ ၄။ လက်စွမ်းပြဟန်ဂီတသံ
၄:၂၀ ၅။ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၄:၃၀ ၆။ မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊အက၊အရေး၊အတီး ပြိုင်ပွဲအစီအစဉ်
၄:၄၀ ၇။ မျိုးချစ်တပ်မတော်
၄:၅၀ ၈။ ကြည်နူးရွှင်ပျော် တေးသရုပ်ဖော်
၅:၀၀ ၉။ အဝေးသင်ပညာရေးပို့ချမှု အစီအစဉ် Marketing (စီးပွားရေး၊ စီးပွားစီမံ)
၅:၃၀ ၁၀။ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၅:၄၅ ၁၁။ သာယာသီကြွေး ခေတ်ဆန်းတေး
၆:၀၀ ၁၂။ မြဝတီရုပ်မြင်သံကြားသတင်း
၆:၁၀ ၁၃။ နိုင်ငံတကာသတင်း
၆:၂၀ ၁၄။ မိုးလေဝသသတင်း
၆:၂၅ ၁၅။ မြန်မာ့ရှုခင်း
၆:၃၅ ၁၆။ လျှပ်တစ်ပြက်
၆:၄၅ ၁၇။ မေးမြန်းစူးစမ်း
၇:၀၀ ၁၈။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"ဝင်းပပလှသူလေးရယ်"** (အပိုင်း–၁၃)
၈:၀၀ ၁၉။ မြဝတီရုပ်မြင်သံကြားသတင်း
၂၀။ ဖွံ့ဖြိုးသာယာပြည်မြန်မာ
၂၁။ လျှပ်တစ်ပြက်
၂၂။ တိုင်းကျိုးပြည်ပြုတည်ထောင်မှု
၂၃။ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း **"သိုင်းမင်းသားလေးနှင့် ရွှေမင်းသမီး"** (ဒုတိယတွဲ) (အပိုင်း–၂၀)

ပြည်သူ့သဘောထား

* ပြည်ပအားကိုး ပုဆိန်ရိုး အဆိုးမြင်ဝါဒီများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် နိုင်ငံတော်တိုးတက်ရေးကို နှောင့်ယှက်ဖျက်ဆီးသူများအား ဆန့်ကျင်ကြ။
* နိုင်ငံတော်၏ ပြည်တွင်းရေးကို ဝင်ရောက်စွက်ဖက် နှောင့်ယှက်သော ပြည်ပနိုင်ငံများအား ဆန့်ကျင်ကြ။
* ပြည်တွင်းပြည်ပအဖျက်သမားများအား ဘုံရန်သူအဖြစ် သတ်မှတ်ချေမှုန်းကြ။

သဲကုန်းနှင့် ကြို့ပင်ကောက်မြို့နယ်များတွင် ကျေးလက်အိမ်ရာတည်ဆောက်မှု နယ်စပ် / စည်ပင် ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေ ကြည့်ရှုစစ်ဆေး

ရန်ကုန် မေ ၂၃

နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စည်ပင်သာယာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးကြီးတင်ငွေနှင့် အဖွဲ့သည် မေ ၂၁ ရက် နံနက်ပိုင်းက ပဲခူးတိုင်း သဲကုန်းမြို့နယ် ကြို့ပင်သာအုပ်စု ဝက်ပုတ်ကျေးရွာရှိ တည်ဆောက်ပြီးသော ကျေးလက်အိမ်ရာကိုးလုံးကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး အိမ်ပိုင်ရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ကြို့ပင်ကောက်မြို့နယ်

ထို့နောက် ဒုတိယဝန်ကြီးသည် ကြို့ပင်ကောက်မြို့နယ် ဥက္ကံကျေးရွာရှိ တည်ဆောက်ပြီးစီးသော ကျေးလက်အိမ်ရာ လေးလုံးကို ဝင်ရောက်ကြည့်ရှုစစ်ဆေးပြီး အိမ်ပိုင်ရှင်များနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ လိုအပ်သည်များ ဆောင်ရွက်ပေးရန် တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးသည် လက်ပံတန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့သို့ ရောက်ရှိပြီး ပျိုးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးသည်။ ဒုတိယဝန်ကြီးက ပျိုးဥယျာဉ်၌ ပျိုးပင်များ သတ်မှတ်အရေအတွက် ပြည့်မီအောင် ဆောင်ရွက်ရေး၊ ပျိုးခင်းများတိုးချဲ့ပျိုးထောင်ရေး၊ မျိုးတူ ပျိုးပင်များကို ပိုမိုပွားများအောင် ရွှေ့ပြောင်း ပျိုးထောင်ရေးတို့ကို တာဝန်ရှိသူများအား မှာကြားခဲ့သည်။ **(သတင်းစဉ်)**

အကျဉ်းဦးစီးဌာန ညွှန်ချုပ်ဒိုင်း စစ်တုရင်ပြိုင်

ရန်ကုန် မေ ၂၃

ပြည်ထဲရေးဝန်ကြီးဌာန အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် တံခွန်စိုက်ဒိုင်း (၁၄) ကြိမ်မြောက် စစ်တုရင်ပြိုင်ပွဲ ဖွင့်ပွဲအခမ်းအနားကို ယမန်နေ့ နံနက် ၈ နာရီက အင်းစိန်မြို့ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံး အစည်းအဝေးခန်းမ (၁)၌ ကျင်းပရာ ညွှန်ကြားရေးမှူးချုပ် ကိုယ်စား ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးဇော်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး ပထမဦးဆုံး စစ်တုရင်ကစားကွက်ကို ရွှေ့၍ ပြိုင်ပွဲကို ဖွင့်လှစ်ပေးသည်။ **(ယာပုံ)**

အခမ်းအနားသို့ မြန်မာနိုင်ငံ စစ်တုရင် အဖွဲ့ချုပ် ဥက္ကဋ္ဌနှင့် အမှုဆောင်များ၊ အကျဉ်းဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ရုံးမှ ညွှန်ကြားရေးမှူးများ၊ ဦးစီးအရာရှိများနှင့် ပြိုင်ပွဲဝင် အားကစားသမားများ တက်ရောက်ကြသည်။ ပြိုင်ပွဲတွင် ဌာန ကိုယ်စားပြု စစ်တုရင် အသင်း ရှစ်သင်းပါဝင်ယှဉ်ပြိုင်ပြီး မေ၃၀ ရက်အထိဆက်လက် ယှဉ်ပြိုင် ကစားသွားမည်ဟုသိရသည်။

(မြန်မာ့အလင်း)

မေ ၂၂ ရက်က သန်လျင်မြို့နယ် မြို့ဟောင်း အလယ်ရပ်ကွက်ရှိ(ကမ်းနားဈေး) နှစ်ထပ် ဆိုင်ခန်းရှေ့မျက်နှာစာရေမြောင်းများ ရေစီးရေလာကောင်းမွန်ရေး ဈေးတာဝန်ခံနှင့် စည်ပင်ဝန်ထမ်းများ ရေမြောင်းများတူးဖော်မှုကို အမှုဆောင်အရာရှိ ဦးထွန်းမြိုင်နှင့်အဖွဲ့ ကြည့်ရှုစဉ်။ (မြန်မာ့အလင်း)

ဆေးပစ္စည်းများလှူဒါန်း

ရန်ကုန် မေ ၂၃

တပ်မတော်ဆေးရုံကြီး(ခုတင်–၁၀၀၀)သို့ မေတ္တာမွန်အဖွဲ့မှ စေတနာရှင် ၇၀ တို့သည် မေ ၂၁ ရက် နံနက်ပိုင်းက သွေးများလာရောက်လှူဒါန်းကြသည်။

တပ်မတော်ဆေးရုံကြီးမှ ရောဂါဗေဒပါရဂူ ဒုတိယဗိုလ်မှူးကြီး ဒေါ်စန္ဒာဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြား၍ မေတ္တာမွန် အဖွဲ့က တပ်မတော်ဆေးရုံကြီးအတွက် ငွေကျပ် လေးသိန်းတန်ဖိုးရှိ ဆေးပစ္စည်းများ လှူဒါန်းရာ ဂုဏ်ပြုမှတ်တမ်းလွှာ ပြန်လည်ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

24-5 (02).p65 1 03/24/1905, 8:11 PM

✡ *ကျောဖုံးမှ*

ချီးကျူးပူဇော်ပွဲ အခမ်းအနားသို့ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ ဒုတိယဥက္ကဋ္ဌ အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ သရက်ဆရာတော် ဘဒ္ဒန္တကေသရ၊ အကျိုးတော်ဆောင် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရ အမှူးပြုသော နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများ၊ တိပိဋကဓရ ရွေးချယ်ရေးစာမေးပွဲ ဩဝါဒါစရိယ အဖွဲ့ဥက္ကဋ္ဌ မော်လမြိုင်မြို့ ဝဲပုံကျောင်းတိုက် ဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု ဘဒ္ဒန္တဝိဇယာဘိဝံသနှင့် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲ ဩဝါဒါစရိယ ဆရာတော်များ၊ နိုင်ငံတော်ထေရဝါဒ ဗုဒ္ဓသာသနာပြုတက္ကသိုလ် ဒုတိယ ပါမောက္ခချုပ် အဂ္ဂမဟာပဏ္ဍိတ ဒေါက်တာ ဘဒ္ဒန္တကုမာရာ ဘိဝံသနှင့် ပင့်သံဃာတော်များ၊ တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာကအဖွဲ့ နာယကဆရာ တော်များ၊တိပိဋကဓရ တိပိဋကကောဝိဒ ဆရာတော်များ၊ တိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်များ၊ (၅၆) ကြိမ်မြောက် တိပိဋကဓရ ရွေးချယ်ရေး စာမေးပွဲကြီးတွင် အောင်မြင်တော်မူကြသော ချီးကျူးဂုဏ်ပြုအပူဇော်ခံ စာအောင်သံဃာတော်များ ကြွရောက်တော်မူကြပြီး ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာ အကြီးအကဲများ၊ တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာက(ဗဟို) အဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာက(ရန်ကုန်) နှင့် (မန္တလေး) အဖွဲ့တို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ တိပိဋက-နိကာယသာသနာပြု ဥပဋ္ဌာက အနုပညာအဖွဲ့ဝင်များ၊ တပည့် ဒါယကာ ဒါယိကာမများ၊ အလှူရှင်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြည်ညိုကြသည်။

အခမ်းအနားမစတင်မီ ချီးကျူးဂုဏ်ပြုအပူဇော်ခံစာအောင်သံဃာတော်များအား တိပိဋက-နိကာယသာသနာပြုဥပဋ္ဌာက(ရန်ကုန်)အဖွဲ့ဥက္ကဋ္ဌ သီဟသုဓမ္မမဏိဇောတဓရ ဆင်မင်း ဦးတင်ရွှေနှင့်အဖွဲ့က ဘွဲ့တံဆိပ်တော် အဆောင်အယောင်များနှင့် တကွ အခမ်းအနားကျင်းပရာ မင်္ဂလာမဏ္ဍပ် အတွင်းသို့ ပင့်ဆောင်ကြသည်။

ထို့နောက် ဆရာတော် သံဃာတော်များနှင့် ပရိသတ်များက နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး တိပိဋက-နိကာယ သာသနာပြုဥပဋ္ဌာက အနုပညာအဖွဲ့မှ တေးသံရှင် တင်တင်မြက မြတ်စွာဘုရား၏ရောင်ခြည်တော်ဘွဲ့ "ထူးမခြားနား" သီချင်းခန့်ကို သီကျူးပူဇော်သည်။

ယင်းနောက် ကျေးဇူးရှင်မင်းကွန်း တိပိဋကဓရ ဆရာတော်ကြီး၏ ဂုဏ်ကျေးဇူးတော်များကို အောက်မေ့သတိရစွာဖြင့် ဆရာတော်သံဃာတော်များနှင့် ဧည့်ပရိသတ်များက တစ်မိနစ် ငြိမ်သက်၍ ကြည်ညိုပူဇော်ကြသည်။

ဩဝါဒကထာမြွက်ကြား

ဆက်လက်၍ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရက ငါးပါးသီလချီးမြှင့်တော်မူပြီး ဩဝါဒကထာမြွက်ကြားတော်မူသည်။

ထို့နောက် တိပိဋက-နိကာယ သာသနာပြု ဥပဋ္ဌာက (ဗဟို) အဖွဲ့ဥက္ကဋ္ဌ သံအမတ်ကြီး (အငြိမ်းစား) ဦးအေးဖေက တိပိဋကဓရ စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲပြုလုပ်ရခြင်း အကြောင်း လျှောက်ထားတင်ပြသည်။

ဆက်ကပ်လှူဒါန်း

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် အဘိဓဇမဟာရဋ္ဌဂုရုအဘိဓဇ အဂ္ဂမဟာ သဒ္ဓမ္မဇောတိက မကွေးဆရာတော် ဘဒ္ဒန္တကုမာရအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းသည်။

ယင်းနောက် ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ၊ အစိုးရအဖွဲ့ အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် တပ်မတော်အရာရှိကြီးများက နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ဝင် ဆရာတော်ကြီးများနှင့် ပင့်သံဃာတော်များအား သင်္ကန်း အစရှိသော လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး ချီးကျူးဂုဏ်ပြုပူဇော်ပွဲ အခမ်းအနားပထမပိုင်း အစီအစဉ်များကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီး ခင်ညွန့်နှင့် အဖွဲ့ဝင်များ တိပိဋက-နိကာယသာသနာပြု ဥပဋ္ဌာကအဖွဲ့မှ ပဋ္ဌမမြောက် ပေါ်ထွန်းတော်မူသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ကုဏ္ဍလ၊ တိပိဋကဓရ အရှင်ကုဏ္ဍာစရိယနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြု ပူဇော်ပွဲ အခမ်းအနားတွင် နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်ဆရာတော် တိ=နိသာသနာပြု ဥပဋ္ဌာကအဖွဲ့၏ ဩဝါဒါစရိယ ဆရာတော် အဘိဓဇ မဟာရဋ္ဌဂုရု အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဘဒ္ဒန္တ ကုမာရ ဆရာတော်ကြီးထံမှ ငါးပါးသီလ ခံယူဆောက်တည်ကြစဉ်။ (သတင်းစဉ်)

တရားပေးနည်းပို့ချမည်

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း ဗဟန်းမြို့နယ် (၅) မြောက်ရပ်ကွက် ရွှေဂုံတိုင်လမ်း ရွှေဂုံတိုင်ကျောင်းတိုက် ကျောင်းသစ်ကျောင်း၌ မေ ၂၈ရက်မှစ၍ အဖျောက်ဆရာတော်(သမင်ခြံ)ကိုယ်တိုင် တရားပေးနည်းကို တစ်လသင်ကြားပို့ချမည်ဖြစ်ကြောင်း သိရသည်။ **(က-ပ)**

အမျိုးသမီးရေးရာအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌဒေါ်ခင်လေးသက် အမျိုးသမီးများအင်္ဂလိပ်စကားပြောသင်ယူမှုကြည့်ရှုအားပေး

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက် ဦးဆောင်၍ ပြန်ကြားရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်ကြည်ကြည်ဝင်း၊ ပညာရေးလုပ်ငန်းအဖွဲ့ အကြံပေးပုဂ္ဂိုလ် ဒေါ်သဇင်နွယ်နှင့် အကြံပေးပုဂ္ဂိုလ်များ၊ လုပ်ငန်းအဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းတွင် မြန်မာနိုင်ငံ အမျိုးသမီးရေးရာ အဖွဲ့ချုပ် ပညာရေးနှင့် ပြန်ကြားရေးလုပ်ငန်းအဖွဲ့တို့ ပူးပေါင်းဖွင့်လှစ်ထားသည့် အမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်တန်းတည်ရှိရာ မင်္ဂလာတောင်ညွန့် မြို့နယ် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းသို့ ရောက်ရှိကြသည်။

ထို့နောက် မြန်မာနိုင်ငံ အမျိုးသမီးရေးရာအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌ ဒေါ်ခင်လေးသက်နှင့် အဖွဲ့ဝင်များသည် ကျောင်းအတွင်းရှိ စာသင်ခန်းများနှင့် Language Lab ခန်းတို့တွင် သင်တန်းသူအမျိုးသမီးများ အင်္ဂလိပ်စကားပြောသင်ယူနေမှုတို့ကို ကြည့်ရှုအားပေးကြသည်။

ဝတ်ရွတ်စဉ်သင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

ဗဟန်းမြို့နယ် မင်္ဂလာဗျူဟာ အသင်းချုပ် (၂၁)ကြိမ်မြောက် မင်္ဂလာဗျူဟာပရိတ်တော် ဝတ်ရွတ်စဉ် သင်တန်းဖွင့်ပွဲကို မေ ၂၉ ရက် (စနေနေ့) မွန်းလွဲ ၁၂ နာရီခွဲတွင် ဖွင့်လှစ်မည်ဖြစ်ရာ ကုသိုလ်ရှင်များ တက်ရောက်နိုင်ကြောင်း သိရသည်။ **(က-ပ)**

တရုတ်ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များ ရန်ကုန်မြို့သို့ရောက်ရှိ

ရန်ကုန် မေ ၂၃

တရုတ်ပြည်သူ့သမ္မတနိုင်ငံနှင့် ပြည်ထောင်စုမြန်မာနိုင်ငံ နှစ်နိုင်ငံ ရုပ်ရှင်နယ်ပယ်အကြား ဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးတို့အတွက် တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော အဖွဲ့ဝင် လေးဦးပါ လေ့လာရေးအဖွဲ့ဝင်များသည် ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့သို့ လေကြောင်းခရီးဖြင့် ရောက်ရှိကြသည်။

အဆိုပါ တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ လေ့လာရေးအဖွဲ့ဝင်များအား ပြန်ကြားရေးဝန်ကြီးဌာန မြန်မာ့ရုပ်ရှင်လုပ်ငန်းမှ ညွှန်ကြားရေးမှူး ဦးသိန်း ထွန်းအောင်နှင့် တာဝန်ရှိသူများ၊ ပြည်ထောင်စုမြန်မာနိုင်ငံတော်ဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံရုံးမှ တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်တွင် ကြိုဆို နှုတ်ဆက်ကြသည်။

လေ့လာရေး အဖွဲ့ဝင်များသည် ညနေ ၃ နာရီတွင် ရန်ကုန်မြို့ ဗဟန်းမြို့နယ် ဝင်္ကပါလမ်းရှိ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံး မြန်မာ့ရုပ်ရှင် သမိုင်းပြတိုက်သို့ သွားရောက်ကြည့်ရှု လေ့လာကြရာ ပြတိုက်နာယက ဒါရိုက်တာ ဦးတင်ယုနှင့် ဦးမြင့်စိုး၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်နှင့် အမှုဆောင် အဖွဲ့ဝင်များက ကြိုဆိုနှုတ်ဆက်ကြပြီး ပြတိုက်အတွင်းရှိ ခေတ်အဆက်ဆက် မြန်မာ့ရုပ်ရှင်သမိုင်းပြကွက်များကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် တရုတ်ပြည်သူ့သမ္မတနိုင်ငံရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များသည် မြန်မာနိုင်ငံရုပ်ရှင်အစည်းအရုံးသို့ရောက်ရှိပြီး မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးဥက္ကဋ္ဌ ဦးစိန်တင်၊ ဒုတိယဥက္ကဋ္ဌ ဦးကြီးမြင့်၊ အတွင်းရေးမှူး ဦးကျော်သူနှင့် တွဲဖက်အတွင်းရေးမှူးများ၊ အမှုဆောင်အဖွဲ့ဝင်များနှင့် တွေ့ဆုံကြသည်။ **(သတင်းစဉ်)**

တရုတ်ပြည်သူ့ သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များ အသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော လေ့လာရေးအဖွဲ့ဝင်များ ရုပ်ရှင်သမိုင်းပြတိုက်အတွင်း လှည့်လည်ကြည့်ရှုကြစဉ်။ (သတင်းစဉ်)

မြန်မာ့အလင်း
နိုင်ငံတကာသတင်းများ

ဘဂ္ဂဒက်၊ဆာမာရာ၊မစ်ဒါဒီယာနှင့်အယ်လ်အန်ဘာတို့တွင် တိုက်ပွဲများဖြစ်ပွား အမေရိကန်တပ်ဖွဲ့ဝင်ငါးဦးသေဆုံးကြောင်း စစ်ဘက်ဆိုင်ရာက ကြေညာ

ဘဂ္ဂဒက် မေ ၂၀

ဘဂ္ဂဒက်မြို့လယ်ကောင်၌ လက်ပစ်ဗုံးဖြင့် ကြာသပတေးနေ့က ပစ်ခတ်တိုက်ခိုက်ခြင်းခံခဲ့ရသဖြင့် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးပြီး အခြားသုံးဦးဒဏ်ရာရရှိခဲ့ကြောင်း စစ်ဘက်ဆိုင်ရာက ပြောကြားသည်။

မေ ၂၀ ရက်အစောပိုင်း၌ အမေရိကန်တပ်ဖွဲ့ လက်ပစ်ဗုံးများဖြင့်တိုက်ခိုက်ခံခဲ့ရခြင်းဖြစ်ပြီး တပ်ဖွဲ့ဝင်တစ်ဦးသေဆုံးကာ အခြားသုံးဦး ဒဏ်ရာရရှိခဲ့ခြင်းဖြစ်ကြောင်း အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့က ထုတ်ပြန်သည့်ကြေညာချက်၌ ဖော်ပြထားသည်။ အမေရိကန်စစ်ယာဉ်တန်းတစ်ခု ဘဂ္ဂဒက်မြောက်ဘက်၌ လမ်းဘေးဗုံးပေါက်ကွဲထိမှန်ပြီး တိုက်ပွဲဖြစ်ပွားရာ၌ ဒုတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်သေဆုံးပြီး အခြား တစ်ဦးဒဏ်ရာရခဲ့သည်ဟု အမေရိကန်စစ်ဘက်က ကြာသပတေးနေ့၌ ပြောကြားသည်။

သေဆုံး

ဆာမာရာအနီး၌ အမေရိကန်ကင်းလှည့်တပ်ဖွဲ့ကို လက်လုပ်ဖောက်ခွဲရေးပစ္စည်းများ၊ လက်နက်ငယ်များဖြင့် တိုက်ခိုက်ခံရသဖြင့် အမှတ်(၁) ခြေမြန်တပ်မမှ တပ်ဖွဲ့ဝင်တစ်ဦးသေပြီး တစ်ဦးဒဏ်ရာရခဲ့ခြင်းဖြစ်သည်ဟု အမေရိကန်စစ်ဘက်ကထုတ်ပြန်သောကြေညာချက်၌ ဖော်ပြထားသည်။ ဘဂ္ဂဒက်မြောက်ဘက် မစ်ဒါဒီယာတွင် အမေရိကန်ကင်းလှည့်တပ်ဖွဲ့ကို သချိုင်းတစ်ခုအတွင်း၌ သေနတ်သမားတစ်ဦးက ပစ်ခတ်သဖြင့် တတိယမြောက် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦး သေဆုံးကြောင်း အမေရိကန်စစ်ဘက်က ပြောကြားသည်။ ထို့ပြင် အမေရိကန်တပ်ဖွဲ့ဝင်တစ်ဦးမှာ ဘောဂျီအနီး၌ အင်္ဂါနေ့က လျှပ်စစ်မတော်တဆမှုကြောင့် သေဆုံးသွားခဲ့ပြီး၊ အယ်လ်အန်ဘာပြည်နယ်တွင်လည်း တိုက်ပွဲ၌ အမေရိကန်မရိန်းတပ်ဖွဲ့ဝင်တစ်ဦး သေဆုံးသွားသည်ဟု စစ်ဘက်ဆိုင်ရာက ကြေညာသည်။ **(အင်တာနက်)**

သားအတွက် မဲဆွယ်ရန်ပုံငွေရှာနေသူ ကန်သမ္မတဟောင်း ဂျော့ဘုရှ်အားကန့်ကွက်ဆန္ဒပြ

လန်ဒန် မေ ၂၀

သားဖြစ်သူ ပြန်အရွေးခံရရေး မဲဆွယ်စည်းရုံးမှုအတွက် ငွေကြေးရန်ပုံငွေ အင်္ဂါနေ့က ရှာဖွေစုဆောင်းနေသော ယခင် အမေရိကန်သမ္မတဟောင်း ဂျော့ဘုရှ်အား ဗြိတိသျှလူမျိုးများက ကန့်ကွက်ဆန္ဒပြရာတွင် အမေရိကန်တပ်ဖွဲ့ဝင်များ၏ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသော အီရတ်အကျဉ်းသားများအား စွပ်ပေးသည့် ခေါင်းစွပ်များကို စွပ်ကာ ပြောင်လှောင်ခဲ့ကြသည်။

သမ္မတဂျော့ဒဗလျူဘုရှ်နှင့် ဒုတိယသမ္မတဒစ်ချေနီတို့ နိုဝင်ဘာရွေးကောက်ပွဲ၌ ယှဉ်ပြိုင် အရွေးခံရန်အတွက် ယခင်သမ္မတဟောင်းဂျော့ဘုရှ် ငွေကြေးရန်ပုံငွေစုဆောင်းရာ လန်ဒန်ဟိုတယ်အပြင်ဘက်၌ လူ ၁၅၀ ခန့်သည် ဆန္ဒပြခဲ့ကြသည်။

ကမ္ဘာတစ်ဝန်းတွင် သေဆုံးမှုနှင့် ဖျက်ဆီးမှုကို ဆန့်ကျင်ကန့်ကွက်သောအားဖြင့် မိမိ ဤနေရာတွင် လာရောက်ဆန္ဒပြခြင်းဖြစ်သည်ဟု ဒိဗာမှ ဆရာဝန်တစ်ဦးဖြစ်သူ အင်ဂရစ်ဒေါ့ဒ်က ပြောကြားသည်။

အမ်အင်အေ၊ရိုက်တာ

ဖိလစ်ပိုင်နိုင်ငံ မနီလာမြို့ရှိ အမေရိကန်သံရုံး အပြင်ဘက်တွင် အီရတ်မှ အမေရိကန်နှင့်အပေါင်းပါတပ်များ ထွက်ခွာရန်နှင့် ဖိလစ်ပိုင်တပ်ဖွဲ့ဝင်များ အီရတ်မှ အမြန်ရုပ်သိမ်းရန် တောင်းဆိုဆန္ဒပြနေသူများကို မေ ၂၁ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်နိုင်ငံမှ ဖိလစ်ပိုင်အလုပ်သမားအချို့ နေရပ်သို့ ပြန်ပို့

မနီလာ မေ ၂၁

အီရတ်နိုင်ငံတွင် အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်များတွင် အလုပ်လုပ်နေသော နိုင်ငံခြားသားများကို အကြမ်းဖက်တိုက်ခိုက်မှု အရှိန်မြင့်လာခြင်းကြောင့် ဖိလစ်ပိုင်အာဏာပိုင်များက နောက်ထပ် ဖိလစ်ပိုင်အလုပ်သမား ၃၂ ဦးကို အီရတ်မှနေ၍ ဖိလစ်ပိုင်နိုင်ငံသို့ ကြာသပတေးနေ့က ပြန်ပို့ပေးလိုက်သည်။

အီရတ်နိုင်ငံတွင် ဖိလစ်ပိုင်အစိုးရက အလုပ်သမားများ ပြန်ပို့ရေးဌာနများ ထူထောင်ထားကြောင်း ကြေညာခဲ့ချိန်မှစပြီး ယခုအခါ ဖိလစ်ပိုင်နိုင်ငံသို့ ပြန်ပို့ပေးခဲ့သော ဖိလစ်ပိုင် အလုပ်သမား ၅၇ ဦးရှိကြောင်း အလုပ်သမားဌာန၏ ပင်လယ်ရပ်ခြား အလုပ်သမားများ သက်သာချောင်ချိရေး စီမံအုပ်ချုပ်မှုအဖွဲ့က ပြောကြားသည်။

ဖိလစ်ပိုင်အလုပ်သမားများ နေရပ်ပြန်ပို့ရေးကိစ္စကို အစိုးရအေဂျင်စီက ကူဝိတ်ရှိ ဖိလစ်ပိုင်သံရုံးနှင့် ညှိနှိုင်းဆောင်ရွက်လျက်ရှိရာ လာမည့်ရက်များအတွင်း နောက်ထပ် ဖိလစ်ပိုင်အလုပ်သမားများ အီရတ်မှပြန်လာကြမည်ဖြစ်ကြောင်း ၎င်းက ဆက်လက်ပြောကြားသည်။

အမ်အင်အေ၊ဆင်ဟွာ

ကန်တပ်ဖွဲ့ဝင်များ၏ မတရားနှိပ်စက်ညှဉ်းပန်းသည့် ဓာတ်ပုံများ အီရတ်အကျဉ်းသားများအား နှိပ်စက်မှုကိုစစ်ဆေးရာ၌ ထပ်မံပေါ်ထွက်လာ

ဝါရှင်တန် မေ ၂၀

ဘဂ္ဂဒက်အနီးရှိ အမေရိကန်တပ်ဖွဲ့ဝင်များထိန်းချုပ်ထားသော အကျဉ်းထောင်၌ ဖမ်းဆီးထားသည့် အီရတ်အကျဉ်းသားများကို မတရားနှိပ်စက်မှုအား စုံစမ်းစစ်ဆေးရာတွင် အမေရိကန်တပ်များက မတရားနှိပ်စက်ခဲ့ပုံရသော နောက်ထပ်ဓာတ်ပုံ ၂၄ ပုံ ထပ်မံပေါ်ထွက်လာခဲ့သည်။

ထိုပုံများအနက် ၁၃ ပုံသည် နိုင်ငံတကာဆိုင်ရာ လူထုဆက်သွယ်ရေး၌ ဖော်ပြပြီးသော ပုံများဖြစ်သော်လည်း ၁၁ ပုံမှာ ယခင်စစ်ဆေးမှုများတွင် မဖော်ပြရသေးသော ပုံများဖြစ်ကြောင်း အထက်လွှတ်တော် လက်နက်ကိုင်တပ်များကော်မတီသို့ ပင်တဂွန်က ပေးပို့သည့်စာ၌ ဖော်ပြထားသည်။

ရှာတွေ့

ယင်းဓာတ်ပုံများသည် အီရတ်ရှိ ရာဇဝတ်မှုစုံစမ်းစစ်ဆေးရေး ဌာနချုပ်သို့ပေးသော ဓာတ်ပုံများဖြစ်ကြောင်း ကာကွယ်ရေးဌာန ဒုတိယဝန်ကြီးပါဝဲလ်မိုးက ပြောကြားသည်။ စုံစမ်းစစ်ဆေးမှု၏ အဖြေများကို ကော်မတီသို့အသိပေးမည်ဟု ၎င်းက ပြောကြားသည်။ ကော်မတီဥက္ကဋ္ဌအဖြစ် ဆောင်ရွက်သော ဗာဂျီးနီးယားပြည်နယ် ရီပတ်ဘလစ်ကင် အထက်လွှတ်တော်အမတ် ဂျွန်ဝါနာက ပင်တဂွန်သည် နောက်ထပ်ဓာတ်ပုံများကို ရှာတွေ့ခဲ့ကြောင်း ပြောဆိုခဲ့သော်လည်း ထိုအချိန်က အခြားသတင်းများကို မိမိမသိခဲ့ရကြောင်း ပြောကြားသည်။

တုန်လှုပ်

ကွန်ဂရက်အမတ်များသည် စုံစမ်းစစ်ဆေးမှုမှ ဓာတ်ပုံ ၁၆၀၀ ကျော်ကို ပြီးခဲ့သည့်အပတ်က တွေ့မြင်ခဲ့ကြရာ တုန်လှုပ်ချောက်ချားခဲ့ကြောင်း ပြောဆိုခဲ့ကြသည်။ **အမ်အင်အေ၊ရိုက်တာ**

အီရတ် ၁၀ ဦးလျှင် ကိုးဦးက ကန်တို့အား ကျူးကျော်သူများအဖြစ်ရှုမြင်

လန်ဒန် မေ ၂၁

အီရတ်သုတေသနနှင့် မဟာဗျူဟာလေ့လာရေးဌာနက ပြုလုပ်ခဲ့သော လူထုသဘောထားအမြင်စစ်တမ်းတွင် အီရတ် ၁၀ ဦးလျှင်ကိုးဦးက အမေရိကန်တပ်ဖွဲ့ဝင်များအား လွတ်မြောက်စေသူ သို့မဟုတ်ငြိမ်းချမ်းရေးထိန်းသိမ်းသူများအဖြစ်မြင်ရမည့်အစား ကျူးကျော်သူများအဖြစ်သာ ရှုမြင်ကြသည်ဟု ဗြိတိသျှသတင်းစာ ဖိုင်နင်ရှယ်တိုင်းမ်က ကြာသပတေးနေ့၌ ကိုးကားဖော်ပြလိုက်သည်။

သဘောထားအမြင် ကောက်ယူခဲ့သော အီရတ် ၁၆၀၀ အနက် ထက်ဝက်ကျော်က အမေရိကန်ဦးဆောင်သော အပေါင်းပါတပ်ဖွဲ့ဝင်များ အီရတ်မှ ထွက်ခွာသွားစေလိုကြောင်း၊ အောက်တိုဘာလ၌ပြုလုပ်သော လေ့လာမှု၌ ၂၀ ရာခိုင်နှုန်းခန့်က ထွက်သွားစေလိုကြောင်း သတင်းစာက ကိုးကားဖော်ပြသည်။

ကောက်ယူ

ယင်းသဘောထားစစ်တမ်းကို အီရတ်အကျဉ်းသားများအား အမေရိကန်တပ်ဖွဲ့ဝင်များက ညှဉ်းပန်းနှိပ်စက်သည့် ဓာတ်ပုံများအား လူထုသို့မပြမီ ကောက်ယူခဲ့ခြင်းဖြစ်သည်။

ဖော်ပြ

အီရတ်တို့သည် အမေရိကန်တို့၏ လုပ်ဆောင်ချက်နှင့် ပေးခဲ့သည့်ကတိများ ဆန့်ကျင်ဘက်ဖြစ်မှုကို အစဉ်သဖြင့် ယှဉ်ကြည့်ခဲ့ကြပြီး ယခုအခါအမေရိကန်တို့အပေါ် ယုံကြည်မှုကွာဟချက်သည် ပိုကျယ်ပြန့်လာခဲ့သည်ဟု သတင်းစာက အဆိုပါသုတေသနဌာန အကြီးအကဲ၏ ပြောစကားကို ကိုးကားဖော်ပြခဲ့သည်။ **အမ်အင်အေ၊ရိုက်တာ**

ဘဂ္ဂဒက်မြို့အနီး တိုက်ဂရစ်မြစ်ပေါ်တွင် မေ ၂၁ ရက်က ကင်းလှည့်ပျံသန်းနေသော အမေရိကန် ဘလက်ဟော့ခ်စစ်ရဟတ်ယာဉ်တစ်စင်းကို တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဆာဒါ၏တပ်ဖွဲ့ဝင်များနှင့် ကန်တပ်ဖွဲ့ဝင်များ နာဂျက်ဖ်မြို့၌ ညလုံးပေါက်တိုက်ပွဲများဖြစ်ပွား

ဘဂ္ဂဒက် မေ ၂၂

အမေရိကန်တပ်ဖွဲ့ဝင်များနှင့် အယ်လ်ဆာဒါ၏ အီရတ်ခုခံတိုက်ခိုက်ရေးသမားများ နာဂျက်ဖ်၌ ညလုံးပေါက်တိုက်ပွဲဖြစ်ပွားစဉ် အမေရိကန်တပ်ဖွဲ့ဝင်များသိမ်းထားသော ကျောင်းဝန်းတစ်ခု ဒုံးကျည်ဖြင့် ပစ်ခတ်ခြင်းခံခဲ့ရသည်ဟု အမေရိကန်တပ်ဖွဲ့ဝင်များနှင့် နီးစပ်သော သတင်းရပ်ကွက်တစ်ခုက ကြာသပတေးနေ့၌ ပြောကြားသည်။

နာဂျက်ဖ်မြို့လယ်ရှိ ဘာသာရေးအဆောက်အအုံမှ ကီလိုမီတာ အနည်းငယ်ဝေးသော အဆိုပါကျောင်းဝန်းအတွင်းသို့ ကက်ယူရှားဒုံးကျည်တစ်စင်း ကျရောက်ခဲ့ကြောင်း ယင်းသတင်းရပ်ကွက်က ပြောကြားသည်။

တိုက်ခိုက်

ထိခိုက်သေဆုံးမှုများရှိသည်ဟု ၎င်းက ပြောကြားသော်လည်း အသေးစိတ်ကို ၎င်းက မပြောကြားနိုင်ဘဲရှိသည်။ မျက်မြင်တွေ့ရှိသူများနှင့် ဆေးရုံသတင်းရပ်ကွက်များက တိုက်ပွဲတွင် အီရတ်ခြောက်ဦးထက်မနည်း သေဆုံးကြောင်း ပြောဆိုကြသည်။ ဆာဒါ၏ မီဒီတပ်ဖွဲ့ဝင်များက အမေရိကန်တပ်ဖွဲ့ဝင်များကို ဒုံးပစ်လောင်ချာများဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့ပြီးနောက် မြို့တွင်းရှိ အမေရိကန်စစ်ဘက်နှင့် အရပ်ဘက်ဌာနချုပ်အပြင် မြို့တော်ခန်းမအနီး မြို့တွင်း၌ ပေါက်ကွဲသံများကြားရကြောင်း နာဂျက်ဖ်မြို့ရှိ ဒေသခံတစ်ဦးက ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဆန္ဒပြ

တောင်ကိုရီးယားနိုင်ငံ ဆိုးလ်မြို့ရှိ အမေရိကန်သံရုံးရှေ့တွင် အမေရိကန်ဆန့်ကျင်ရေးနှင့် အီရတ်သို့ တောင်ကိုရီးယားတပ်ဖွဲ့ဝင်များ စေလွှတ်ရေးအစီအစဉ်ကို ရပ်ဆိုင်းရန် တောင်းဆိုဆန္ဒပြနေသူများကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

အီရတ်အကျဉ်းသားများကို ကန်တပ်ဖွဲ့ဝင်များနှိပ်စက်မှု အပစ်အခတ်ရပ်စဲရေး သဘောတူချက်ပျက်ပြားစေနိုင်

ဖော်လူဂျာ မေ ၂၁

အီရတ်လူမျိုးများကို မတရားညှဉ်းပန်းနှိပ်စက်မှုဖြင့် တရားစွဲခံနေရသော အမေရိကန်စစ်ရဲတပ်ဖွဲ့ဝင်တစ်ဦးအား တရားရုံး၌ စစ်ဆေးသည်ကို ရုပ်မြင်သံကြားမှ ဗုဒ္ဓဟူးနေ့က ထုတ်လွှင့်ခဲ့ရာ ဝိုင်းအုံနားထောင်ကြည့်ရှုခဲ့ကြသော အမေရိကန်မရိန်းတပ်ဖွဲ့ဝင်များက ယင်းတုန်လှုပ်ချောက်ချားစေသော အမှုကိစ္စသည် ပြောက်ကျားတို့နှင့်ရရှိထားသော အပစ်ရပ်စဲရေး သဘောတူချက်ကို ပျက်ပြားမှုဖြစ်စေနိုင်သည်ဟု သတိပေးပြောကြားကြသည်။

လူအများသည် ရုပ်မြင်သံကြားကို ကြည့်ကြမည်ဖြစ်ကြောင်း၊ အီရတ်၌ အမေရိကန်တို့၏ လုပ်ဆောင်ချက်များကို တွေ့ကြရမည်ဖြစ်ကြောင်း ဖော်လူဂျာမြို့ပြင်၌ရှိသော အမေရိကန်စစ်ဘက်ဆိုင်ရာ အခြေစိုက်စခန်း၌ စစ်ခုံရုံးက ထိုအမှုအား စစ်ဆေးသည်ကို စီအင်န်အင်န်က ထုတ်လွှင့်ပြသခဲ့ရာ ထိုထုတ်လွှင့်ချက်ကို ကြည့်နေသော အမေရိကန်တပ်ဖွဲ့ဝင် ရောဘတ်တင်မ်မွန်က ပြောကြားသည်။

လမ်းဘေးပုံးများအနှံ့ရှိသော အဝေးပြေးလမ်းမကြီး၌ နေ့စဉ်ကင်းလှည့်ရသော မရိန်းတပ်ဖွဲ့ဝင်များက ၎င်းတို့ကို ထိုက်တန်သောအပြစ်ပေးရမည်ဖြစ်ကြောင်း၊ ၎င်းတို့ကြောင့် မိမိတို့မကောင်းဖြစ်ရကြောင်း၊ ၎င်းတို့ကို မိမိတို့က လုံးဝသနားကြင်နာခြင်းမရှိကြောင်း ပြောဆိုခဲ့ကြသည်။

အမေရိကန်တပ်ဖွဲ့ဝင်များ၏ မတရားနှိပ်စက်မှုများသည် မိမိတို့အား သေတွင်းသို့ ပို့ခြင်းဖြစ်ကြောင်း၊ အကြမ်းဖက်သမားများက ကလဲ့စားချေကြမည်ဖြစ်ကြောင်း အမေရိကန်တပ်ဖွဲ့ဝင် တပ်ကြပ်ဒေါ်နယ်လ်ဂျော်ဒန်က ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

မိမိသေလျှင်သော်မှ အမေရိကန်တို့အား ဆက်လက်တိုက်ပွဲဝင်ရန် အီရတ်ခေါင်းဆောင်အယ်လ်ဆာဒါက ထောက်ခံသူများကိုပြောကြား

ကူဖာ(အီရတ်) မေ ၂၂

အီရတ်မြို့ကြီးများတွင် အမေရိကန်တပ်ဖွဲ့ဝင်များကို စစ်ပွဲဆင်နွှဲနေသော တိုက်ခိုက်ရေးသမားများ၏ခေါင်းဆောင် မွတ်တာဒါ အယ်လ်ဆာဒါက မိမိသေလျှင်သော်မှ အမေရိကန်တပ်ဖွဲ့ဝင်များအား ဆက်လက်တိုက်ပွဲဝင်သွားကြရန် သောကြာနေ့က ၎င်းအား ထောက်ခံသူများကို ပြောကြားလိုက်သည်။

ခုခံတိုက်ခိုက်မှုပြီးဆုံးစေဖို့အတွက် မိမိသေဆုံးခြင်း မဖြစ်ပါစေနှင့်၊ တိုက်ပွဲကို ဆက်တိုက်ပါ၊ အောင်ပွဲရပါလိမ့်မည်ဟူ၍ ဆာဒါက နာဂျက်ဖ်အနီး ကူဖာမြို့၌ ပြောကြားခဲ့သည်။

ချစ်မြတ်နိုး

မိမိတပ်ဖွဲ့ဝင်များအားလုံးသည် တရားနည်းလမ်းကျသော တပ်ဖွဲ့ဝင်များဖြစ်ကြပြီး မတရားမှုကို ဆန့်ကျင်သည့် ခုခံတိုက်ခိုက်ရေးသမားများကို ချစ်မြတ်နိုးသူများဖြစ်ကြောင်း ၎င်းက ပြောကြားသည်။

ရှိနေ

ဆာဒါက အမေရိကန်တပ်များကို မိမိစတင်၍ ခုခံတော်လှန်ခဲ့ချိန်မှစပြီး နာဂျက်ဖ်မြို့ထဲ၌ မိမိရှိနေခဲ့ကြောင်းနှင့် သောကြာနေ့တိုင်း ကူဖာသို့ အသွားမပျက်ကြောင်း ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ရေကြောင်းလုံခြုံရေးပူးပေါင်းရန် စင်ကာပူပြောကြား

စင်ကာပူ မေ ၂၁

ဒေသနှင့် ကျွန်းနိုင်ငံဖြစ်သော စင်ကာပူအတွက် အလွန်အရေးပါသော ရေကြောင်းသွားလာမှုလုံခြုံရေးအာမခံချက်ရှိရန် နိုင်ငံပေါင်းစုံ ပူးပေါင်းဆောင်ရွက်ရေးသည် အရေးကြီးကြောင်း စင်ကာပူက ကြာသပတေးနေ့တွင် ပြောကြားသည်။

ရေကြောင်း၊ လေကြောင်းနှင့် ကုန်းကြောင်းတွင် အကြမ်းဖက်မှုကို နှိပ်နင်းရေးသည် နိုင်ငံတကာပူးပေါင်းကြိုးပမ်းမှုတစ်ရပ်အဖြစ် လိုအပ်ချက်ဖြစ်ရာ ယခုအခါသည် အရေးယူဆောင်ရွက်ရမည့်အခါဖြစ်သည်ဟု စင်ကာပူနိုင်ငံ၌ ကြာသပတေးနေ့က ကျင်းပသော ပင်လယ်ရေကြောင်း လုံခြုံရေးညီလာခံ၌ စင်ကာပူ ဒုတိယဝန်ကြီးချုပ်နှင့် လုံခြုံရေးနှင့် ကာကွယ်ရေး ညှိနှိုင်းဆောင်ရွက်မှု ဝန်ကြီး တိုနီတန်က ပြောကြားသည်။ **အမ်အင်အေ၊ဆင်ဟွာ**

ဘဂ္ဂဒက်မြို့တွင် ကားဗုံးပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိခဲ့သော အီရတ်ကလေးငယ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအဘိုး ၁၀၉ နှစ်အရွယ်၌ သေဆုံး

တိုကျို မေ ၂၂

ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအဘိုး ကာမီနီနာကာမူရာသည် အသက် ၁၀၉ နှစ်တွင် အိုကီနာဝါစီရင်စုရှိ ဆေးရုံ၌ ကြာသပတေးနေ့က သေဆုံးသွားခဲ့သည်။

အဘိုးနာကာမူရာအား ၁၈၉၄ ခုနှစ်တွင် ချိနင်ကျေးရွာ၌ မွေးဖွားခဲ့သည်။ ၎င်းသည် အသက် ၇၀ အရွယ်အထိ လယ်ယာစိုက်ပျိုးရေးလုပ်ကိုင်ခဲ့သည်။

အသက် ၁၁၄ နှစ်ရှိ ယူကီချီချူဂန်ကျီသည် ပြီးခဲ့သည့်စက်တင်ဘာလ၌ သေဆုံးသွားသည့်အခါ ၎င်းအသက် ၁၀၈ နှစ်၌ ဂျပန်နိုင်ငံ၏ အသက်အကြီးဆုံးအဘိုး ဖြစ်လာခဲ့သည်။ **အမ်အင်အေ၊ဆင်ဟွာ**

အီရတ်၌ အနောက်အုပ်စုတပ်များရှိနေမှု တီဟီရန်ရှိ ဗြိတိသျှသံရုံးကို ဝိုင်းဝန်းဆန္ဒပြ

တီဟီရန် မေ ၂၂

အီရတ်နိုင်ငံတွင် အနောက်အုပ်စုတပ်များရှိနေခြင်းကို ကန့်ကွက်ဆန္ဒပြရာတွင် တီဟီရန်မြို့ရှိ ဗြိတိသျှသံရုံးအား ဆန္ဒပြသူများက ဝိုင်းဝန်းကာ ဓာတ်ဆီဗုံးများ၊ ကျောက်ခဲများဖြင့် သောကြာနေ့က ပစ်ပေါက်ခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားကြသည်။

ယင်းသို့ သောကြာနေ့က ဆန္ဒပြကြခြင်းသည် တစ်ပတ်အတွင်း တတိယအကြိမ်ဖြစ်သည်ဟု ဆိုသည်။ ဓာတ်ဆီဗုံးသည် သံရုံးအပြင်ဘက်၌ ကျရောက်ခဲ့သည်ဟု မျက်မြင်တွေ့ရှိသူများက ပြောကြားသည်။ ဗြိတိသျှသံရုံးသည် မကြာမီရက်များအတွင်း၌ စစ်ဆန့်ကျင်ဆန္ဒပြသူများ စုရုံးဆန္ဒပြရာ နေရာဖြစ်လာခဲ့သည်။

အစောပိုင်း၌ အီရတ်နိုင်ငံအား သိမ်းပိုက်မှုကို အစိုးရကကြီးမှူးလျက် နိုင်ငံအနှံ့တွင် ဆန့်ကျင်ဆန္ဒပြပွဲများ ကျင်းပခဲ့ရာ လူထောင်ပေါင်းများစွာ ပါဝင်ခဲ့ကြပြီး အမေရိကန်ကျဆုံးပါစေ၊ ဗြိတိန်ကျဆုံးပါစေဟု အော်ဟစ်ခဲ့ကြသည်။ သောကြာနေ့က ဆန္ဒပြရာတွင် လူ ၅၀၀ ခန့်သည် ဗြိတိသျှသံရုံးအပြင်ဘက်၌ စုရုံးခဲ့ကြသည်။

ထိုသို့ ဆန္ဒပြရာ၌ ဗြိတိသျှသံရုံး ချက်ချင်းပိတ်ပစ်ရန် ဆန္ဒပြလူအုပ်ကြီးက အော်ဟစ်တောင်းဆိုခဲ့ကြသည်ဟု မျက်မြင်တွေ့ရှိသူများက ပြောဆိုကြသည်။ မိမိတို့သည် အီရတ်တွင် အထွတ်အမြတ်နေရာများကို ကာကွယ်ရန်အတွက် မိမိတို့၏အသက်များကို စွန့်လွှတ်ရန်အသင့်ရှိကြောင်း ဆန္ဒပြသူအချို့က အော်ဟစ်ခဲ့ကြသည်။ သြဇာတိက္ကမရှိသော အီရန်သမ္မတဟောင်း အက္ကဘာဟာရှိမီရာဖ်ဆန်ဂျာနီက အီရတ်တောင်ပိုင်းရှိ အထွတ်အမြတ်နေရာအချို့သို့ အမေရိကန်တပ်များ ကျူးကျော်ဝင်ရောက်ခြင်းကို ပြစ်တင်ရှုတ်ချခဲ့သည်။ ကာဘာလာနှင့် နာဂျက်ဖ်မြို့များထဲသို့ အမေရိကန်တို့ဝင်ရောက်ခြင်းသည် အမှားကျူးလွန်ခြင်းဖြစ်ကြောင်း ရာဖ်ဆန်ဂျာနီက တီဟီရန်၌ ပြောကြားသည်။ **အမ်အင်အေ၊ရိုက်တာ**

ဘာဆာရာ မြို့ လူနေအိမ် တစ်အိမ်ပေါ်သို့ စိန်ပြောင်း ကျည်ကျရောက်ပေါက်ကွဲမှုကြောင့် မိသားစုဝင်လေးဦး သေဆုံးခဲ့ရသဖြင့် ငိုကြွေးနေသော အီရတ် အမျိုးသမီးများကို မေ ၁၆ ရက် က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘာဆာရာမြို့ လူနေအိမ်တစ်အိမ်ပေါ်သို့ စိန်ပြောင်းကျည်ကျရောက်ပေါက်ကွဲမှုကြောင့် ဒဏ်ရာရရှိသော အီရတ် မိန်းကလေးတစ်ဦး ဘာဆာရာဆေးရုံ၌ ဆေးကုသမှုခံယူနေသည်ကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘဂ္ဂဒက်မြို့ရှိ အီရတ်အုပ်ချုပ်ရေးကောင်စီရုံး ကားဗုံးဖြင့် တိုက်ခိုက်ခံရစဉ် အီရတ်အမျိုးသားတစ်ဦး ဒဏ်ရာရရှိပြီး ရာမောက်ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို မေ ၁၇ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

မေ ၁၅ ရက်က ကာဘာလာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားပြီးနောက် မီးလောင်နေသော ဈေးအတွင်းရှိ ဆိုင်တစ်ဆိုင်မှ အမိုးကို အီရတ်တို့ ဝိုင်းဝန်းဖယ်ရှားနေကြစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဘေးလွတ်ရာသို့ ထွက်ပြေး

အီရတ်နိုင်ငံ ဘဂ္ဂဒက်တောင်ဘက် ကီလိုမီတာ ၁၁၀အကွာရှိ ကာဘာလာမြို့၌ အမေရိကန်တပ်ဖွဲ့ဝင်များနှင့် ပြောက်ကျားတို့ တိုက်ပွဲဖြစ်ပွားမှုကြောင့် ကာဘာလာမြို့ဈေးမှ ကုန်ပစ္စည်းများနှင့်အတူ ဘေးလွတ်ရာသို့ထွက်ပြေးလာသော အီရတ်ကုန်သည်များကို မေ ၁၆ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

ဒဏ်ရာရရှိ

ဘဂ္ဂဒက်မြို့တွင် ဗုံးပေါက်ကွဲမှုဖြစ်ပွားရာ ဒဏ်ရာရရှိခဲ့သော အီရတ်တစ်ဦး ဆေးရုံ၌ ဆေးကုသမှုခံယူနေရသည်ကို မေ ၂၂ ရက်က တွေ့ရစဉ်။ (ဓာတ်ပုံ-အင်တာနက်)

တိုးတက်သစ်လွင် မြန်ပြည်တစ်ခွင်



နမ့်တိန်ချောင်းကူး ညီနောင်တံတား

ရှမ်းပြည်နယ်(မြောက်ပိုင်း) 'ကိုးကန့်'ဒေသ နှင့်'ဝ'ဒေသ ဆက်သွယ်ပေးထားသော နမ့်တိန်ချောင်းကူး ညီနောင်တံတား(ယာပုံ)ကို တည်ဆောက်ပေးခဲ့ပြီဖြစ်၍ နယ်စပ်ဒေသ ဆက်သွယ်သွားလာမှု လွယ်ကူချောမွေ့နေပြီ ဖြစ်သည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နန့်တစ်ဆေးရုံ

ရှမ်းပြည်နယ်(မြောက်ပိုင်း) နန့်တစ်မြို့တွင် ပြည်သူ့ဆေးရုံကို တည်ဆောက်ထားပြီး ဒေသခံ တိုင်းရင်းသားပြည်သူများအား ကျန်းမာရေး စောင့်ရှောက်မှု ပေးလျက်ရှိသည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

နယ်စပ်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
မြေလမ်း (မိုင်)	-	၂၈၁၂
ကျောက်ခင်းလမ်း (မိုင်)	-	၁၆၈၃
ကတ္တရာလမ်း (မိုင်)	-	၃၀၉
တံတား(အကြီး)	-	၄၃
ဆေးရုံ	-	၈၂
အခြေခံပညာကျောင်း	-	၇၈၂
ရေရရှိရေး(ကျေးရွာ)	-	၇၇၆၀

ကျေးလက်ဒေသဖွံ့ဖြိုးရေး

အကြောင်းအရာ	၁၉၈၈	၂၀၀၄
အခြေခံပညာကျောင်း	-	ကျေးရွာငါးရွာတွင် အနည်းဆုံး ကျောင်း၃ကျောင်း
ကျေးလက်ကျန်းမာရေးဌာန	၁၃၃၇	၁၄၀၄
ကျေးလက်အိမ်ရာ	-	၃၉၅
ကျေးလက်ရေရရှိရေး(ရွာ)	-	၅၀၂၄
ကျေးလက်လမ်းမိုင်	-	၃၅၂၉
စိုက်ပျိုးမွေးမြူရေး (ကြက်၊ ဝက်)	-	ပြည်နယ်တိုင်းတစ်ခုစီတွင် မြို့နယ်နှစ်ခုမှ လေးခုအထိ သတ်မှတ်၍ စခန်း ၃၄ခု

နယ်စပ်နှင့် ကျေးလက်ဒေသ ဖွံ့ဖြိုးရေး



စက်ရေတွင်းတူးဖော်

မကွေးတိုင်း ချောက်မြို့နယ် ပြည့်ပင်ကျေးရွာရှိ ကျေးလက်နေပြည်သူများ သောက်သုံးရေရရှိရေးအတွက် စည်ပင်သာယာရေးဦးစီးဌာနက စက်ရေတွင်း တူးဖော်၍ လိုအပ်ချက်ကို ဖြည့်ဆည်းပေးခဲ့သည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ချိန်းချောင်းတံတား

ကျေးလက်နေပြည်သူ များ လမ်းပန်းဆက်သွယ်မှု လွယ်ကူချောမွေ့စေရေးအတွက် နိုင်ငံတော်က မွန်ပြည်နယ် ဘီးလင်းမြို့နယ်နှင့် ဇုတ်သုတ်ကျေးရွာကို ဆက်သွယ်သည့် ချိန်းချောင်းတံတားကို ဤသို့ဆောက်လုပ်ပေးထားသည်။

(ဓာတ်ပုံ-နယ်စပ်/စည်ပင်)

ပညာရေးဖြင့် ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးတည်ဆောက်အံ့

✻ ရှေ့ဖုံးမှ

ညှိနှိုင်းအစည်းအဝေးသို့ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီးမြတ်ဟိန်း၊ အစိုးရအဖွဲ့အဖွဲ့ဝင် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ကာကွယ်ရေးဝန်ကြီးဌာနမှ တပ်မတော်အရာရှိကြီးများ၊ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာ တက္ကသိုလ်တို့မှ ပါမောက္ခချုပ်များ၊ ဒုတိယပါမောက္ခချုပ်များနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ရှေးဦးစွာ မြန်မာနိုင်ငံပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့ကို နိုင်ငံတော်အကြီးအကဲဗိုလ်ချုပ်မှူးကြီးသန်းရွှေ၏ လမ်းညွှန်ချက်များနှင့်အညီ တည်ထောင်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း။

တစ်ပြိုင်တည်း

သုံးနှစ်မျှသော အချိန်တိုကာလအတွင်း တက္ကသိုလ်နှစ်ခု၏ အဆောက်အအုံများ တည်ဆောက်ရေးအပါအဝင် ရုပ်ဝတ္ထုပစ္စည်းများ ထူထောင်ပေးမှုလုပ်ငန်းများ၊ သင်ကြားရေး၊ ဘဏ္ဍာရေး၊ သင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများဖြည့်ဆည်းပေးမှုလုပ်ငန်းများကို တစ်ပြိုင်တည်း အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ကူညီပံ့ပိုး

သို့ဖြစ်၍ ဤတက္ကသိုလ်နှစ်ခုကို အသီးသီးတာဝန်ယူထားကြသည့် ပို့ဆောင်ရေးဝန်ကြီးဌာနနှင့် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာနတို့က တက္ကသိုလ်များ ရည်မှန်းချက်နှင့်အညီတိုးတက်ဖြစ်ထွန်းရေးအတွက် ဆက်လက်ပြီးအရှိန်အဟုန်မပျက် အကောင်အထည်ဖော်ကြိုးပမ်းဆောင်ရွက်သွားကြရန်နှင့် ဆက်စပ်ပတ်သက်သည့်ဝန်ကြီးဌာနများ၊ ဖွဲ့စည်းပေးထားသည့် ကော်မတီများကလည်း လိုအပ်သည်များ ဆက်လက်ကူညီပံ့ပိုးဆောင်ရွက်သွားကြရန်လိုအပ်ကြောင်း။

အရေးပါသည့်တက္ကသိုလ်ဖြစ်

ဤတက္ကသိုလ်ကြီးနှစ်ခုသည် နိုင်ငံတော်၏ အနာဂတ်တွင် စက်မှုနိုင်ငံကြီး ထူထောင်ရေးအတွက် လိုအပ်နေသော ပညာရှင်များကို ပြုစုပျိုးထောင် မွေးထုတ်ပေးသွားမည်ဖြစ်ရာ နိုင်ငံတော်အတွက် အလွန်အရေးပါသည့် တက္ကသိုလ်ကြီးများပင် ဖြစ်ကြောင်း။

နိုင်ငံတော်အစိုးရအနေဖြင့်လည်း ဤတက္ကသိုလ်ကြီးများမှ ပေါ်ထွန်းလာမည့် ဘွဲ့ရလူငယ်များအတွက် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ထိုက်တန်စွာပါဝင်ဆောင်ရွက်နိုင်မည့် အစီအမံများ စီမံထားရှိပြီးဖြစ်ကြောင်း။

ပညာရှင်များမွေးထုတ်

ဤကဲ့သို့ နိုင်ငံတော်အစိုးရက မြင့်မားသော ရည်မှန်းချက်များဖြင့် ထူထောင်ပေးထားသော တက္ကသိုလ်ကြီးများဖြစ်သည်နှင့်အညီ တာဝန်ရှိသူအသီးသီးနှင့် ဆရာ ဆရာမများအားလုံးတို့က နိုင်ငံတော်၏ မျှော်မှန်းချက်၊ ရည်မှန်းချက်များ အောင်မြင်ပြည့်မြောက်စေရေးအတွက် မိမိတို့တက္ကသိုလ်များကို နိုင်ငံတကာတက္ကသိုလ်ကြီးများ၏ ဂုဏ်အင်္ဂါရပ်များနှင့် ပြည့်စုံသည့် တက္ကသိုလ်ကြီးများဖြစ်အောင်၊ အရည်အသွေးမြင့်မားသည့် ပညာရှင်များ ပြုစုပျိုးထောင် မွေးထုတ်ပေးနိုင်စေရအောင် တက်ညီလက်ညီ ကြိုးပမ်းဆောင်ရွက်သွားကြရန် ပြောကြားသည်။

ထို့နောက် ပို့ဆောင်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်လှမြင့်ဆွေက မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်၏ သင်ကြားရေး၊ စီမံခန့်ခွဲရေးနှင့် ဝန်ထမ်းရေးရာကိစ္စရပ်များကို လည်းကောင်း၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပထမဆင့် တည်ဆောက်ရေးလုပ်ငန်းများနှင့် တက္ကသိုလ်ပင်မဆောင်ဖွင့်လှစ်ခဲ့မှု၊ ဒုတိယဆင့် တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ချိန်ပြီးစီးရေးအတွက် ဆက်လက်ဆောင်ရွက်နေမှု၊ ဆရာဆရာမများအား ပြည်တွင်းပြည်ပသင်တန်းများ ပို့ချပေးမှု၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် ဆက်သွယ်ဆောင်ရွက်နိုင်မှု၊ ရေကြောင်းပညာသိပ္ပံကို မြန်မာနိုင်ငံကုန်သွယ်ရေကြောင်းဒီဂရီကောလိပ် အဖြစ်သို့လည်းကောင်း၊လေကြောင်းပညာသိပ္ပံကို မြန်မာနိုင်ငံမြို့ပြလေကြောင်း ကောလိပ်အဖြစ်သို့လည်းကောင်း အဆင့်တိုးမြှင့်ဖွင့်လှစ်ရန် စီစဉ်ထားမှု၊ အပ်နှင်းမည့်ဒီပလိုမာဘွဲ့နှင့် ဥပဒေရေးရာကိစ္စရပ်များနှင့် စပ်လျဉ်း၍လည်းကောင်းရှင်းလင်းတင်ပြသည်။

ရှင်းလင်းတင်ပြ

ဆက်လက်၍ ပို့ဆောင်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးများဖြစ်ကြသော ဦးဖေသန်းနှင့် ဗိုလ်မှူးကြီးဉာဏ်ထွန်းအောင်၊ မြန်မာနိုင်ငံ ရေကြောင်းပညာတက္ကသိုလ်ပါမောက္ခချုပ် ဦးသိန်းထွန်းတို့က ထူးချွန်ထက်မြက်သော ရေကြောင်းပညာရှင်များ မွေးထုတ်ပေးနိုင်ရေးအတွက် နိုင်ငံတကာအဆင့်မီ သင်ရိုးညွှန်းတမ်းဖြင့် ခေတ်မီသင်ထောက်ကူပစ္စည်းများအသုံးပြုကာ ပြည်တွင်းပြည်ပဆရာ ဆရာမများက စာတွေ့လက်တွေ့သင်ကြားပို့ချပေးနေမှု၊ သင်ကြားမှုဆိုင်ရာ ဖြည့်ဆည်းပံ့ပိုးပေးရန် ကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

ပညာရေးဝန်ကြီးဌာန
ကျောင်းအပ်နှံရေးသီတင်းပတ်
မေလ၏နောက်ဆုံးသီတင်းပတ်
ကျောင်းနေအရွယ်ကလေး ကျောင်းအပ်နှံရေး
ပြည်သူအားလုံးပါဝင်ဆောင်ရွက်ပေး

ယင်းနောက် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးညီလှငယ်က မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်၌ ဖွင့်လှစ်ထားသည့် သင်တန်းများနှင့် သင်တန်းသားဦးရေ၊ သင်ကြားရေးနှင့် စီမံခန့်ခွဲရေးဆိုင်ရာဝန်ထမ်းများ၊ ပြည်ပတက္ကသိုလ်များမှ ဧည့်ပါမောက္ခများဖိတ်ကြား၍ ဘာသာရပ်ဆိုင်ရာ ဆရာ ဆရာမများအား သင်တန်းများပို့ချပေးမှု၊ ခေတ်မီသင်ထောက်ကူပစ္စည်းများ၊ စာအုပ်စာတမ်းများ၊ ဓာတ်ခွဲခန်းသုံးပစ္စည်းများဝယ်ယူဖြည့်တင်းထားမှုနှင့် မြန်မာနိုင်ငံ လေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တည်ဆောက်ရေးဆိုင်ရာကိစ္စရပ်များ၊ ပံ့ပိုးဖြည့်ဆည်းပေးရန်လိုအပ်ချက်များနှင့်စပ်လျဉ်း၍ရှင်းလင်းတင်ပြရာ သိပ္ပံနှင့်နည်းပညာဝန် ကြီးဌာနဝန်ကြီး ဦးသောင်းက ဖြည့်စွက်ရှင်းလင်းတင်ပြသည်။

စက်မှုနိုင်ငံထူထောင်နိုင်ရေး လိုအပ်သောပညာရှင်များ ပြုစုပျိုးထောင် နိုင်ငံ့အကျိုးပြုလုပ်ငန်းများတွင် ထိုက်တန်စွာပါဝင်ဆောင်ရွက်နိုင်ရန်စီမံ

သို့ဖြစ်၍ ယခုအချိန်အခါတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်ကြီးကို ခေတ်မီခံ့ညားထည်ဝါသော အဆောက်အအုံများဖြင့် သန်လျင်မြို့ သီလဝါဒေသ၌ တည်ဆောက်ဖွင့်လှစ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ အလားတူပင် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်ကြီးကိုလည်း မိတ္ထီလာမြို့၌ တည်ဆောက်လျက်ရှိရာ အဆောက်အအုံများအထိုက်အလျောက် ပြီးစီးပြီဖြစ်သဖြင့် အချို့သော သင်တန်းများကို ပြောင်းရွှေ့ဖွင့်လှစ်နိုင်နေပြီဖြစ်ကြောင်း။

စနစ်တကျဆောင်ရွက်

အထူးသဖြင့် သင်ကြားရေးအပိုင်းတွင် နိုင်ငံတကာအဆင့်မီသင်ရိုးညွှန်းတမ်းများဖြစ်စေရေး၊ အရည်အချင်းပြည့်ဝပြီး အတွေ့အကြုံရင့်ကျက်သည့်ဆရာများ အလုံအလောက်ရရှိရေး၊ ခေတ်မီသင်ကြားမှုသင်ယူမှု အထောက်အကူပြုပစ္စည်းများ၊ လေ့ကျင့်ရေးပစ္စည်းများ၊ ရည်ညွှန်းစာအုပ် စာတမ်းများပြည့်ပြည့်စုံစုံရရှိရေးတို့အတွက် ကော်မတီများဖွဲ့စည်းပြီး စနစ်တကျအကောင်အထည်ဖော်ဆောင်ရွက်ခဲ့ကြောင်း။

ယင်းတက္ကသိုလ်များမှ နိုင်ငံတကာအဆင့်မီ ပညာရှင်များလေ့ကျင့်မွေးထုတ်ပေးနိုင်ရေးအတွက် တက္ကသိုလ်ဆရာ ဆရာမများအား ပြည်ပ ပညာတော်သင်စေလွှတ်ခြင်း၊ နိုင်ငံတကာမှအတွေ့အကြုံရင့်ကျက်ပြီး တက္ကသိုလ်များနှင့်ပူးပေါင်းဆောင်ရွက်မှုများ ပြုလုပ်ခြင်း၊ ပြည်ပမှပညာရှင်များက အချိန်ပိုင်းလာရောက်သင်ကြားပို့ချလေ့ကျင့်ပေးစေခြင်းစသည့် ဆောင်ရွက်ဖွယ်လုပ်ငန်းအဝဝကို စနစ်တကျ စီမံဆောင်ရွက်လျက်ရှိကြောင်း။

သို့ရာတွင် မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့် အာကာသပညာတက္ကသိုလ်တို့မှာ သက်တမ်းနုနယ်လှသေးသဖြင့် ရင့်ကျက်သည့်တက္ကသိုလ်များအဖြစ် ခိုင်ခိုင်မာမာ ဖြစ်ထွန်းလာစေရေးအတွက် ဆက်လက်ဖြည့်ဆည်း ဆောင်ရွက်ပေးဖွယ်ရာများ များစွာရှိနေသေးကြောင်း။

ဖြည့်စွက်အကြံပြုရှင်းလင်း

ဆက်လက်၍ ကာကွယ်ရေးဦးစီးချုပ်(ရေ)ဗိုလ်ချုပ်စိုးသိန်း၊ ကာကွယ်ရေးဦးစီးချုပ်(လေ) ဒုတိယဗိုလ်ချုပ်ကြီး မြတ်ဟိန်း၊ ကာကွယ်ရေးဝန်ကြီးဌာနမှ ဗိုလ်ချုပ်အောင်လှိုင်နှင့် အစည်းအဝေးသို့တက်ရောက်လာကြသည့် ဝန်ကြီးများ၊ ဒုတိယဝန်ကြီးများနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက မြန်မာနိုင်ငံရေကြောင်းပညာတက္ကသိုလ်နှင့် မြန်မာနိုင်ငံ လေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့နှင့်စပ်လျဉ်း၍ ဖြည့်စွက်အကြံပြုရှင်းလင်းတင်ပြကြသည်။

ရှင်းလင်းတင်ပြချက်များနှင့်စပ်လျဉ်း၍ မြန်မာနိုင်ငံ ပညာရေးကော်မတီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးပြီး နိဂုံးချုပ်အမှာစကားပြောကြားရာတွင် မြန်မာနိုင်ငံရေကြောင်းပညာ တက္ကသိုလ်နှင့် မြန်မာနိုင်ငံလေကြောင်းနှင့်အာကာသပညာတက္ကသိုလ်တို့ကို ဖွဲ့စည်းထူထောင်လာခဲ့သည်မှာ သုံးနှစ်ခန့်ကာလရောက်ရှိခဲ့ပြီဖြစ်သဖြင့် မျှော်မှန်းချက်များ အတော်အတန်ခရီးရောက်နေပြီဟု တာဝန်ရှိသူအသီးသီး၏ ရှင်းလင်းတင်ပြချက်များအရ သုံးသပ်ရရှိနိုင်ကြောင်း။

အရှိန်အဟုန်မပျက်ကြိုးပမ်း

ဤတက္ကသိုလ်ကြီးများမှာ နိုင်ငံတော်၏ အနာဂတ်အတွက် မျှော်မှန်းပြီး နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ထူထောင်ပေးထားခြင်းဖြစ်သည့်အပြင် စက်မှုနိုင်ငံတော်ကြီး ဖြစ်ထွန်းလာစေရေးအတွက် အလွန်လိုအပ်ပြီး နိုင်ငံတော်အတွက် များစွာအကျိုးဖြစ်ထွန်းစေမည့်ပညာရပ်များကို သင်ကြားလေ့ကျင့်ပေးနေခြင်းဖြစ်ရာ နိုင်ငံတော်၏ မျှော်မှန်းချက်များနှင့်အညီ အရည်အသွေး ပြည့်ဝသည့် ပညာရှင်များ ဤတက္ကသိုလ်ကြီးများမှ ပေါ်ထွန်းလာစေရေးအတွက် တာဝန်ရှိသူများအားလုံးက အရှိန်အဟုန်မပျက် ကြိုးပမ်းဆောင်ရွက်ကြရန်မှာကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ရေကြောင်း ပညာတက္ကသိုလ်

သန်လျင်မြို့နယ် သန်လျင်-ကျောက်တန်းဒေသ ဖွံ့ဖြိုးရေးဇုန်၌ ပို့ဆောင်ရေး ဝန်ကြီးဌာနက တည်ဆောက်ခဲ့သည့် မြန်မာနိုင်ငံ ရေကြောင်း ပညာတက္ကသိုလ် အဆောက်အအုံကို ဤသို့တွေ့ရသည်။
(ဓာတ်ပုံမှတ်တမ်း-သတင်းစဉ်)



နိုင်ငံတော်ဝန်ကြီးချုပ် ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းစစ်ဆေး

ဘက်စုံမွမ်းမံမှုလုပ်ငန်းများ ရေးမူလက်ရာမပျက်ပြုပြင်ရေးနှင့် ရေရှည်ခိုင်ခံ့ရေးဆွေးနွေးမှာကြား

ရန်ကုန် မေ ၂၃

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ရွှေတိဂုံစေတီတော်ရှိ ရှေးဟောင်းဗုဒ္ဓရုပ်ပွားတော်များတန်ဆောင်း၌ကျင်းပရာ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက်၍ ဆွေးနွေးမှာကြားသည်။

အဆိုပါအစည်းအဝေးသို့ ရန်ကုန်တိုင်းအေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်း စစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြင့်ဆွေ၊ ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးဦးစီးကော်မတီဥက္ကဋ္ဌ သာသနာရေးဝန်ကြီးဌာနဝန်ကြီးဗိုလ်မှူးချုပ်သူရမြင့်မောင်၊ ဒုတိယဝန်ကြီးများ၊ လုပ်ငန်းကော်မတီဥက္ကဋ္ဌနှင့် ကော်မတီဝင်များ၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့ဝင်များ တက်ရောက်ကြသည်။

ရှေးဦးစွာ နမောတဿသုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ အစည်းအဝေးကို ဖွင့်လှစ်သည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံ တည်ဆောက်ရေးလုပ်ငန်းကော်မတီဥက္ကဋ္ဌက ရွှေတိဂုံစေတီတော်ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၊ တောင်ဘက်မုခ်အာရုံခံတန်ဆောင်း၊ ဂန္ဓကုဋိတိုက်၊ အနောက်ဘက်မုခ်အာရုံခံတန်ဆောင်း၊ ပန်း၊ ရေချမ်း၊ ဆီမီးတန်ဆောင်း၊ ဗောဓိမဏ္ဍိုင်တန်ဆောင်း၊ ဒေါ်ဒဂုန်ခင်ခင်လေးတန်ဆောင်းနှင့် ဧည့်ခံတန်ဆောင်းများ ပြုပြင်မွမ်းမံမှုလုပ်ငန်းများ၊ ခုနစ်ရက်သားသမီးများ တန်ဆောင်း ပြုပြင်မွမ်းမံမှု လုပ်ငန်း၊ တောင်ဘက်မုခ်ရှိ ကားကွင်းတိုးချဲ့ခြင်း၊ တောင်ဘက်မုခ် ဓာတ်လှေကားပြုပြင်မွမ်းမံမှုလုပ်ငန်း၊ ရှေးဟောင်းကျွန်းတိုင်လုံးများပြကွက်၊ ဝတ္တာကနယ်မြေတိုင်းတာခြင်းလုပ်ငန်း၊ ရှင်ဥပဂုတ္တကန်တော်မင်္ဂလာနှင့် ကျောင်းဆောင်တော် ပြုပြင်မွမ်းမံမှုနှင့် ပတ်ဝန်းကျင်စိမ်းလန်း စိုပြည်ရေးလုပ်ငန်း၊ မြက်ခင်းများအလှပြုပြင်ခြင်းနှင့် နားနေဆောင်များ ဆောက်လုပ်မှုလုပ်ငန်းများကို အသေးစိတ်ရှင်းလင်းတင်ပြသည်။

ဆက်လက်၍ ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့အဖွဲ့ဝင် ဦးကြီးမြင့်နှင့် တာဝန်ရှိသူများက ရွှေတိဂုံစေတီတော်တွင် ဆောင်ရွက်လျက်ရှိသည့် ပုံမှန်လုပ်ငန်း အခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီနာယက နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က ရွှေတိဂုံစေတီတော် ဘက်စုံပြုပြင်မွမ်းမံမှုလုပ်ငန်းများကို ရှေးမူလက်ရာမပျက် ပြုပြင်မွမ်းမံရေး၊ ပြုပြင်မွမ်းမံမှုပြီးစီးသည့်သာသနိက အဆောက်အအုံများကိုလည်း ရေရှည်ခိုင်ခံ့မှုရှိအောင် အခါမလပ်စစ်ဆေးပြီး လိုအပ်သလို ထိန်းသိမ်းမွမ်းမံရေးတို့ကို မှာကြားပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတုသုံးကြိမ်ရွတ်ဆိုဆုတောင်း၍ အစည်းအဝေးကို ရုပ်သိမ်းလိုက်သည်။

ဖူးမြော်ကြည်ညို

အစည်းအဝေးအပြီးတွင် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် အထက်ပစ္စယာ၌ သီတင်းသုံးတော်မူသည့် ပတ္တမြားမြတ်ရှင်ဗုဒ္ဓရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုသည်။

ထို့နောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ဧည့်ခံတန်ဆောင်း၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလနှင့် တိပိဋကဓရ အရှင်ဣန္ဒာစရိယတို့အား ဖူးမြော်ကြည်ညို၍ လှူဖွယ်ပစ္စည်းများကို ဆက်ကပ်လှူဒါန်းသည်။

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းများကို ကြည့်ရှုစစ်ဆေးစဉ်။ (သတင်းစဉ်)

ကြည့်ရှုစစ်ဆေး

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် တောင်ဘက်မုခ်အာရုံခံတန်ဆောင်း၊ စနေထောင့်ရှိ အမှတ် (၇)စေတီ၊ မြောက်ဘက်မုခ်အာရုံခံတန်ဆောင်း၊ ဒေါ်ဒဂုန်ခင်ခင်လေးတန်ဆောင်း၊ အောက်ပစ္စယာရှိ ရှေးဟောင်းကျွန်းတိုင်လုံးများပြကွက်၊ အောင်မင်းအောင်စေတီ ပြုပြင်မွမ်းမံမှုလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာ ယာယီရှင်းလင်းဆောင်၌ FMI ကုမ္ပဏီလီမိတက်မှ ဒါရိုက်တာ ဦးစိုးမြင့်က ရှင်ဥပဂုတ္တကန်တော်မင်္ဂလာနှင့် ကျောင်းဆောင်တော်ပြုပြင်မွမ်းမံတည်ဆောက်နေမှု လုပ်ငန်းများနှင့် ကန်တော်မင်္ဂလာ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ရေး ဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်က လိုအပ်သည်များကို မှာကြားသည်။

ယင်းနောက် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်သည် ရှင်ဥပဂုတ္တကန်တော်မင်္ဂလာပြုပြင်မွမ်းမံတည်ဆောက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။

(သတင်းစဉ်)

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ဧည့်ခံတန်ဆောင်း၌ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ရ တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ရွှေတိဂုံစေတီတော် ထာဝရဘက်စုံပြုပြင်မွမ်းမံရေးလုပ်ငန်းရပ်အဖြစ် ရွှေထီးတော်သစ် တင်လှူပူဇော်ပြီးဖြစ်ရာ တင်လှူပြီးသော ရွှေထီးတော်သစ်ကို အနီးကပ်ဖူးတွေ့ရစဉ်။ (ဓာတ်ပုံမှတ်တမ်း-မြန်မာ့အလင်း)

ရန်ကုန်တောင်ပိုင်းခရိုင် စီမံကိန်းတာဝန်ပေးအပ်

ရန်ကုန် မေ ၂၃

ရန်ကုန်တောင်ပိုင်းခရိုင်၏ ၂၀၀၄-၂၀၀၅ ခုနှစ် စီမံကိန်းတာဝန်ပေးအပ်ပွဲကို ယနေ့နံနက် ၁၀ နာရီတွင် သန်လျင်မြို့ရှိ ရှင်စောပုခန်းမ၌ ကျင်းပရာ ရန်ကုန်တောင်ပိုင်းခရိုင် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က အမှာစကားပြောကြားသည်။

ထို့နောက် ခရိုင်စီမံကိန်းရေးဆွဲရေးဦးစီးဌာန ခရိုင်တာဝန်ခံ ဒေါ်မြင့်မြင့်ခင်နှင့် ခရိုင်စိုက်ပျိုးရေး မန်နေဂျာ ဦးသန်းထွန်းတို့က စီမံကိန်းရည်မှန်းချက်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး ခရိုင်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်ပြည့်က စီမံကိန်းတာဝန်ပေးအပ်လွှာများကို မြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများအား ပေးအပ်ကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေးဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအား မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက ဖျော်ဖြေတင်ဆက်ကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံကိုယ်စားလှယ်များအား တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်

ရန်ကုန် မေ ၂၃

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေးနှင့်သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များ ပျော်ရွှင်ချမ်းမြေ့စွာ စိတ်အပန်းဖြေနိုင်ရေးအတွက် ဖျော်ဖြေရေးအစီအစဉ်များကို နေ့စဉ်ည ၇နာရီမှစတင်၍ ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံအားကစားခန်းမ၌ ဖျော်ဖြေတင်ဆက်လျက်ရှိရာ ယမန်နေ့ညပိုင်းတွင် မြန်မာ့အသံခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များဖြစ်ကြသော လှမြင့်ဝင်း၊ သန်းမြတ်စိုး၊ ပီတာဘသိန်း၊ ရီရီသန့်၊ မီမီဝင်းဖေ၊ ရွှေရည်ဝင်းလက်၊ ရွှေယမင်းဦး၊ တင်တင်မြ၊ တက္ကသိုလ်လှဲ့လှဲ့၊ ခိုင်ဝါ၊ မေဘရဏီခိုင်၊ ခင်နန်းယုထွေး၊ သီတာမိုးနှင့် ကျော်ကျော်ထူးတို့က အမျိုးသားညီလာခံဂုဏ်ပြုတေးဖြစ်သည့် 'လရောင်ဆမ်းမှ လန်းသောပန်း' သီချင်းအပါအဝင် တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်ကြသည်။

ကြည့်ရှုအားပေး

ယင်းသို့ဖျော်ဖြေတင်ဆက်ရာသို့ အမျိုးသားညီလာခံကျင်းပရေးကော်မရှင် အတွင်းရေးမှူး ပြန်ကြားရေးဝန်ကြီး ဌာနဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်း၊ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ တရားသူကြီးချုပ်ဦးအောင်တိုး၊ အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ စာရင်းစစ်ချုပ် ဗိုလ်ချုပ်လွန်းမောင်၊ လုပ်ငန်းကော်မတီ ဒုတိယဥက္ကဋ္ဌ ရှေ့နေချုပ်ဦးအေးမောင်၊ လုပ်ငန်းကော်မတီ အတွင်းရေးမှူး ဦးသောင်းညွန့်နှင့် လုပ်ငန်းကော်မတီဝင်များ၊ စီမံခန့်ခွဲမှုကော်မတီဝင်များ၊ ဆပ်ကော်မတီအသီးသီးမှ ဆပ်ကော်မတီဝင်များ၊ အမျိုးသားညီလာခံကိုယ်စားလှယ်များ တက်ရောက်ကြည့်ရှု နားသောတဆင် အားပေးကြသည်။

တေးသံသာများဖြင့် ဖျော်ဖြေတင်ဆက်အပြီးတွင် အမျိုးသားညီလာခံကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသားညီလာခံကျင်းပရေးကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်ရာ တေးသံရှင် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ လက်ထောက်ညွှန်ကြားရေးမှူး(ဂီတ) ဒေါ်တင်တင်မြက လက်ခံယူသည်။ **(သတင်းစဉ်)**

အမျိုးသားညီလာခံကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ဖျော်ဖြေရေး နှင့် သက်သာချောင်ချိရေး ဆပ်ကော်မတီက အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသော ညီလာခံကိုယ်စားလှယ်များအား မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိ မိုးလုံလေလုံ အားကစားခန်းမ၌ မြန်မာ့အသံ ခေတ်ပေါ်တေးဂီတအဖွဲ့နှင့်တွဲဖက်၍ တေးသံရှင်များက ဖျော်ဖြေ တင်ဆက်ကြပြီး အမျိုးသား ညီလာခံ ကျင်းပရေးကော်မရှင်က ချီးမြှင့်သည့် ဂုဏ်ပြုဆုငွေများကို အမျိုးသား ညီလာခံကျင်းပရေး ကော်မရှင် တွဲဖက်အတွင်းရေးမှူး(၁) ဗိုလ်ချုပ်ခင်အောင်မြင့်က ချီးမြှင့်စဉ်။ (သတင်းစဉ်)

စခန်းအောင်မြင် ညောင်နှစ်ပင်

- ညောင်နှစ်ပင်
  အောင်မြင်မယ့် စခန်း၊
  အမျိုးသားညီလာခံသို့
  တက်ရောက်ရန် အနယ်နယ်မှ
  ကိုယ်စားလှယ် နောင်ညီများတို့
  အားသစ်နှင့် လှမ်း။
- ကိုယ့်တိုင်းပြည် အနာဂတ်အတွက်
  မြင့်မြတ်တဲ့စိတ်ဖြူစင်၊
  ညီလာခံကိုယ်စားလှယ်များ
  ထားကြသည်ပင်၊
  စည်းဝေးလို့ တိုင်ပင်
  တိုင်ပင်လို့ ဆွေးနွေး၊
  သူသိလို ကိုယ်ကပြော
  ကိုယ်သိလို သူကပြော
  သဘော အမြင် အယူအဆတွေလည်း
  တူမျှအောင် ပီတိလှိုင်းနဲ့
  ညှိနှိုင်းကြသေး။
- ဘယ်သူတွေ ဘယ်လိုနှောင့်ပေမယ့်
  မဖောက် မဖျက် ခိုင်ခိုင်မာ၊
  အမျိုးသား အကျိုးစီးပွားအတွက်
  တွဲလက်ညီညာ၊
  တိုင်းရင်းသား စုံလင်စွာ
  ပါဝင်တဲ့ သည်ပွဲ၊
  အတူထာဝရ မှန်းမြင်တဲ့
  မူဝါဒ လမ်းစဉ် (၇)ရပ်ကိုဖြင့်
  မွန်မြတ်စွာ အကောင်အထည်ဖော်ဖို့
  နောင်ညီပျော် အောင်သံကြွေးတယ်
  အောင် တေးသံဝဲ။
- ညောင်နှစ်ပင်
  အောင်မြင်မယ့် စခန်း၊
  အမျိုးသားညီလာခံသို့
  တက်ရောက်ရန် အနယ်နယ်မှ
  ကိုယ်စားလှယ် နောင်ညီများတို့
  အားသစ်နှင့်လှမ်း။ ။

မြင့်မှူးမောင်နိုင်မိုး

အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ အမျိုးသားညီလာခံကျင်းပရေး လုပ်ငန်းကော်မတီ၏ ရှင်းလင်းတင်ပြချက်များအပေါ် အစုအဖွဲ့ အလိုက် လေ့လာဆွေးနွေးနေကြစဉ်။ (သတင်းစဉ်)

အမျိုးသားညီလာခံ ကိုယ်စားလှယ်များ၏ အလုပ်သမား ကိုယ်စားလှယ်များအစုအဖွဲ့နှင့် အခြားဖိတ်ကြားသင့်သည့် ပုဂ္ဂိုလ်များ အစုအဖွဲ့တို့၏ အစုအဖွဲ့ ညှိနှိုင်းဆွေးနွေးပွဲများကို မေ၂၄ရက် (တနင်္လာနေ့)တွင် ရန်ကုန်တိုင်း မှော်ဘီမြို့နယ် ညောင်နှစ်ပင်စခန်းရှိသတ်မှတ်ထားသည့်ဆွေးနွေးပွဲခန်းမများ၌ ကျင်းပကြမည်ဖြစ်ကြောင်း သိရှိရသည်။ **(သတင်းစဉ်)**

▼ ရှေ့ဖုံးမှ

အမျိုးသားညီလာခံ ကိုယ်စားလှယ်များသည် ယနေ့နံနက်စောစောပိုင်းမှစတင်ကာ နေ့စဉ်ဆောင်ရွက်လျက်ရှိသည့် ကိုယ်ကာယကြံ့ခိုင်မှု လေ့ကျင့်ခန်းများပြုလုပ်ခြင်း၊ စားပွဲတင် တင်းနစ်ကစားခြင်း၊ အလေးမခြင်း၊ လမ်းလျှောက်ခြင်း၊ ဂေါက်သီးရိုက်လေ့ကျင့်ရေးကွင်း၌ ဂေါက်သီးရိုက်ကစားခြင်း၊ အမျိုးသား၊ အမျိုးသမီး ကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယလေ့ကျင့်ခြင်း၊ ဘိလိယက်ခန်းမ၌ ဘိလိယက် ကစားခြင်းစသည်တို့ကို မိမိတို့ ကျန်းမာရေးအတွက် ဝါသနာပါရာ အားကစားနည်းအလိုက် စုပေါင်း၍ လည်းကောင်း၊ တစ်ဦးချင်းအလိုက် လည်းကောင်း လေ့ကျင့်လျက်ရှိကြသည်။

ညီလာခံ ကိုယ်စားလှယ်များ ဘိလိယက်ကစား

အမျိုးသားညီလာခံသို့ တက်ရောက်လျက် ရှိကြသည့် ညီလာခံ ကိုယ်စားလှယ်များဘိလိယက်ခန်းမ၌ ဘိလိယက် ကစားလျက် ရှိကြသည်ကို တွေ့ရစဉ်။ (သတင်းစဉ်)



ဖူးမြော်ကြည်ညို

မေ ၂၃ ရက်က နိုင်ငံတော် ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် ရွှေတိဂုံစေတီတော် ထာဝရဘက်စုံ ပြုပြင် မွမ်းမံတည်ဆောက်ရေး ဦးစီးကော်မတီ ညှိနှိုင်းအစည်းအဝေး အပြီးတွင် အထက်ပစ္စယာ၌ သီတင်းသုံးတော်မူသည့် ပတ္တမြားမျက်ရှင် ဗုဒ္ဓ ရုပ်ပွားတော်အား ဖူးမြော်ကြည်ညိုစဉ်။ (သတင်း-၉)

(သတင်းစဉ်)

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား တရုတ်ရုပ်ရှင်ပညာရှင်ကိုယ်စားလှယ်အဖွဲ့ ဂါရဝပြုတွေ့ဆုံ

ရန်ကုန် မေ ၂၃

ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်ကျော်ဆန်းအား မြန်မာနိုင်ငံတွင်လေ့လာရန် ရန်ကုန်မြို့တွင်ရောက်ရှိနေသော တရုတ်ပြည်သူ့သမ္မတနိုင်ငံ ရုပ်ရှင်ပညာရှင်များအသင်းမှ အတွင်းရေးမှူးချုပ် Mrs. Liu Xiuwen ခေါင်းဆောင်သော အဖွဲ့ဝင်လေးဦးပါ တရုတ်ရုပ်ရှင်ပညာရှင်ကိုယ်စားလှယ်အဖွဲ့သည် ယနေ့မွန်းလွဲ ၂နာရီတွင် ရန်ကုန်မြို့ သိမ်ဖြူလမ်းရှိ ပြန်ကြားရေးဝန်ကြီးဌာန ဝန်ကြီးရုံးဧည့်ခန်းမ၌ လာရောက်ဂါရဝပြုတွေ့ဆုံသည်။ **(ယာပုံ)**

တက်ရောက်

ထိုသို့တွေ့ဆုံရာတွင် ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်သိန်း၊ ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ရုပ်ရှင်အစည်းအရုံးမှတာဝန်ရှိသူများ၊ ပြန်ကြားရေးဝန်ကြီးဌာန ရုံးအဖွဲ့မှူးနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးမှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ထိုသို့တွေ့ဆုံရာတွင် တရုတ်-မြန်မာ နှစ်နိုင်ငံ ရုပ်ရှင်နယ်ပယ်အကြား ပူးပေါင်းဆောင်ရွက်မှုတိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

(သတင်းစဉ်)

နယ်ခွဲ့လက်သစ်သို့

သိမ်းငှက်ကြီးက
ကြက်သားအုပ်မကို
ချစ်ပြသည့်ဟန်
လာမကြံနှင့်
အမှန်ဒို့များသိပါ၏။ ။

နွယ်ချို

ကွက်ကျားမိုး

မန္တလေးမြို့နှင့် အနီးတစ်ဝိုက်တွင် ယနေ့ နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း ၈၀ ဖြစ်သည်။

မေ ၂၃ ရက်က အမျိုးသားညီလာခံသို့ တက်ရောက်လျက်ရှိကြသည့် ညီလာခံကိုယ်စားလှယ်များ အမျိုးသား၊အမျိုးသမီးကိုယ်ကာယလေ့ကျင့်ရေးစခန်း၌ ကိုယ်ကာယကြံ့ခိုင်မှုလေ့ကျင့်ခန်းများ လေ့ကျင့်နေကြသည်ကို တွေ့ရစဉ်။ (သတင်း-ရှေ့ဖုံး)

(သတင်းစဉ်)

■ *ကျောဖုံးမှ*

ကြိုးပမ်းဆောင်ရွက်ပေးခဲ့ရာ ကျေးလက်နေ ပြည်သူ ၁၄၅၀၂၆ ဦးတို့သည် သန့်ရှင်းသော သောက်သုံးရေများ ပြည့်စုံဖူလုံစွာ ရရှိနေပြီဖြစ်သည်။ ရေအတွက် ဒုက္ခဖြာဝေ၊ ပူပန်နေစရာလည်း မလိုတော့။ သောကကင်းဝေး စိတ်အေးချမ်းသာနေကြရပြီဖြစ်သည်။

ရေအတွက် သောကကင်းဝေး စိတ်အေးချမ်းသာရသည့် မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ် မြို့နယ်လုံးကျွတ် ကျေးလက်ဒေသ သန့်ရှင်းသော သောက်သုံးရေ ရရှိမှု အထိမ်းအမှတ် ဆိုင်းဘုတ်တင်ပွဲ အခမ်းအနားကို မေ ၁၃ ရက် နံနက်ပိုင်းက မန္တလေး-မြင်းခြံ မော်တော်ကားလမ်းဆုံထောင့်တွင် ကျင်းပသည်။

မန္တလေးတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် တိုင်းအုပ်ချုပ်ရေးမှူး ဦးကျင်လင်းနှင့် မန္တလေးတိုင်း စည်ပင်သာယာရေး အဖွဲ့ ညွှန်ကြားရေးမှူး ဦးကံလှတို့က အခမ်းအနားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးပြီး "မန္တလေးတိုင်း မြစ်သားမြို့နယ် ကျေးလက်ပြည်သူတိုင်း သန့်ရှင်းသော ရေရပြီ" ဟူသော ဆိုင်းဘုတ်ကြီးကို စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က စက်ခလုတ်နှိပ်ကာ ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ အခမ်းအနားကို မြစ်သားမြို့ လုပ်သား-ကြေးမုံ ခန်းမဆောင်တွင်ကျင်းပရာ စည်ပင်သာယာရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့်က နိုင်ငံတော်ဘဏ္ဍာငွေနှင့် စည်ပင်သာယာရေး ရန်ပုံငွေကျပ် ၁၅၃၈ သန်းကျော်၊ အလှူရှင်များ လှူဒါန်းငွေကျပ် ၇၉၇ ဒသမ ၈၆ သန်း၊ စုစုပေါင်း ငွေကျပ် ၂၃၈၁ သန်းကျော် သုံးစွဲ၍ စစ်ကိုင်းတိုင်း၊ မကွေးတိုင်း၊ မန္တလေးတိုင်းအတွင်း ရေရရှိရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း အမှာစကား ပြောကြားသွားသည်။

ဆက်လက်၍ မန္တလေးတိုင်း အုပ်ချုပ်ရေးမှူး ဦးကျင်လင်းက နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်အရ ဌာနဆိုင်ရာများ၊ စေတနာရှင်များ၊ ကျေးလက်ပြည်သူများ ဝိုင်းဝန်း အကောင်အထည်ဖော် ဆောင်ရွက်မှုကြောင့် ကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံလုံလောက်စွာရရှိပြီး လူနေမှုဘဝမြင့်မားလာစေရေး၏ အခြေခံအချက်များ ပြည့်စုံလာပြီဖြစ်ကြောင်း၊ နိုင်ငံတော်၏ စေတနာကို အလေးထားကြရန်လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် မြစ်သားမြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးအောင်ချင်းက မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေရရှိမှု အခြေအနေကို ရှင်းလင်းတင်ပြပြီး ကျေးလက်ပြည်သူများ ကိုယ်စား ဦးညွှန့်ဆွေက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

မြစ်သားမြို့နယ်သည် မြန်မာနိုင်ငံ၏အလယ်ဗဟို အချက်အချာနေရာတွင်တည်ရှိပြီး ကားလမ်း ရထားလမ်း ဖြတ်သန်းလျက်ရှိသဖြင့် သွားလာဆက်သွယ်ရေး အဆင်ပြေကောင်းမွန်သည်။ ပဲ၊ပြောင်း၊ နှမ်း၊ ဝါ၊ ငရုတ်၊ ကြက်သွန် သီးနှံအများအပြား စိုက်ပျိုးထွက်ရှိရာဒေသဖြစ်၍ ရောင်းဝယ်ဖောက်ကားမှု စည်ပင်နေသည်။ မိုင်းမောက်သို့ မြို့ဟောင်းတည်ရှိရာ ဖြစ်၍လည်း စိတ်ဝင်စားဖွယ်နေရာဟု ဆိုရမည်။

ရှေးဟောင်းသမိုင်းဝင်မြို့ဟောင်းက အစ စိတ်ဝင်စားဖွယ်ရာကောင်းပြီး ဝါ၊ ငရုတ်၊ ကြက်သွန် စသည့် သီးနှံအလျှံပယ်စိုက်ပျိုးထွက်ရှိကာ သွားလာဆက်သွယ်ရေး ကောင်းမွန်သော မြစ်သားမြို့နယ်တွင် ယခုအခါ မြို့နယ်လုံးကျွတ် သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံလုံလောက်စွာရရှိနေပြီဖြစ်ရာ ကျေးလက်ဒေသ ပြည်သူများ၏ လူနေမှုဘဝ ဆန်းသစ် မြင့်မားသော ခေတ်သစ်သို့ ရောက်ရှိနေပြီဟု ဆိုရမည်ဖြစ်ပေသည်။ ။

(မြန်မာ့အလင်း)

ပြင်ဆင်ဖတ်ရှုပါရန်

ရန်ကုန် မေ ၂၃

၂၃-၅-၂၀၀၄ ရက်ထုတ် သတင်းစာများတွင် ပါရှိသည့် အမျိုးသားညီလာခံ အစုအဖွဲ့ရှစ်ဖွဲ့ စာတမ်းပြုစုရေးနှင့် သဘာပတိအဖွဲ့ဝင်များ ညှိနှိုင်းဆွေးနွေးပွဲများ ကျင်းပသည့် သတင်းတွင် "အသိပညာရှင်၊ အတတ်ပညာရှင် ကိုယ်စားလှယ်များအစုအဖွဲ့၏ ညှိနှိုင်းဆွေးနွေး"၌ သဘာပတိအဖွဲ့ဝင်ဖြစ်သူ မြန်မာနိုင်ငံ နည်းပညာရှင်အဖွဲ့ ဥက္ကဋ္ဌ ဒေါက်တာသိန်းဦးဘိုးစော အစား ဒေါက်တာဦးသိန်းဦးဘိုးစော ဟု ပြင်ဆင်ဖတ်ရှုပါရန်။ **(သတင်းစဉ်)**



မြစ်သားမြို့နယ်တွင် နှစ်ပေါင်းများစွာ ရေမရှိခဲ့သော အင်းလျားကန်ကျေးရွာ၊ မြနဒီကျေးရွာ၊ ကြာကန်ကြီးကျေးရွာများတွင် စက်ယန္တရားကြီးများဖြင့် စက်ရေတွင်းတူးဖော်နေစဉ်။

သုံးပွင့်ဆိုင် ဒေသဆက်သွယ်ရေးလမ်းကြောင်းပေါ်ထွန်းလာသည့် ပန်းမွန်ချောင်းကူးတံတားဖွင့်လှစ် မကွေးတိုင်း၊ စစ်ကိုင်းတိုင်းနှင့် ချင်းပြည်နယ်သို့ အချိန်တိုအတွင်းတောက်လျှောက်သွားလာနိုင်ပြီဖြစ် ဒေသအတွင်းမှီတင်းနေထိုင်သော တိုင်းရင်းသားညီအစ်ကိုမောင်နှမများ ချစ်ခင်ရင်းနှီးမှုပိုမိုလာ

ရန်ကုန် မေ ၂၃

စစ်ကိုင်းတိုင်း ကလေးမြို့နယ် နတ်ချောင်းကျေးရွာအနီး ကလေး-ဂန့်ဂေါကားလမ်းပေါ်၌ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း လမ်းဆောက်လုပ်ရေး အထူးအဖွဲ့(၁၁)က တာဝန်ယူတည်ဆောက်ခဲ့သော ပန်းမွန်ချောင်းတံတား ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက် ၇နာရီ မိနစ်၂၀တွင် အဆိုပါတံတားအနီးရှိ မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့် တက်ရောက် အမှာစကားပြောကြားပြီး မှတ်တမ်းကျောက်စာတိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဆောက်လုပ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်စောထွန်း၊ ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ်ခင်မောင်အေး၊ ဗိုလ်မှူးကြီး ညီထွန်းနှင့် တပ်မတော်အရာရှိကြီး များ၊ ကလေးခရိုင် အေးချမ်းသာ ယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဒုတိယဗိုလ်မှူးကြီးအောင်မိုးမြင့်နှင့် အဖွဲ့ဝင်များ၊ ကလေးမြို့နယ်နှင့် ရပ်ကွက်တို့မှ အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ ဆောက်လုပ်ရေးဝန်ကြီး ဌာနမှ တာဝန်ရှိသူများ၊ လူမှုရေး အသင်းအဖွဲ့ဝင်များ၊ ကြက်ခြေနီနှင့် အရန်မီးသတ်တပ်ဖွဲ့ဝင်များ၊ ဘင်ခရာ နှင့် ပန်းဖွားအဖွဲ့များ၊ ရပ်မိရပ်ဖများ နှင့် အနီးပတ်ဝန်းကျင် ကျေးရွာတို့မှ ဒေသခံပြည်သူများ စုစုပေါင်းအင်အား ၅၀၀၀ကျော် တက်ရောက်ကြသည်။

ရှေးဦးစွာ နိုင်ငံတော် အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ကာကွယ်ရေးဝန်ကြီးဌာနမှ ဒုတိယ ဗိုလ်ချုပ်ကြီးရဲမြင့်က အမှာစကား ပြောကြားရာတွင် ယနေ့ဖွင့်လှစ်သည့် ပန်းမွန်ချောင်း တံတားသည် စစ်ကိုင်း တိုင်း ကလေး-ဂန့်ဂေါလမ်းပေါ်တွင် ရှိသည့် ပန်းမွန်ချောင်းကို ဖြတ်ပြီး တည်ဆောက်ထားသော အရှည်ပေ ၂၂၀ ရှိ တံတားတစ်စင်းဖြစ်ကြောင်း။ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန် ချက်နှင့်အညီ နိုင်ငံတော်၏ အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် ပြည် ထောင်စု၏ အစိတ်အပိုင်းအားလုံး ဆက်သွယ်မိစေရန် မဟာဗျူဟာ ချမှတ်ပြီး ကားလမ်း၊ ရထားလမ်းများ တိုးချဲ့ ဖောက်လုပ်ပေးလျက်ရှိရာ ၁၉၈၈ခုနှစ်မှ ယနေ့အထိ ပေ၁၈၀နှင့် အထက် မြစ်ကူး၊ ချောင်းကူးတံတား ကြီးများတည်ဆောက်ခဲ့ရာ ပြည်သူ့ ဆောက်လုပ်ရေးလုပ်ငန်းက အစင်း ၁၇၀၊ မြန်မာ့မီးရထားက ခြောက်စင်း၊ တပ်မတော် အင်ဂျင်နီယာတပ်ဖွဲ့က ခုနစ်စင်း စုစုပေါင်း ၁၈၃စင်းကို အောင်အောင်မြင်မြင် တည်ဆောက် ပေးနိုင်ခဲ့သည်ကို တိုင်းရင်းသားပြည်သူ အားလုံး အသိပင်ဖြစ်ကြောင်း။

မြန်မာနိုင်ငံ အနောက်မြောက်ပိုင်း ဧရာဝတီနှင့် ချင်းတွင်းမြစ်တို့၏ အနောက်ဘက်ကမ်းမှာရှိသည့် ဂန့်ဂေါ ဒေသ၊ ကလေးဒေသများသည် ခေတ် အဆက်ဆက်တွင် လမ်းပန်းဆက်သွယ် မှု ခက်ခဲလှသည့်အတွက် စီးပွားရေး၊ လူမှုရေးတို့တွင် တိုးတက်မှု အားနည်း ခဲ့ရသော ဒေသများဖြစ်ကြောင်း။

တည်ဆောက်ပေးလျက်ရှိ

ထို့ကြောင့် တပ်မတော်အစိုးရ လက်ထက်တွင် နိုင်ငံတော် အကြီး အကဲ၏ လမ်းညွှန်ချက်များနှင့်အညီ ဂန့်ဂေါမြို့ကိုဗဟိုပြုပြီး ချင်းပြည်နယ် (မြောက်ပိုင်း)နှင့် ကလေးဒေသများ ကို မကွေးတိုင်း၊ စစ်ကိုင်းတိုင်း၊ မန္တလေးတိုင်းတို့နှင့် လွယ်လင့်တကူ မြန်မြန်ဆန်ဆန် ဆက်သွယ်နိုင်ရန် ကလေး-ဂန့်ဂေါ ရထားလမ်း၊ ကလေး-ဂန့်ဂေါကားလမ်း၊ ဂန့်ဂေါ- ဟားခါး ကားလမ်းတို့ကို ဖောက်လုပ် ပေးခဲ့သလို မြစ်သာ မြစ်ကူးတံတား၊ ကမ္ဘာ့နီတံတားစသည့် လိုအပ်သော တံတားများကိုလည်း တည်ဆောက် ပေးလျက်ရှိကြောင်း။

ယခု ဂန့်ဂေါ-ကလေးလမ်းပိုင်း ပေါ်ရှိ ပန်းမွန်ချောင်းကို ဖြတ်ပြီး တံတားတည်ဆောက်ပေးလိုက်သည့် အတွက် မကွေးတိုင်း ဂန့်ဂေါမှ စစ်ကိုင်းတိုင်း ကလေးမြို့သို့လည်း ကောင်း၊ ကလေးမြို့ကိုဖြတ်ပြီး ချင်း ပြည်နယ်အတွင်းသို့ လည်းကောင်း ယခင်ကထက် အချိန်တိုတောင်းစွာ တောက်လျှောက် သွားနိုင်ပြီဖြစ် ကြောင်း၊ ယခင်က မိုးရာသီကာလ များတွင် ပန်းမွန်ချောင်းရေကျနေပါက ဒေသခံပြည်သူများသည် ချောင်းရေကို စောင့်ဆိုင်းနေခဲ့ကြရကြောင်း၊ တစ်ခါ တစ်ရံ တစ်ညအိပ် နှစ်ညအိပ် စောင့် ဆိုင်းရသည့်အတွက် အချိန်များစွာ ကုန်ပြီး လမ်းခရီးဖင့်ခဲ့ရကြောင်း၊ ယခု ချောင်းဖြတ်တံတားတည်ဆောက်ပြီးသွား ပြီဖြစ်၍ ဂန့်ဂေါ-ကလေးလမ်းသည် ယခင်ကကဲ့သို့ ချောင်းရေကျချိန်ကို စောင့်ဆိုင်းမနေရတော့ဘဲ သွားလာနိုင် တော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ချင်းပြည်နယ်အတွက်ရော ကလေး ဒေသအတွက်ပါ ဒေသ ထွက်ကုန် ပစ္စည်းများ၊ သဘာဝသယံဇာတများ၊ သစ်တောထွက်ကုန်ပစ္စည်းများသည် အခြားပြည်နယ်၊ တိုင်းများသို့ အချိန် တိုတိုနှင့် လွယ်လင့်တကူ သယ်ယူ ပို့ဆောင်ပေးနိုင်တော့မှာ ဖြစ်ကြောင်း၊ ထို့အတူပင် မကွေးတိုင်း၏ အညာ ဒေသထွက်ကုန်များသည် ကလေးမြို့မှ တစ်ဆင့် ချင်းပြည်နယ် ဒေသအသီး သီးနှင့် စစ်ကိုင်းတိုင်း အနောက်ဘက် ခြမ်းဒေသများကို အပြန်အလှန် ကူးသန်းရောင်းဝယ်နိုင်တော့မှာဖြစ် ကြောင်း၊ ပန်းမွန်ချောင်းကူးတံတား ကြောင့် ချင်းပြည်နယ်၊ စစ်ကိုင်းတိုင်း နှင့် မကွေးတိုင်းတို့၏ လွယ်ကူ လျင်မြန်သည့် သုံးပွင့်ဆိုင်ဒေသ ဆက် သွယ်ရေးလမ်းကြောင်း ပေါ်ထွန်းလာ ခဲ့ပြီဖြစ်ကြောင်း။

ပိုမိုခိုင်မာလာ

အဆိုပါ လမ်းကြောင်းပေါ်တွင် ကျေးရွာပေါင်း ၃၆ရွာ ရှိပြီး ဤလမ်း ကြောင်းကို အသုံးပြုရမည့် အနီးပတ် ဝန်းကျင်ကျေးရွာပေါင်း ၂၇ရွာရှိသည့် အတွက် ကျေးရွာပေါင်း ၆၃ရွာတို့ သည် ၎င်းလမ်းကြောင်းကို အသုံးပြု နိုင်တော့မှာဖြစ်ကြောင်း၊ ထို့ကြောင့် ဂန့်ဂေါ-ကလေးလမ်းကြောင်းရှိသော ဒေသများ၏ ဖွံ့ဖြိုးမှုများ မကြာမီ ကာလအတွင်း၌ အရှိန်အဟုန်ဖြင့် တိုးတက်လာတော့မှာ ဖြစ်ကြောင်း၊ ဒေသအတွင်းနေ ပြည်သူများ၏ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်း မာရေးစသည့် ကဏ္ဍများသည်လည်း လမ်းပန်းဆက်သွယ်မှုကောင်းလာသည် နှင့်အမျှ ပိုမိုဖွံ့ဖြိုးတိုးတက်လာမှာ ဖြစ်ကြောင်း၊ ဒေသအတွင်းမှီတင်း နေထိုင်ကြသည့် တိုင်းရင်းသား ညီ အစ်ကိုမောင်နှမအချင်းချင်း ချစ်ခင် ရင်းနှီးမှုပိုမိုလာပြီး တစ်ဦး၏ ယဉ် ကျေးမှု ဓလေ့ထုံးစံကို တစ်ဦးက ထိတွေ့ခံစားကြရင်းဖြင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုခိုင်မာ လာစေမှာဖြစ်ကြောင်း။

နိဂုံးချုပ်အနေဖြင့် ယနေ့ဖွင့်လှစ် လိုက်သည့် ပန်းမွန်ချောင်းတံတားကို ကြိုးစားပမ်းစား အချိန်တိုအတွင်း ပြီးစီးအောင် တည်ဆောက်ခဲ့သည့် ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းမှ တာဝန်ရှိသူများအားလုံးနှင့် ဝိုင်းဝန်း ကူညီကြသော ဒေသခံပြည်သူများ အားလုံးကို ဂုဏ်ပြုပါကြောင်းနှင့် တံတားရေရှည်တည်တံ့ ခိုင်မြဲရေး အတွက် ဒေသခံပြည်သူများကဝိုင်းဝန်း စောင့်ရှောက်ပေးကြပါဟု တိုက်တွန်း မှာကြားပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဆောက်လုပ်ရေး ဝန်ကြီးဌာနဝန်ကြီး ဗိုလ်ချုပ်စောထွန်း က တံတားတည်ဆောက်ရေးလုပ် ငန်းနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြ ရာတွင် ဆောက်လုပ်ရေး ဝန်ကြီးဌာန က လမ်းပန်းဆက်သွယ်မှု လုံခြုံ ချောမွေ့စေရေးတာဝန်ကို နေ့မအား၊ ညမနား ဆောင်ရွက်ပေးခဲ့သည့် နေရာတွင် ယခုဆိုလျှင် တစ်ပြည်လုံး အတိုင်းအတာအနေနှင့် ကတ္တရာလမ်း ၈၅၂၈ မိုင် ၄ဖာလုံ၊ ကျောက်ချော လမ်း ၃၂၆၄မိုင်၊ အမာခံလမ်း ၃၁၁၂ မိုင် ၃ ဖာလုံ၊ မြေလမ်း ၃၂၃၀ မိုင် ၆ ဖာလုံ စုစုပေါင်း ၁၈၄၃၅ မိုင် ၅ ဖာလုံ ဖောက်လုပ်ပေးပြီး ဖြစ်ကြောင်း၊ ၁၉၈၈ ခုနှစ်ကနှင့်စာလျှင် စုစုပေါင်း ၄၈၀၀မိုင် ၅ဖာလုံ တိုးတက်ဖောက် လုပ်ပေးနိုင်ခဲ့ကြောင်း။

လမ်းများကို တိုးချဲ့ဖောက်လုပ် ပေးသည်နှင့်အမျှ ၎င်းလမ်းများပေါ် ၌ တွေ့ရသည့် မြစ်ချောင်းအင်းအိုင်များ ကို ဖြတ်ကျော်ပြီး တံတားကြီးများကို လည်း တည်ဆောက်ပေးခဲ့ရကြောင်း။

စစ်ကိုင်းတိုင်းအနေနှင့် ဆိုလျှင် ယနေ့ ဖွင့်လှစ်ပေးသည့် ပန်းမွန် ချောင်းတံတားကြီးသည် ၁၁စင်း မြောက် ဖွင့်လှစ်ပေးမည့် ပေ ၁၈၀ နှင့် အထက် တံတားကြီးဖြစ်ကြောင်း၊ တည်ဆောက်နေဆဲ တံတားကြီး နှစ် စင်းနှင့် ဆက်လက်တည်ဆောက်ရန် အကြိုအင်ဂျင်နီယာ လုပ်ငန်းများ ဆောင်ရွက်နေသည့် တံတားသုံးစင်း ရှိကြောင်း၊ တံတားကြီးစံချိန်စံညွှန်း ညီညီ ရေရှည်တည်တံ့ခိုင်မြဲအောင် လည်း ဝိုင်းဝန်းကူညီထိန်းသိမ်းပေးကြ ပြီး တံတားကို အသုံးပြုသူများက သတ်မှတ်ဥပဒေများနှင့်အညီ လိုက်နာ ကျင့်သုံးသွားကြပါရန် မှာကြားရင်း နိဂုံးချုပ်ပါကြောင်း အကျယ်တဝင့် ရှင်းလင်းပြောကြားသည်။

ထို့နောက် စစ်ကိုင်းတိုင်း အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ အနောက်မြောက်တိုင်း စစ်ဌာန ချုပ် တိုင်းမှူး ဗိုလ်ချုပ်သာအေးက အမှာစကား ပြောကြားရာတွင် စစ်ကိုင်းတိုင်းအတွင်း တံတားများ တည်ဆောက်ပြီးစီးသွားသည့်အတွက် ဧရိယာကျယ်ဝန်းလှသော စစ်ကိုင်း တိုင်း၏ စိုက်ပျိုးရေး၊ မွေးမြူရေး၊ ကူးသန်းရောင်းဝယ်ရေး၊ ပညာရေး၊ ကျန်းမာရေးနှင့် ဒေသဖွံ့ဖြိုးတိုးတက် ရေးတို့ကို များစွာ အထောက်အကူပြု စေမှာ ဖြစ်ကြောင်း။

ဒေသခံပြည်သူများကလည်း ဤ တံတား ရေရှည်တည်တံ့ခိုင်မြဲရေးနှင့် လုံခြုံရေးတို့အတွက် အသိစိတ်ဓာတ် ဖြင့် ဝိုင်းဝန်းကူညီ ထိန်းသိမ်းစောင့် ရှောက်ပေးကြရန် ဖြစ်ကြောင်းဖြင့် ပြောကြားသည်။

ယင်းနောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး ဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့်အဖွဲ့ဝင် များသည် ပန်းမွန်ချောင်းတံတားကို ဖဲကြိုးဖြတ်ဖွင့်လှစ်ရန် တံတားမုခ်ဦး ထိပ်၌ နေရာယူကြပြီး မင်္ဂလာအချိန် ကျရောက်သည်နှင့် စစ်ကိုင်းတိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေး ကောင်စီဥက္ကဋ္ဌ တိုင်းမှူးဗိုလ်ချုပ် သာအေး၊ ဆောက်လုပ်ရေးဝန်ကြီး ဌာန ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် ကလေးတပ်နယ်မှ ဗိုလ်မှူးချုပ် ခင်မောင်အေးတို့က ပန်းမွန်ချောင်း တံတားကို ဖဲကြိုးဖြတ်၍ဖွင့်လှစ်ပေး ကြသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူး၊ ဝန်ကြီးနှင့်အဖွဲ့ဝင်များ သည် စုပေါင်းဓာတ်ပုံရိုက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်အေးချမ်း သာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးရဲမြင့်က ပန်းမွန် ချောင်းတံတား မှတ်တမ်းကျောက်စာ တိုင်ကို စက်ခလုတ်နှိပ်၍ ဖွင့်လှစ်ပေး ပြီး ကျောက်စာတိုင်ကို အမွှေးနံ့သာ များ ပက်ဖျန်းပေးသည်။

ထို့နောက် ဒုတိယဗိုလ်ချုပ်ကြီး ရဲမြင့်၊ တိုင်းမှူးဗိုလ်ချုပ်သာအေး၊ ဝန်ကြီးဗိုလ်ချုပ်စောထွန်းနှင့် အဖွဲ့ဝင် များသည် ဒေသခံပြည်သူများနှင့်အတူ တံတားပေါ်မှ ဖြတ်သန်းကြည့်ရှုကြ သည်။ ထို့နောက် ရှင်းလင်းဆောင်၌ အင်ဂျင်နီယာမှူးကြီး ဦးစန်းဝင်းက ပန်းမွန်ချောင်းတံတား တည်ဆောက်ပုံ အဆင့်ဆင့်ကို ရှင်းလင်းတင်ပြသည်။

အဆိုပါ ပန်းမွန်ချောင်းတံတား သည် စစ်ကိုင်းတိုင်း ကလေးခရိုင် ကလေး-ဂန့်ဂေါလမ်း မိုင်တိုင်(၁၅/ ၅)ပေါ်ရှိ ပန်းမွန်ချောင်းကို ဖြတ်ကျော် ဖောက်လုပ်ထားသော တံတားတစ်စင်း ဖြစ်သည်။ တံတားအရှည်ပေ၂၂၀ရှိ ပြီး ခန်းဖွင့် ဖွဲ့စည်းပုံမှာ ၂၀+၃၆+ ၁၀၈+၃၆+၂၀ ဖြစ်သည်။ ယာဉ်သွား လမ်းအကျယ် ၁၈ပေ၊ လူသွားလမ်း အကျယ် တစ်ဖက်လျှင် သုံးပေစီ ပါရှိသည်။ တံတားအောက် ရေလမ်း ကင်းလွတ်နယ်မြေမှာ အကျယ် ၁၀၄ ပေ၊ အမြင့် နှစ်ပေဖြစ်သည်။ တံတား အမျိုးအစားမှာ အပေါ်ထည် R.P.T သံပေါင်+သံကူကွန်ကရစ်၊ အောက် ထည် သံကူကွန်ကရစ်၊ အုတ်မြစ် သံကူကွန်ကရစ် ရေတွင်းခွေဖြစ်ပြီး ခွင့်ပြုအလေးချိန် တန်၃၀ဖြစ်သည်။ ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်းက ၂၀၀၃ခုနှစ် ဩဂုတ်လ၁ရက်တွင် စတင် တည်ဆောက်ခဲ့ခြင်းဖြစ်သည်။

(သတင်းစဉ်)

စစ်ကိုင်းတိုင်း ကလေးမြို့နယ်ရှိ ပန်းမွန်ချောင်းတံတားကို တွေ့ရစဉ်။ (သတင်းစဉ်)

နိုင်ငံတကာသတင်းဂျာနယ် အမှတ်စဉ်(၄၅၁)ဖြန့်ချိ

ရန်ကုန် မေ ၂၃

နိုင်ငံတကာ သတင်းဂျာနယ် အမှတ်စဉ် (၄၅၁)ကို ယနေ့ (တနင်္လာ နေ့)၌စတင်ဖြန့်ချိလိုက်သည်။**(အပေါ်ပုံ)**

'မီဒီယာခေတ် မကျန်ရစ်ဖို့' ဟူ သော ဂျာနယ်ဦးတည်ချက်ဖြင့် နိုင်ငံ တကာသတင်းများနှင့်သတင်းဆောင်း ပါးများကို ဦးဦးဖျားဖျား ထူးထူး ခြားခြား တင်ဆက်နေသော နိုင်ငံ တကာသတင်းဂျာနယ်၏ ယခုအပတ် ထုတ်တွင် မိုနာကိုနိုင်ငံအကြောင်း သိကောင်းစရာ၊ ၂၀၀၂ခုနှစ် လေယာဉ် နှစ်စင်းတိုက်မိမှုအစီရင်ခံစာ၊ ဘင်္ဂလား ဒေ့ရှ်နိုင်ငံ၏ ဒုတိယမြောက်အရှည် လျားဆုံး မြစ်ကူးတံတား၊ အိန္ဒိယ ဝန်ကြီးချုပ်သစ်၊ အီရတ်အရေးတွင် ဗြိတိန်တို့ ကွဲမြီးတိုစေသည့် အမေရိ ကန်တို့၏ လုပ်ရပ်၊ ရုရှား-ဗီယက်နမ် ကုန်သွယ်ရေး၊ အမေရိကန် လူ့အခွင့် အရေး၊ ကမ္ဘာ့လောင်စာစွမ်းအင်သုံးစွဲမှု၊ အမေရိကန်နှင့် ခွာပြသူ အာမက်ချာ လာဘီ၊ နိုင်ငံတကာဟာသ၊ ပစ်ခတ် ခံရသည့် အီရတ်မင်္ဂလာဆောင်၊ ဂါဇာမှမြေအောက်လိုဏ်ခေါင်းများ၊ ဘက်စုံသုံးပုံနှိပ်စက်၊ လစ်ဗျားတွင် သေဒဏ်စီရင်ခံရသည့် ဘူဂေးရီးယား သူနာပြုများ၊ ကမ္ဘာ့ကုန်သွယ်ရေး အဖွဲ့သို့ဝင်မည့်ရုရှား၊ ဘရာဇီးသမ္မတ ၏ တရုတ်ပြည်ခရီးစဉ်၊ အာဖဂန် အကျဉ်းသားများနှိပ်စက်ခံရမှု စသည့် သတင်းများနှင့် ဆောင်းပါးများ ဝေဝေ ဆာဆာ ဖော်ပြပါရှိကြောင်းသိရသည်။

(မြန်မာ့အလင်း)

မုန်တိုင်းကြောင့်မုတ်သုံအဝင်စော၍ မိုးဆက်မည်

သတင်းဆောင်းပါး-မောင်မောင်မြင့်ဆွေ၊ ဓာတ်ပုံ-တင်စိုး(မြန်မာ့အလင်း)

ရန်ကုန် မေ ၂၃

ယခုတလော မိုးဆက်တိုက်ရွာနေသည်။ ပူပြင်းလွန်းသောနေ့ရက်ကို ဖြတ်သန်းခဲ့ရချိန်တွင် မိုးကိုမျှော်ရသည်။ ပူအိုက်လွန်းသောဒဏ်ကို လူတွေခံနေရချိန် မိုးသည် အဆက်မပြတ်ရွာသွန်းလေသည်။ အေးချမ်းမှုကို သယ်ဆောင်လာသော မိုးကြောင့် နေရထိုင်ရ သက်သာလာသည်။ သို့သော် မိုးကား တစ်ရက် နှစ်ရက်နှင့် မရပ် ဆက်တိုက်ရွာနေတော့သည်။

မိုးရွာသွန်းမှု နေ့ရက်ဆက်တိုက်ဖြစ်လာသဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် စိတ်ဝင်စားမှုတွေ ရှိလာသည်။ မိုးဘယ်အတွက်ကြောင့် ရွာသနည်း၊ မိုးဆက်တိုက်ရွာပြီး မိုးရာသီစတင်ရောက်ပြီလားစသည့် မေးခွန်းများ ပြည်သူတွေအကြား ပျံ့နှံ့လာသဖြင့် ရာသီဥတုပြောင်းလဲမှုအပေါ် သေချာစွာသိရှိနိုင်ရန် မြန်မာ့အလင်း သတင်းဆောင်းပါး ရေးသားရေးအဖွဲ့က မိုးလေဝသနှင့် ဇလဗေဒဦးစီးဌာနသို့ မကြာမီက သွားရောက်တွေ့ဆုံမေးမြန်းခဲ့သည်။

မိုးရွာသွန်းမှု

မိုးလေဝသနှင့်ဇလဗေဒဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ရာသီဥတုပြောင်းလဲမှုနှင့် မိုးရွာသွန်းမှုအပေါ် ပြောကြားရာတွင် "ယခုနှစ်မိုးဦးရာသီသည် ယခင်နှစ်များတွင် ဖြစ်ပေါ်ခဲ့သော ရာသီဥတုနှင့် မတူပါကြောင်း၊ မုတ်သုံမဝင်မီ မိုးအနည်းငယ် ရွာသောကာလတွင် ဘင်္ဂလားပင်လယ်အော်တွင် မုန်တိုင်းတစ်ခုဖြစ်ပေါ်ခဲ့ပါကြောင်း၊ ထိုမုန်တိုင်းသည် မေ ၁၉ ရက်မှ စတင်ဖြစ်ပေါ်လာခဲ့ရာ အလွန်မြန်ဆန်ပြီး ဖြစ်ပေါ်မှုအချိန်လည်း တိုတောင်းပါကြောင်း၊ အချိန်အားဖြင့် ၁၈ နာရီသာကြာပြီး ရခိုင် ကမ်းရိုးတန်းကို တိုက်ခတ်ခဲ့ကြောင်း၊ ယခင်က ဖြစ်ပေါ်ခဲ့ဖူးသော မုန်တိုင်းများနှင့် လုံးဝမတူပါကြောင်း၊ မိုးရွာသွန်းမှုမှာလည်း မုန်တိုင်းနှင့် ဆက်စပ်မှုရှိပါကြောင်း" ပြောကြားသည်။

ထို့ပြင်"ယခုနှစ်မိုးရာသီအကြိုကာလသည် ယခင်နှစ်များနှင့် မတူဘဲ မုတ်သုံအဝင်စောခဲ့ကြောင်း၊ ယခုနှစ် ဧပြီလလယ်မှ မေလလယ်အထိ တစ်လတာကာလအတွင်း မြန်မာနိုင်ငံ အနောက်မြောက်ဘက်မှ လေအေးများဝင်ရောက်တိုက်ခတ်မှုမှာ အားကောင်းပြီး ပုံမှန်ရောက်ရှိမည့် နေရာဒေသများထက် ပိုမိုရောက်ရှိကာ ရန်ကုန်၊ ဧရာဝတီတိုင်း တို့အထိ ရောက်ရှိခဲ့ကြောင်း၊ ထိုအချိန်တွင် မြန်မာနိုင်ငံတစ်ဝန်း အပူချိန်မြင့်တက်လျက်ရှိရာ မြေပြင်တွင်ပူပြီး အပေါ်ယံလေထုမှာအေးနေသည့်အတွက် မိုးတိမ်များဖြစ်ပေါ်ခဲ့ရာ ယခုနှစ် စာရင်းကောက်ယူမှုအရ မြန်မာနိုင်ငံတစ်ဝန်း နေရာ ၁၁နေရာတွင် မိုးသီးကြွေကျမှုများရှိခဲ့ကြောင်း" ဒုတိယ ညွှန်ကြားရေးမှူးချုပ် ဦးထွန်းလွင်က ပြောကြားသည်။

လေထုဖိအား

ထိုသို့မြောက်ဘက်မှလေအေးများ တိုက်ခတ်မှုကြောင့် မြန်မာနိုင်ငံ မြောက်ပိုင်းဒေသများတွင် ဧပြီလလယ်နှင့် မေလလယ်တို့တွင် အပူချိန်လျော့ကျခဲ့ပြီး လေထုဖိအားမြင့်တက်ခဲ့သည်။ ထိုအချိန်တွင် မုတ်သုံလေဦးမှာ တောင်အရပ်မှ စတင်တိုက်ရမည်ဖြစ်သော်လည်း မြောက်ဘက်မှ လေအေးများတိုက်ခတ်မှုမှာ မြန်မာနိုင်ငံတောင်ပိုင်း အရပ်များအထိ ရောက်ရှိခဲ့သဖြင့် ဘင်္ဂလားပင်လယ်အော်ဘက်မှ တိုက်ခတ်လာသည့် မုတ်သုံလေသည် မြန်မာနိုင်ငံအတွင်း မဝင်ရောက်နိုင်သည့်အတွက် မြန်မာနိုင်ငံမြေလတ်ပိုင်းနှင့် အချို့ဒေသများတွင် မိုးတိမ်ဖြစ်မှု နည်းပါးခဲ့ပြီး အပူချိန်မြင့်တက်ခဲ့ခြင်း ဖြစ်ကြောင်း ဆက်လက်ရှင်းပြသည်။

ထို့ကြောင့် မြန်မာနိုင်ငံမြောက်ပိုင်းဒေသများတွင် အပူချိန်လျော့ပြီး

ဂျပန် မိုးလေဝသဂြိုဟ်တုမှ ဖမ်းယူရရှိသော ရခိုင်ကမ်းရိုးတန်းကို မုန်တိုင်းဖြတ်ကျော်စဉ် တွေ့မြင်ရသည့် မိုးလေဝသတိမ်ပုံကို မေ ၁၉ ရက်က ဤသို့တွေ့ရသည်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)



အမျိုးသားမိုးလေဝသဌာနခန့်မှန်းရေးဌာနခွဲတွင် နေ့စဉ် မိုးလေဝသခန့်မှန်းရန် မြေပုံများပြုစုနေသော ဝန်ထမ်းများကို တွေ့ရစဉ်။ ဓာတ်ပုံမှတ်တမ်း-တင်စိုး (မြန်မာ့အလင်း)

တောင်ပိုင်းဒေသများတွင် အပူချိန်မြင့်တက်ကာ လေထုဖိအား များရာမှ နည်းရာသို့ တိုက်ခတ်ခဲ့ခြင်းဖြစ်ပြီး မြောက်ပိုင်းအချို့ဒေသများတွင် ဧပြီလလယ်တွင် မိုးရွာသွန်းခဲ့သည်။ မေလဆန်းတွင် တောင်ဘက်ဒေသများသည် ပင်လယ်ဘက်မှ တိုက်ခတ်သော ရေငွေ့ပါသော လေများကြောင့် အပူချိန်လျော့ကျကာ ကောင်းကင်တွင် မိုးတိမ်များဖြစ်ပေါ်ကာ မိုးရွာသွန်းမှု ဖြစ်ပေါ်ခဲ့ခြင်းဖြစ်သည်။

မုတ်သုံဝင်ရောက်

ဆက်လက်၍ ဒုတိယညွှန်ကြားရေးမှူးချုပ်ဦးထွန်းလွင်က "ယခုနှစ် မေ ၁၂ရက်တွင် မြန်မာနိုင်ငံတောင်ပိုင်းကို မုတ်သုံစတင်ဝင်ရောက်ပြီးမေ ၁၅ ရက်တွင် မြစ်ဝကျွန်းပေါ်ဒေသကို မုတ်သုံစတင်ဝင်ရောက်ကာ မေ ၂၀ ရက် ဝန်းကျင်တွင်မြန်မာနိုင်ငံ မြေလတ်ပိုင်းကို ဝင်ရောက်ခဲ့ကြောင်း၊ မြန်မာနိုင်ငံအလယ်ပိုင်းကို မုတ်သုံဝင်ရောက်ခြင်းမှာ စောကြောင်း၊ ယင်းမှာ မုန်တိုင်းကြောင့် ဖြစ်ကြောင်း" ပြောကြားသည်။

မိုးကောင်းမွန်

ထိုသို့ မုန်တိုင်းဝင်ရောက်ခြင်းကြောင့် မြန်မာနိုင်ငံအလယ်ပိုင်းတွင် မိုးရွာသွန်းမှုများရှိကာ မုန်တိုင်းပြီးဆုံးသွားသော်လည်း မုတ်သုံအဝင်စောမှုကြောင့် မြန်မာနိုင်ငံတစ်ဝန်းမိုးဆက်လက်ရွာသွန်းမှုများရှိနေပြီး ယခုနှစ်မိုးရာသီတစ်ခုလုံးတွင် မိုးရွာသွန်းမှုမှာ မြန်မာနိုင်ငံနေရာအနှံ့အပြားရွာသွန်းပြီး မိုးရွာသွန်းမှုလည်း ကောင်းမွန်မည်ဖြစ်ပါကြောင်း သတင်းဆောင်းပါးအဖြစ် ရေးသားလိုက်ရပါသည်။ ။

(မြန်မာ့အလင်း)

လူထုစိတ်ဝင်စားမည့်အဆင်အပြင်များဆောင်ရွက် အမြဲတမ်းစိမ်းလန်းနေမည့်ရောင်စုံရွက်လှများစိုက်ပျိုး

ရန်ကုန် မေ ၂၃

သစ်တောရေးရာဝန်ကြီးဌာန ဝန်ကြီး ဗိုလ်မှူးချုပ်သိန်းအောင်သည် ယမန်နေ့ မွန်းလွဲ ၂ နာရီတွင် ကန်တော်ကြီးဥယျာဉ်ကို ကြည့်ရှုစစ်ဆေးရာ သစ်တောဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးစိုးဝင်းလှိုင်က ကန်တော်ကြီးဥယျာဉ်အတွင်း မြေယာရှင်းလင်းအလုပ်နှင့် ပန်းအလှပင်များ စိုက်ပျိုးပြုစုမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများကို ရှင်းလင်းပြသပြီး ဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ထို့နောက် ဝန်ကြီးသည် ရန်ကုန်တိရစ္ဆာန်ဥယျာဉ်သို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ တိရစ္ဆာန်ဥယျာဉ်များဌာန ညွှန်ကြားရေးမှူး ဦးမြင့်ဆွေက သဘာဝသမိုင်းပြတိုက်ရှိ သစ်တောပြခန်း၊ ဆင်ရုံနှင့် ချေ(ဂျီ) လှောင်ထားရှိရာ နေရာတို့ကို လိုက်လံရှင်းလင်းပြသသည်။

ဝင်ငွေတိုးပွား

၎င်းနောက်ဝန်ကြီးအား တိရစ္ဆာန်နှင့် ပန်းဥယျာဉ်(ရန်ကုန်)အဆင့်မြင့် တည်ဆောက်ရေးစီမံကိန်း ရှင်းလင်းဆောင်၌ တိရစ္ဆာန်ဥယျာဉ်အတွင်း ဘက်စုံမွမ်းမံပြင်ဆင်ထားရှိမှုအခြေအနေများ၊ဥယျာဉ်အတွင်း လာရောက်အပန်းဖြေ အနားယူသူများ ယခင်ကထက် ပိုမိုများပြားလာခြင်းကြောင့် ဥယျာဉ်ဝင်ငွေ တိုးပွားမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ဖြည့်ဆည်း

ဝန်ကြီးက လူထုစိတ်ဝင်စားမည့် အဆင်အပြင်များဆောင်ရွက်ရန်နှင့် အမြဲတမ်း စိမ်းလန်း လှပနေမည့် ရောင်စုံရွက်လှပင်များကို ရှင်းလင်းဆောင်အနီးနှင့် အခြားလိုအပ်မည့် နေရာများတွင် စိုက်ပျိုးရန်မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးကြောင်း သတင်းရရှိသည်။

(သတင်းစဉ်)

အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်းဖွင့်မည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံပန်းဝါသနာရှင်အသင်းက ကြီးမှူးဖွင့်လှစ်မည့် အဆင့်မြင့်ပန်းအလှပြုပြင်မှုသင်တန်း အမှတ်စဉ် (၁/၂၀၀၄)ကို ဇွန် ၇ ရက်မှ ၁၈ ရက်ထိ နေ့စဉ် နံနက် ၉ နာရီမှ မွန်းတည့် ၁၂ နာရီအတွင်း ရန်ကုန် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်းရှိ ပြည်ထောင်စုအေးရိပ်ငြိမ် ခန်းမဆောင်၌ အခြေခံပန်းအလှပြုပြင်မှုသင်တန်းဆင်းပြီးသူ ၅၀ နှင့် ဖွင့်လှစ်ရန် စီစဉ်ထားသည်။

သင်တန်းကြေးအဖြစ် အသင်းဝင်များနှင့် အစိုးရဝန်ထမ်းများအတွက် တစ်ဦးလျှင် ကျပ် ၅၅၀၀၊ ပြင်ပပုဂ္ဂိုလ်များအတွက် ကျပ် ၆၀၀၀ စီ သတ်မှတ်ထားရာ တက်ရောက်လိုသူများသည် ပြည်သူ့ရင်ပြင်အတွင်းရှိ အသင်းရုံး ဖုန်း-၃၇၉၃၆၁ သို့ ဆက်သွယ်စာရင်းပေးသွင်း တက်ရောက်နိုင်ကြောင်း သိရသည်။

(၃၀၈)

မြန်မာ့ရုပ်မြင်သံကြား

၂၄-၅-၂၀၀၄
(တနင်္လာနေ့)

နံနက်ပိုင်း

၇း၀၀	၁။	အဘိဓေအဂ္ဂမဟာသဒ္ဓမ္မဇောတိက တောင်တန်းသာသနာပြု ဆရာတော်ကြီးဦးဥတ္တမသာရ၏ ပရိတ်တရားတော်
၇း၂၅	၂။	ကျန်းမာဖို့ အတူကစားစို့
၇း၃၀	၃။	နံနက်ခင်းသတင်း
၇း၄၀	၄။	သံသာချိုအေး မင်္ဂလာတေး
၇း၅၅	၅။	ချစ်စရာ့အရွယ် ကကြိုးသွယ်
၈း၁၀	၆။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာတေးသံသာ
၈း၂၀	၇။	ဖြူးချောင်းတံတား
၈း၃၀	၈။	International News
၈း၄၅	၉။	Let's Go

ညပိုင်း

၁၆း၀၀	၁။	စစ်ချီတေး၊ စစ်သည်တေး
၁၆း၁၅	၂။	မျိုးချစ်စိတ်ဓာတ်ရှင်သန် ထက်မြက်ရေးတေးများ
၁၆း၃၀	၃။	Practice in Reading
၁၆း၄၅	၄။	တေးဂီတအစီအစဉ်
၁၇း၀၀	၅။	အဝေးသင်တက္ကသိုလ်ပညာရေး ရုပ်မြင်သံကြားသင်ခန်းစာ တတိယနှစ် (ဓာတုဗေဒအထူးပြု) (ဓာတုဗေဒ)
၁၇း၁၅	၆။	အကပဒေသာ
၁၇း၃၀	၇။	လက်ဆင့်ကမ်းပေးဂီတတေး
၁၇း၄၀	၈။	ဟင်းရွက်ရေလှောင်တမံ
၁၇း၅၀	၉။	တေးဂီတအစီအစဉ် (မြန်မာ့အသံခေတ်ပေါ် တေးဂီတအဖွဲ့ဖျော်ဖြေခန်း)
၁၈း၀၅	၁၀။	စက်မှုစွမ်းအား ခေတ်ကျော်လွှား
၁၈း၁၅	၁၁။	ပြည်ထောင်စုတိုင်းရင်းသား ရိုးရာအဆိုအကများ
၁၈း၂၀	၁၂။	Discovery
၁၈း၃၀	၁၃။	ညနေခင်းသတင်း
၁၉း၀၀	၁၄။	မိုးလေဝသအခြေအနေ
၁၉း၀၅	၁၅။	စွမ်းဆောင်ကြိုးပမ်း ရှေ့သို့လှမ်း၍ အောင်ပွဲဆင်နေ မြန်မာ့ရွက်လှေ (အပိုင်း-၂)
၁၉း၁၅	၁၆။	မွန်တို့နေထိုင်ရာ တိုင်းရင်းသားကျေးရွာ
၁၉း၂၅	၁၇။	တိုးတက်ဝေစည် ကန္ဒရဝတီ ငွေတောင်ပြည်
၁၉း၄၀	၁၈။	ကျေးလက်ဒေသတစ်ခွင် အလှဆင်
၂၀း၀၀	၁၉။	ပြည်တွင်းသတင်း
	၂၀။	နိုင်ငံတကာသတင်းများ
	၂၁။	မိုးလေဝသအခြေအနေ
	၂၂။	နိုင်ငံခြားဇာတ်လမ်းတွဲ **"အချစ်ဆိုသည်မှာ"** (အပိုင်း-၃၈)

ရွှေဦးမြို့နယ်အသင်း(ရန်ကုန်) သင်းလုံးကျွတ်စည်းဝေးမည်

ရန်ကုန် မေ ၂၃

ရွှေဦးမြို့နယ်အသင်း(ရန်ကုန်)၏ နှစ်ပတ်လည် သင်းလုံးကျွတ် အစည်းအဝေးကို မေ ၃၀ရက် (တနင်္ဂနွေ) နေ့ နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ဓမ္မစေတီလမ်း (ဘောင်ဒရီ) မိုးညှင်းဝိပဿနာ တိုက်သစ် ဓမ္မာရုံကြီးတွင် ကျင်းပမည်ဖြစ်ရာ ရွှေဦးမြို့နယ်သူ မြို့နယ်သားများနှင့် အသင်းသူ အသင်းသား အားလုံး မပျက်မကွက် တက်ရောက်ကြရန်နှင့် အလှူငွေများ၊ နှစ်စဉ်ကြေးများ ထည့်ဝင်ကြရန် နှိုးဆော်ထားကြောင်း သိရသည်။

(က-ပ)

နယ်စပ်ကုန်သွယ်ရေးဦးစီးဌာန ဝန်ထမ်းမိသားစုများ ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်) ဆရာတော်များအား နေ့ဆွမ်းဆက်ကပ်

ရန်ကုန် မေ ၂၃

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန နယ်စပ်ကုန်သွယ်ရေး ဦးစီးဌာန ဝန်ထမ်းမိသားစုများ၏ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ် (ရန်ကုန်)အတွက် တစ်နေ့တာ နေ့ဆွမ်းဆက်ကပ်လှူဒါန်းပွဲ အခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးကုန်းမြေရှိ မိုးကုတ်ဆွမ်းစား ဆောင်၌ကျင်းပရာ နိုင်ငံတော်ပရိယတ္တိသာသနာ့တက္ကသိုလ်(ရန်ကုန်)နာယကချုပ် ဆရာတော်အဂ္ဂမဟာပဏ္ဍိတ ဘဒ္ဒန္တပဏ္ဍိတာဘိဝံသ ကြွရောက်တော်မူပြီး စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီး ဒေါ်အေးပြည့်ဝေခင်၊ ဒုတိယဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်း၊ အကြံပေးပုဂ္ဂိုလ်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဖိတ်ကြားထားသူများနှင့် ဝန်ထမ်းမိသားစုများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဝန်ကြီး ဗိုလ်မှူးချုပ်ပြည့်စုံနှင့် ဇနီးတို့က နာယကချုပ်ဆရာတော်အား လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းကြပြီး တစ်နေ့တာဆွမ်း အလှူတော်ငွေကျပ် ၄၅၀၀၀၀ကိုဝန်ကြီးက သာသနာတော်ထွန်းကားပြန့်ပွားရေး ဦးစီးဌာန ညွှန်ကြားရေးမှူး ဦးအောင်ခိုင်အား ပေးအပ်လှူဒါန်းသည်။

ဆက်လက်၍ သင်ကြားစီမံ ဆရာတော် ၆၈ ပါးအတွက် နဝကမ္မ အလှူငွေကျပ် ၆၈၀၀၀ ကို ဒုတိယ ဝန်ကြီး ဗိုလ်မှူးချုပ်အောင်ထွန်းက လှူဒါန်းရာ ညွှန်ကြားရေးမှူး ဦးအောင်ခိုင်က လက်ခံယူပြီး နာယကချုပ် ဆရာတော်က အနုမောဒနာတရား ချီးမြှင့်သည်။

ယင်းနောက် လှူဒါန်းမှုအစုစု အတွက် ရေစက်ချအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံတိဋ္ဌတု သုံးကြိမ် ရွတ်ဆိုဆုတောင်း၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

(သတင်းစဉ်)

ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲကျင်းပမည်

ရန်ကုန် မေ ၂၃

မြန်မာနိုင်ငံ တိုက်ကွမ်ဒိုအဖွဲ့ချုပ်က ကြီးမှူးကျင်းပမည့် အဋ္ဌမအကြိမ်မြောက် ပြည်နယ်နှင့်တိုင်း တိုက်ကွမ်ဒိုပြိုင်ပွဲကို ဇွန် ၁၃ ရက်မှ ၁၇ ရက်အထိ အောင်ဆန်းအားကစားပြိုင်ဝင်း မိုးလုံလေလုံခန်းမတွင် ကျင်းပမည်ဟု သိရသည်။ **(မြန်မာ့အလင်း)**

နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၁၈ရက်က ဒေါပုံမြို့နယ် မြို့သစ်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံးတွင်ကျင်းပရာ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးမှူး ဦးဝင်းမြတ်စိုးက ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌ ဦးခင်မောင်ဝင်းသို့ ပေးအပ်စဉ်။ (မြို့နယ် ပြန်/ဆက်)

JOB VACANCY
(Local Service Only/ Salary in Kyat)

We have the vacancy for the following post.

1. Manager (M/F) 1 Post

The one who has experience in managing garment factory and ability to speak English and or Japanese is preferable.

Interested applicant is invited to submit written application stating particulars which include full address, contact phone number, copy of certificates, recent photo, Labour registration card and expected salary within (5)days from the date of this advertisement to:

No.6(A),Inya Road, Kamayut T/S,Yangon

'အရွယ်ရောက်သူတိုင်းယာဉ်မောင်းတတ်ရမည်'
Must, All Adults, Be Able to Drive
(NEW ASIA)

FAME
Hepa-B®

U Aung Naing (LCCI)
B.Com (Q), CPA (Part-I), DA (LCCI), CAT (UK), DMAc, ACCA (Part-II)
L.C.C.I Level 1, 2 & 3
Diploma သင်တန်း
Ph : 721143, 09 5020528
5.6.04 (Sat)

မြောက်ဥက္ကလာပ ဝိသုံဂါမသိမ်တော်ကြီး တည်ဆောက်ရေးအလှူငွေပေးအပ်ပွဲကျင်းပ

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း မြောက်ဥက္ကလာပဂိတ်ဟောင်း ကြို့တံတားအနီး ပြည့်စုံအေး မဟာစည်ရိပ်သာကြီးတွင် ရိပ်သာပဓာန နာယက တောင်ငူဆရာတော် ဘဒ္ဒန္တသုဇာတကြီးမှူးတည်ဆောက်လျက်ရှိသော ကျပ်သိန်းသုံးရာကျော်တန် ဝိသုံဂါမ သာသနာအေးသိမ်တော်ကြီးအတွက် အလှူငွေပေးအပ်ပွဲကို ယနေ့ နံနက်က အဆိုပါသိမ်တော်ကြီးခန်းမ၌ကျင်းပရာ သီဟဗလ ဗိုလ်မှူးကြီးစိန်မှန်-ဒေါ်အေးကြည်အားရည်စူး၍ သမီးဒေါ်ဒေါ်ချောနှင့် သားသမီးမြေးတစ်စုက ကျပ်သိန်းတစ်ရာ၊ မြောက်ဥက္ကလာ(ရှ)ဈေး ရွှေဇင်ယော် ရတနာရွှေဆိုင် ဦးကြည်ဝင်း-ဒေါ်သိန်းသိန်းဝင်းမိသားစုက ကျပ်ငါးသိန်း၊ မရမ်းကုန်းမြို့နယ် ကိုးမိုင်နေ ဦးကြည်ဝင်း-ဒေါ်သိန်းသိန်းဝင်းမိသားစု၊ တောင်ငူမြို့ရတနာလမ်းနေ ဒေါ်စန်းအားရည်စူး၍ ဦးစန်းလွင်မိသားစု၊ မြိတ်မြို့ဗိုလ်ချုပ်လမ်းနေ (ဦးစိုးသိန်း)-ဒေါ်အေးညွှန့်မိသားစုတို့က ကျပ်သုံးသိန်းစီ၊ ဆင်ပေါင်ဝဲမြို့နယ် မွန်းစရွာနေ ဦးဖိုးထည်-ဒေါ်လှညွှန့်မိသားစုက ကျပ်တစ်သိန်းငါးသောင်း၊ တောင်ဥက္ကလာပ မြို့နေ ဦးဝင်း-ဒေါ်ခင်ရွှေအားရည်စူး၍ သားသမီးများ၊ အလုံသစ်မာဝင်းနေ ဦးလှမောင်-ဒေါ်ကျင်ယုံ သမီးမမေမာတင်၊ မလွင်လွင်မာ မိသားစု၊ တောင်ငူမြို့ ဈေးလမ်းနေ ဦးအောင်လွင်-ဒေါ်မြဝေမိသားစု၊ ရွှေပေါက်ကံမြို့ မြဝတီမင်းကြီး (၅)လမ်းနေ ဦးထွန်းရှင်မိသားစု၊ မြောက်ဥက္ကလာ သုနန္ဒာလမ်းနေ ဦးမြတ်စိုး-ဒေါ်သန်းကြည်မိသားစု၊ ရွှေပေါက်ကံ ဝေဘာဂီလမ်းနေ မစန္ဒာဝင်းအား ရည်စူး၍ ကိုတင်ထွန်းဦး၊ သမီး စုပုံချစ်တို့က ကျပ်တစ်သိန်းစီ၊ ကျိုက္ကဆံ တရားစခန်းနေ ဥပုသ်သည် ယောဂီများက ကျပ်ကိုးသောင်း၊ မန္တလေး(၄၁) လမ်းမှ (ဒေါက်တာခင်မောင်သန်း)-ဒေါ်တင်အေးမိသားစု၊ ဦးမောင်မောင်-ဒေါ်ခင်မွန်အေးမိသားစုတို့က ကျပ် ၅၅၀၀၀စီ၊ တောင်ငူမြို့ဈေးကြီး ဆွေဇင်ဦး အလှကုန်၊ ဦးတင်ဝင်း-ဒေါ်ခင်ညိုမိသားစု၊ ထိုင်းနိုင်ငံ ဗန်ကောက်မြို့နေ ရဟန်းအမ ဒေါ်ကျင်လှိုင်၊ အနောက်မြင်းပြိုင်ကွင်းလမ်းနေ ဦးထွန်းဖေ-ဒေါ်အေးခင်အား ရည်စူး၍ သမီးဒေါ်ငွေသန့်၊ ကျိုက္ကဆံနေ ဦးအောင်မြင့်မိသားစု(ဘိုးတော်အမွေးတိုင်)၊ မြောက်ဥက္ကလာ ဘုမ္မာ(၃)လမ်းနေ (ဦးကြီးမြင့်-ဒေါ်ကျော့ငွေး)မိသားစုတို့က ကျပ် ၅၀၀၀၀စီကို ပဓာနနာယက ဆရာတော်ထံ ဆက်ကပ်လှူဒါန်းကြသည်။ လှူဒါန်းလိုသူများသည် အဆိုပါရိပ်သာ ဖုန်း-၀၁-၆၉၀၀၃၅သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **(က-ပ)**

ဗီယန်ရှင်းမြို့တော်ဝန်နှင့်အဖွဲ့ ပြန်လည်ထွက်ခွာ

ရန်ကုန် မေ ၂၃

လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံပြည်သူ့တော်လှန်ရေးပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် ဗီယန်ရှင်း မြို့တော်ဝန် H.E. Mr. Thong Sing Thama Mavong ခေါင်းဆောင်သော အဖွဲ့ဝင်ငါးဦးပါဝင်သည့် ချစ်ကြည်ရေးကိုယ်စားလှယ်ဖွဲ့သည် ယနေ့နံနက် ၁၀နာရီတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် ပြန်လည်ထွက်ခွာသွားသည်။

ညှိသည်တော် လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံ ပြည်သူ့တော်လှန်ရေးပါတီ ပေါလစ်ဗျူရိုအဖွဲ့ဝင် ဗီယန်ရှင်းမြို့တော်ဝန် H.E. Mr. Thong Sing Thama Mavong ခေါင်းဆောင်သော ချစ်ကြည်ရေး ကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီ ဒုတိယဥက္ကဋ္ဌ ဒုတိယမြို့တော်ဝန် ဗိုလ်မှူးကြီးမောင်ပါနှင့် မြန်မာနိုင်ငံဆိုင်ရာ လာအိုပြည်သူ့ ဒီမိုကရက်တစ်သမ္မတနိုင်ငံသံအမတ်ကြီး Mr. Chan thavy Bodhisane နှင့် သံရုံး တာဝန်ရှိသူများက ရန်ကုန်အပြည်ပြည်ဆိုင်ရာ လေဆိပ်တွင် ပို့ဆောင်နှုတ်ဆက်ကြကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ကမ္ဘာ့ဆေးလိပ်မသောက်ရေးနေ့
(၃၁-၅-၂၀၀၄)

World No-Tobacco Day
(31-5-2004)

ဆေးလိပ်ဆေးရွက်ရှောင်ကြဉ်မှု၊ လူမှုဘဝချမ်းသာရ

Tobacco Control and Poverty

ကျန်းမာရေးဝန်ကြီးဌာန

Fresh Up Gel သွားတိုက်ဆေးအသစ်မိတ်ဆက်

ရန်ကုန် မေ ၂၃

Fresh Up Gel သွားတိုက်ဆေးအသစ် ဖြန့်ချိရေးမိတ်ဆက်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၂ နာရီတွင် ရန်ကုန်မြို့ ကမ္ဘာအေးစေတီလမ်းရှိ ဆီဒိုးနားဟိုတယ်၌ ကျင်းပရာ မြန်မာနိုင်ငံ သွားဘက်ဆိုင်ရာ ဆရာဝန်အသင်းမှ တာဝန်ရှိသူများ၊ စာနယ်ဇင်းများမှ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ အရောင်းကိုယ်စားလှယ်များ၊ Fresh Up ကုမ္ပဏီမှတာဝန်ရှိသူများ၊ ဝန်ထမ်းများနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ရှေးဦးစွာ Fresh Up ကုမ္ပဏီမှ Brand Manager ဒေါ်မိုးမြင့်သူက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားပြီး အုပ်ချုပ်မှုဒါရိုက်တာ ဒေါက်တာထွန်းမင်းက Fresh Up Gel သွားတိုက်ဆေးသစ်အကြောင်း ရှင်းလင်းပြောကြားကာ **(ယာပုံ)** မြန်မာ့ရုပ်မြင်သံကြားနှင့် မြဝတီရုပ်မြင်သံကြားတို့မှ ကြော်ငြာမည့် Fresh Up Gel သွားတိုက်ဆေး ကြော်ငြာကို ပြသသည်။

Fresh Up Gel သွားတိုက်ဆေးကို သိပ္ပံနည်းကျ နိုင်ငံတကာအဆင့်မီ ထုတ်လုပ်ထားခြင်းဖြစ်ပြီး ပိုမိုအေးမြစေသော Methol အရသာနှင့်ထူးခြားသော SCM ဓာတ်ပေါင်းများ ပါဝင်ခြင်းကြောင့် သွားပိုးစားခြင်း၊ သွားဆွေးမြည့်ခြင်းနှင့် ခံတွင်းအနံ့ဆိုးခြင်းတို့ကို ကာကွယ်မှုပေးနိုင်မည်ဟု သိရှိရသည်။ **(သတင်းစဉ်)**

မြန်မာနယူးစ်ဂေဇက် အတွဲ(၁)၊ အမှတ်(၂)ဖြန့်ချိ

ရန်ကုန် မေ ၂၃

အယ်ဒီတာချုပ် ကိုကို(စက်မှုတက္ကသိုလ်)တည်းဖြတ်ထုတ်ဝေသည့် မြန်မာနယူးစ်ဂေဇက်ဂျာနယ် အတွဲ(၁)၊ အမှတ်(၂)ကို ဖြန့်ချိထားသည်။

အာရှ ပစိဖိတ်ကုန်သည်ကြီးများအသင်း မြန်မာနိုင်ငံ လာရောက်ဆွေးနွေးရန်ရှိ၊ စပါးလင် ဆီမွှေးစက်ရုံဖွင့်လှစ်၊ ရေလုပ်ငန်းစီးပွားမှ ကဏန်းဈေးကွက်၊ အိန္ဒိယတွင် အိမ်ရှင်မသင်တန်းကျောင်းဖွင့် စသည့် ပြည်တွင်းပြည်ပ သတင်းများနှင့် ဆောင်းပါးများ စုံလင်စွာ ဖော်ပြထားပြီး e-Empire Media House ဖုန်း-၇၀၃၈၁၃ က မြန်မာတစ်ပြည်လုံးသို့ ဖြန့်ချိသည်။ **(က-ပ)**

ယာဉ်မောင်းသူအချို့ မဆင်မခြင်မောင်းနှင်မှုကြောင့် ယာဉ်တိုက်မှုများဖြစ်ပွားလျက်ရှိ ယာဉ်တိုက်မှုများ လျော့ကျအောင် ထိရောက်စွာ စစ်ဆေးကြပ်မတ်အရေးယူ

ရန်ကုန် မေ ၂၃

ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မေ ၂၁ ရက် ညနေ ၅ နာရီခွဲက ရန်ကုန်တိုင်းစစ်ဌာနချုပ် အစည်းအဝေးခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှု အဖွဲ့ဥက္ကဋ္ဌ ရန်ကုန်တိုင်း အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေ တက်ရောက်အမှာစကားပြောကြားသည်။ (အပေါ်ပုံ)

အမှာစကားပြောကြား

ရှေးဦးစွာ ရန်ကုန်တိုင်းလမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက အမှာစကား ပြောကြားသည်။

ရှင်းလင်းတင်ပြ

ထို့နောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှုလုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ဝင်များက ခရီးသွားပြည်သူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး၊ ယာဉ်အန္တရာယ် မဖြစ်ပွားစေရေးတို့အတွက် သက်ဆိုင်ရာ ကဏ္ဍများအလိုက် စီမံဆောင်ရွက်နေမှုအခြေအနေများကို လည်းကောင်း၊ ရန်ကုန်မြို့ရှိတက္ကသိုလ်နှင့်ကောလိပ်များမှ မော်ကွန်းထိန်းများနှင့် တာဝန်ရှိသူများက ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ အဆင်ပြေချောမွေ့စွာ သွားလာနိုင်ရေး ကူညီဖြည့်ဆည်းပေးရမည့် အခြေအနေများကို လည်းကောင်း၊ ရန်ကုန်တိုင်းအတွင်း ပြေးဆွဲလျက်ရှိသည့် မော်တော်ယာဉ်လိုင်းများမှ ယာဉ်လိုင်းဥက္ကဋ္ဌများက သက်ဆိုင်ရာယာဉ်လိုင်းများမှ ယာဉ်မောင်းများနှင့် ယာဉ်နောက်လိုက်များအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့် အညီ ပြုမူဆက်ဆံမောင်းနှင်ရေး ကြပ်မတ်ဆောင်ရွက်နေမှု အခြေအနေများကိုလည်းကောင်း ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် ရန်ကုန်တိုင်း လမ်းပန်းဆက်သွယ်မှု လုံခြုံချောမွေ့စေရေး ကြီးကြပ်ကွပ်ကဲမှုအဖွဲ့ ဥက္ကဋ္ဌ တိုင်းမှူး ဗိုလ်ချုပ်မြင့်ဆွေက ရန်ကုန်မြို့တော်အတွင်း နေ့စဉ်သွားလာလျက်ရှိသည့် မော်တော်ယာဉ်များ၏ ယာဉ်မောင်းသူအချို့သည် ကြီးကြပ်ကွပ်ကဲမှုအားနည်းလျှင် အားနည်းသည့်အလျောက် မဆင်မခြင် မောင်းနှင်ခြင်းနှင့် အရှိန်လွန်မောင်းနှင်ခြင်းတို့ကြောင့် ယာဉ်တိုက်ခိုက်မှု၊ ယာဉ်မတော်တဆဖြစ်မှုတို့ ဖြစ်ပွားလျက်ရှိကြောင်း။

ယာဉ်မောင်းသူ၏ ပေါ့ဆမှုကြောင့် ယာဉ်တိုက်ခိုက်မှုများ လျော့ကျအောင် အထိရောက်ဆုံး ဆောင်ရွက်ရမည့်နည်းလမ်းမှာ ထိရောက်စွာ စစ်ဆေးကြပ်မတ် အရေးယူမှုအပိုင်းသည် အကောင်းဆုံးနည်းလမ်းဖြစ်၍ ရန်ကုန်မြို့တော်အတွင်း သတ်မှတ်ထုတ်ပြန်ထားသည့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ သတိပေးနိုးဆော်ချက်များကို ဖောက်ဖျက်ကျူးလွန်သည့် ယာဉ်မောင်းများအား ထိရောက်စွာ အရေးယူရေး၊ အနေးယာဉ်များ၊ လမ်းလျှောက်သူ၊ လမ်းဖြတ်ကူးသူ ပြည်သူများကလည်း သတ်မှတ်ထားသည့် လမ်းစည်းကမ်းများကို တိကျစွာလိုက်နာ ဆောင်ရွက်ရေးတို့ကို တာဝန်ရှိသူအဆင့်ဆင့်က ကြပ်မတ်ဆောင်ရွက်ကြရေး မှာကြားကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄ ဖွင့်ပွဲ လားရှိုး နန်းဟောဝန်ဥယျာဉ်တွင် ကျင်းပ

ရန်ကုန် မေ ၂၃

ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)၏ ခွင့်ပြုချက်ဖြင့် Dragon Exhibitions Limitedက စီစဉ်ခင်းကျင်းပြသသည့် မြန်မာ့ထုတ်ကုန် ပစ္စည်းပြပွဲ-၂၀၀၄ (Myanmar Products Expo' 2004) ဖွင့်ပွဲအခမ်းအနားကို မေ ၁၅ရက် မွန်းတည့် ၁၂နာရီက လားရှိုးမြို့ နန်းဟောဝန်ဥယျာဉ်အဝင် မုခ်ဦးရှေ့၌ ကျင်းပသည်။

ရှေးဦးစွာ ရှမ်းပြည်နယ် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ (မြောက်ပိုင်း)အတွင်းရေးမှူး ဒုတိယဗိုလ်မှူးကြီးကျော်ရွှေနှင့် Dragon Exhibitions Limited မန်နေဂျင်းဒါရိုက်တာ ဦးအောင်အောင်တို့က မြန်မာ့ထုတ်ကုန်ပစ္စည်းပြပွဲ ၂၀၀၄-ကို ဖဲကြိုးဖြတ်၍ ဖွင့်လှစ်ပေးကြသည်။**(အောက်ပုံ)**

ပြပွဲတွင် ပြည်တွင်းပြည်ပမှ အလှကုန်နှင့် လူသုံးကုန်ပစ္စည်း၊ အဝတ်အထည်နှင့် ဖက်ရှင်အသုံးအဆောင်ပစ္စည်း၊ ပလတ်စတစ်ပစ္စည်း၊ စားသောက်ကုန်ပစ္စည်း၊ လျှပ်စစ်နှင့်အီလက်ထရွန်းနစ်ပစ္စည်း၊ အိမ်သုံးကုန်ပစ္စည်း၊ စက္ကူစာရေးကိရိယာနှင့် ထုပ်ပိုးပစ္စည်း၊ အသေးစားစက်ပစ္စည်းနှင့် တပ်ဆင်ပစ္စည်း၊ တိုင်းရင်းဆေးနှင့် ဆေးဝါးပစ္စည်းအမျိုးမျိုးတို့ကို ပြခန်းအလှဆုံးပြင်ဆင်မှုရွေးချယ်ခြင်းနှင့် Star Entertainment ၏ ကုန်ပစ္စည်း အရောင်းမြှင့်တင်ရေး ကြော်ငြာသရုပ်ပြပွဲ၊ ဖျော်ဖြေရေးအစီအစဉ်များဖြင့် ပြပွဲကိုမေ ၁၉ ရက်အထိ ခင်းကျင်းပြသခဲ့

မူးယစ်ဆေးဝါးများ သယ်ဆောင်ရင်း ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှု လုပ်ကြံသတ်ဖြတ်သည့်ဖြစ်စဉ် တာချီလိတ်မြို့နယ်၌ဖြစ်ပွား

ရန်ကုန် မေ ၂၃

ရှမ်းပြည်နယ် (အရှေ့ပိုင်း) တာချီလိတ်မြို့နယ်အတွင်း၌ မေ ၁၇ ရက်က စိတ်ကြွရူးသွပ်ဆေးပြားများ သယ်ဆောင်ရင်း ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုများကြောင့် လုပ်ကြံသတ်ဖြတ်သည့် ဖြစ်ရပ်တစ်ခု ဖြစ်ပွားခဲ့သည်။

အဆိုပါဖြစ်စဉ်မှာ မေ ၁၇ရက်ည ၇ နာရီခွဲခန့်တွင် တာချီလိတ်မြို့ မိုင်းဖုန်း(ခ) အုပ်စု ရွှေလေလန် ကျေးရွာမှ ကိုက် ၂၀၀ ခန့်အကွာ၌ လက်နက်ငယ်သံများကြားရသဖြင့် ဇော့လေလန် စစ်ဆေးရေးစခန်းမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သွားရောက်ကြည့်ရှု စစ်ဆေးရာ ဖို့ဒ်အမျိုးအစား အနီရောင် ယာဉ်အမှတ် (၃ခ/ ၇၄၅၈)ကို လက်နက်ငယ်ကျည်များထိမှန်ပျက်စီးနေပြီး ယာဉ်ပေါ်တွင် ပါလာသည့် ယာဉ်မောင်းဖြစ်သူ တာချီလိတ်မြို့နယ် မိုင်းဖုန်း(က) အုပ်စု ပါခါကျေးရွာနေ အဖ ဦးမဟာရှန်၏သား စိုင်းကျော် (အသက် ၄၀)နှစ်သည် မျက်နှာနှင့်လည်ပင်းတို့တွင် ဓားဒဏ်ရာများဖြင့် လည်းကောင်း၊ ယာဉ်နောက်ခန်းတွင် လိုက်ပါလာသူ စိုင်းကျော်၏ ဇနီး ဒေါ်နန်းရှန် (အသက် ၄၀)နှစ်နှင့် ဒေါ်နန်းရှန်၏ မိခင် ဒေါ်နန်းလီ (အသက် ၆၀)နှစ်တို့သည် လက်နက်ငယ် ဒဏ်ရာများဖြင့် လည်းကောင်း သေဆုံးနေပြီး ယာဉ်အောက်တွင်လည်း ကောက်ရိုး အနည်းငယ်စုပုံ၍ မီးရှို့ရန် စီစဉ်ထားကြောင်း တွေ့ရှိရသည်။

မေ ၁၈ ရက် နံနက်ပိုင်းတွင် နယ်မြေခံ ရဲတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် အဆိုပါနေရာသို့ သွားရောက်၍ အသေးစိတ်ရှင်းလင်းရှာဖွေရာ ဖြစ်စဉ်နေရာအနီး လမ်းဘေးချုံပုတ်အတွင်းမှ အနက်ရောင် ပလတ်စတစ်ထုပ် တစ်ထုပ်ကို မသင်္ကာဖွယ်ရာ တွေ့ရှိသဖြင့် ဖွင့်ဖောက်စစ်ဆေးခဲ့ရာ စုစုပေါင်းအလေးချိန် ၁၀ ကီလိုဂရမ်ခန့်ရှိ ဒဗလျူပိုင်စာတမ်းပါ ပန်းရောင် စိတ်ကြွရူးသွပ်ဆေးပြား တစ်သိန်းကို တွေ့ရှိသိမ်းဆည်းရမိခဲ့ပြီး ဖြစ်စဉ်မှာ စိုင်းကျော်အား ပုဂ္ဂိုလ်ရေးအရ မကျေနပ်မှုကြောင့် လမ်းမှစောင့်ကြိုပစ်ခတ် လုပ်ကြံသတ်ဖြတ်ခဲ့ခြင်းဖြစ်နိုင်ကြောင်း သုံးသပ်ရရှိသည်။

ယင်းဖြစ်စဉ်တွင် သိမ်းဆည်းရမိ စိတ်ကြွရူးသွပ်ဆေးပြားများနှင့် ဆက်စပ်ပစ္စည်းများကို သက်ဆိုင်ရာ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့စခန်းက အမှုဖွင့်အရေးယူဆောင်ရွက်လျက်ရှိကြောင်းနှင့် မူးယစ်ဆေးဝါးသယ်ဆောင်မှုနှင့်အကြမ်းဖက် လုပ်ကြံသတ်ဖြတ်မှုတို့နှင့် ပတ်သက်သည့် တရားခံများအား ဆက်လက်ဖော်ထုတ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

ဗဟန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနက ကြီးမှူး၍ မေ ၁၈ ရက် တွင် ဆရာစံ တောင် (စံပြ) ရပ်ကွက် ရပ်ကွက် လုံးဆိုင်ရာ မဟာသိမ်တော်ကြီး တွင် ရပ်ကွက် ကိုယ့်အားကိုယ်ကိုး စာကြည့်တိုက်နှင့် နယ်လှည့်စာကြည့်တိုက်၊ နံရံကပ်စာစောင်၊ ဓာတ်ပုံပြပွဲနှင့် ဟောပြောပွဲဖွင့်ပွဲကျင်းပရာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဒေါ်ခင်ဌေးနှင့် ရပ်ကွက်ဥက္ကဋ္ဌ ဦးကျော်တို့က ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးကြစဉ်။ (မြို့နယ် ပြန်/ဆက်)

ဦးမောင်ကြီးဂေါပကအဖွဲ့၏(၁၅)ကြိမ်မြောက်ငွေလှူဒါန်းမည်

ရန်ကုန် မေ ၂၃

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း (YMBA)၏ (၁၅)ကြိမ်မြောက် ပွဲစားကြီး ဦးမောင်ကြီး ဂေါပကအဖွဲ့၏ အလှူတော်ငွေလှူဒါန်းပွဲကို ဇွန် ၆ ရက် (တနင်္ဂနွေနေ့) နံနက် ၉ နာရီခွဲတွင် အမှတ်(၇၇) ရေကျော်လမ်း ပုဇွန်တောင်မြို့နယ်ရှိ အသင်းတိုက်တွင် ကျင်းပ၍ (၁) မန္တလေးမြို့ မစိုးရိမ်တိုက်သစ်၊ (၂) ပဲခူးမြို့ ကြခတ်ဝိုင်းကျောင်းတိုက်၊ (၃) အမရပူရမြို့ မဟာဂန္ဓာရုံကျောင်းတိုက်၊ (၄)မုံရွာမြို့ မဟာဇောတိက ရာမတိုက်၊ (၅)ပခုက္ကူမြို့ မဟာဝိသုတာရာမတိုက်၊ (၆)မန္တလေးမြို့ ပရိယတ္တိသာသနဟိတ အသင်းနှင့် (၇)ရန်ကုန်မြို့ YMBA အသင်းတို့သို့ FEC ၂၀၉၇၅ လှူဒါန်းကြမည်ဖြစ်သည်ဟု သိရသည်။ **(က-ပ)**

အခြေခံပညာကဏ္ဍ ၂၀၀၄ခုနှစ် အမျိုးသား ပညာရည်မြင့်မားရေး နှီးနှောဖလှယ်ပွဲဆင့်ပွားရှင်းလင်းပွဲကို မေ ၂၁ ရက်က သာကေတမြို့နယ် အထက(၁) ကျောင်းခန်းမ၌ ကျင်းပရာ မြို့နယ်ပညာရေးမှူး ဦးအေးကြိုင် အမှာစကားပြောကြားစဉ်။ (၂၅၈)

ဘုတလင်မြို့ မြို့ပေါ်ကျေးရွာ၌ အလှူရှင် စက်ရေတွင်းဖွင့်

ဘုတလင် မေ ၁၄

စစ်ကိုင်းတိုင်း ဘုတလင်မြို့နယ် မြို့ပေါ်အုပ်စု မြို့ပေါ်ကျေးရွာတွင် ၂၀၀၃-၂၀၀၄ခု ဘဏ္ဍာရေးနှစ်တွင် ဆောင်ရွက်ပြီးစီးသည့်နှစ်လက်မအလှူရှင် စက်ရေတွင်း ဖွင့်ပွဲအခမ်းအနားကို မေ၁၀ရက်က ကျောင်းပရာမြို့နယ်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌနှင့် စည်ပင်သာယာရေးအဖွဲ့ အမှုဆောင် အရာရှိတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။**(ဝဲပုံ)**

အဆိုပါနှစ်လက်မ စက်ရေတွင်းသည်အနက် ပေ ၄၀၀ဖြစ်ပြီး တစ်နာရီ ရေဂါလန်၁၂၀၀နှုန်းထွက်သည့်အတွက် ကျေးရွာလူထုသည် သန့်ရှင်းသောသောက်သုံးရေ အလုံအလောက် ရရှိကြသည်။ **(မြို့နယ်စည်ပင်)**

အမှတ် ၂၇၇ ပထမလမ်း (၁) ရပ်ကွက် ဖျာပုံမြို့ ဧရာဝတီတိုင်းနေ ကွယ်လွန်သူ ဘုရား၊ သိမ်၊ ကျောင်း၊ ရဟန်းဒါယကာကြီး (ဦးပေါ်တရား)အားရည်စူး၍ ဇနီးဒေါ်ကြင်မိသားစုကအလှူငွေ ကျပ်နှစ်သိန်းကို ဗြဟ္မဝိဟာရ ပရိယတ္တိစာသင်တိုက် သုဒဿနလမ်း၊ ၁၆/၂ ရပ်ကွက်၊ သဃ်္ဃန်းကျွန်းမြို့နယ်ရှိ နာရေးကူညီမှုအသင်း (ရန်ကုန်)သို့ လှူဒါန်းရာ ဒုတိယဥက္ကဋ္ဌ ဦးကျော်သူ(ရုပ်ရှင်သရုပ်ဆောင်)နှင့် ပြန်ကြားရေး ခေါင်းဆောင် ဒေါ်သန်းမြင့်အောင်တို့က လက်ခံရယူကြစဉ်။ (က-ပ)

ပဲခူးတိုင်း(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်း မိုးစပါးစိုက် တောင်သူဦးကြီးများနှင့် တွေ့ဆုံဆွေးနွေး

ရန်ကုန် မေ ၂၃

ပဲခူးတိုင်းအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ(အနောက်ပိုင်းတိုင်းခွဲ) ဥက္ကဋ္ဌဗိုလ်မှူးကြီးလှမင်းနှင့် တာဝန်ရှိသူများသည် မေ ၁၃ ရက်က ပဲခူးတိုင်း (အနောက်ပိုင်း) သာယာဝတီခရိုင် သာယာဝတီမြို့နယ် လှည်းလမ်းကူးရွာအနီးရှိ သုံးဆယ်ဆည်ကို ကြည့်ရှုစစ်ဆေးခြင်း၊ ဆည်ရေသောက်စနစ်ဖြစ်သော လက်ဝဲ၊ လက်ယာတူးမြောင်းများကို စက်ယန္တရားများဖြင့် ဆောင်ရွက်သည့် လုပ်ငန်းခွင်အား ကြည့်ရှုစစ်ဆေးပြီး လုပ်ငန်းများ မိုးမကျမီကာလအတွင်း သတ်မှတ်စံနှုန်းအတိုင်း ပြည့်ဝစွာဆောင်ရွက်နိုင်ရေး တာဝန်ရှိသူများအား ပြောကြားသည်။

ယင်းနောက် သာယာဝတီခရိုင်၊ လက်ပံတန်းမြို့နယ် ရေကြည်အုပ်စု အတွင်းရှိ ရေကြီးကွင်းဖြစ်သော ဂယက်ဂတေရီးသို့ရောက်ရှိပြီး ယခုနှစ်မိုးစပါးဧက ၂၀၀၀ တိုးချဲ့စိုက်ပျိုးနိုင်ရန် စက်ယန္တရားများဖြင့် ရေနုတ်မြောင်း တူးဖော်မှုများကို ကြည့်ရှုစစ်ဆေးပြီး မိုးစပါးလယ်ယာမြေသစ်တိုးချဲ့မည့် တောင်သူလယ်သမားများနှင့် တွေ့ဆုံကာ လိုအပ်သည်များကို ပံ့ပိုးကူညီဆောင်ရွက်ပေးသည်။

မေ၁၄ရက်ကပဲခူးတိုင်း (အနောက်ပိုင်းတိုင်းခွဲ)ဥက္ကဋ္ဌ ဗိုလ်မှူးကြီးလှမင်းသည် သာယာဝတီ ခရိုင်မင်းလှမြို့နယ် ကျွဲမကိုင်းရွာအနီး တည်ဆောက်သည့် ကံတင်ဘီးလင်းဆည်သို့ ရောက်ရှိပြီး ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၉)မှလက်ထောက်ညွှန်ကြားရေးမှူး ဦးဗိုက် ဗိုက်ကျော်က ကံတင်ဘီးလင်းဆည်၏ အခြေအနေများကို ရှင်းလင်းတင်ပြပြီး လက်ဝဲတူးမြောင်း မြောင်းလက်တံများနှင့် တူးမြောင်းအဆောက်အအုံတို့ကို စက်ယန္တရား၊ လူအားတို့ဖြင့် ဆောင်ရွက်မှုများကို ကြည့်ရှုစစ်ဆေးကြောင်း သတင်းရရှိသည်။ **(သတင်းစဉ်)**

မော်လမြိုင်ကျွန်းမြို့နယ် ကျွန်းဒိပ်ကျေးရွာအုပ်စုပင်မြင့်စံ ကိုယ့်အားကိုယ်ကိုး ကျေးလက် စာကြည့်တိုက်ဖွင့်ပွဲကို မေ ၁၃ရက်ကအေးရွာမူလတန်းကျောင်း၌ကျောင်းပရာမြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးတာဝန်ခံဦးစီး ဒေါ်နော်မာဂရက်၊ ခတ်ပုံကျွမ်းကျင်(၂) ဦးမြင့်အောင်နှင့် ကျေးရွာဥက္ကဋ္ဌတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြစဉ်။ (၀၉၇)

ပေါင်းတည်မြို့နယ် နိုင်ငံသားအရည်အချင်း ပြည့်မီသူများကို နိုင်ငံသားစိစစ်ရေးကတ်ပြားပေးအပ်ပွဲကို မေ ၁၇ ရက်က ဈေး(၁)ရပ်ကွက်ရပ်ကွက်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီရုံး၌ကျောင်းပရာမြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမြင့်စိုးက ရပ်ကွက်ဥက္ကဋ္ဌ ဦးစိုးသန်းအား ပေးအပ်စဉ်။ (၁၃၅)

မေ ၁၄ ရက် ကျိုက်ထိုမြို့နယ် လူဝင်မှုကြီးကြပ်ရေးနှင့် အမျိုးသားမှတ်ပုံတင်ရေးဦးစီးဌာနမှ ကော့ဘိန်းကျေးရွာတွင် နိုင်ငံသားအရည်အချင်းပြည့်မီသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြား ကွင်းဆင်းဆောင်ရွက်ပေးရာ မြို့နယ်ဦးစီးဌာနမှူးဦးမောင်ညိုက ကျေးရွာအေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီဥက္ကဋ္ဌ ဦးထွန်းဖြူသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ပေးအပ်စဉ်။ (က-ပ)

အမြို့မြို့ အနယ်နယ် သတင်းများ

ကြက်မွေးမြူရေးခြံများ သန့်ရှင်းမှုရှိရေး ညောင်တုန်းမြို့နယ်တွင် စစ်ဆေး

ညောင်တုန်း မေ ၁၀

ညောင်တုန်းမြို့တွင် ကြက်မွေးမြူရေးလုပ်ငန်းများလုပ်ကိုင်ဆောင်ရွက်နေသော ကြက်မွေးမြူရေးကြက်ခြံများ စနစ်တကျမွေးမြူနိုင်ရေး၊ သန့်ရှင်းမှုကို အလေးထားဆောင်ရွက်ရေးတို့အတွက် ညောင်တုန်းမြို့နယ် စည်ပင်သာယာရေးအဖွဲ့ လက်ထောက်ညွှန်ကြားရေးမှူး ဦးသက်ပိုင်၊ ဒုဦးစီးမှူး (အခွန်) ဦးသန့်ဇင်ဦး၊ မြို့နယ်မီးသတ်ဦးစီးဌာနမှ တပ်ကြပ်ကြီး ဦးသန်းညွန့်၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနမှ ဦးအောင်ကျော်မိုးတို့ ပါဝင်သော အဖွဲ့သည် ညောင်တုန်းမြို့ရှိ ကြက်မွေးမြူရေးခြံများသို့ မေ ၆ရက်က သွားရောက်စစ်ဆေးကြသည်။**(အောက်ပုံ)**

ထိုသို့ စစ်ဆေးရာတွင် မွေးမြူရေးကြက်ခြံများ နေ့စဉ်သန့်ရှင်းရေးဆောင်ရွက်ရန်၊ ပတ်ဝန်းကျင်ညစ်ညမ်းမှုပပျောက်စေရေးအတွက် ပိုးသတ်ဆေး၊ ထုံးနှင့် အနံ့အသက်ပျောက်ဆေးများ အသုံးပြုရန်တို့ကို ပြောကြားခဲ့ကြောင်း သိရသည်။ **(၀၉၈)**

မေ၂၂ရက်က သရက်မြို့နယ် စည်ပင်သာယာရေးအဖွဲ့က မြို့မဈေးကြီး မီးဘေးလုံခြုံရေးအတွက် မြို့နယ်ဥက္ကဋ္ဌဦးမျိုးမြင့်၊ မီးသတ်ဦးစီးမှူးရဲဗလညာဏ်ထွန်း၊ စည်ပင်ခေတ္တအမှုဆောင်အရာရှိ ဦးဆယ်မောင်တို့က မီးဘေးကြိုတင်ကာကွယ်ရေးနှင့် လက်တွေ့သရုပ်ပြလေ့ကျင့်မှုကို စည်ပင် ဝန်ထမ်းများ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဈေးသူဈေးသားများ စုပေါင်း၍ မီးသတ်ယာဉ်စက်များဖြင့် လက်တွေ့သရုပ်ပြလေ့ကျင့်ကြစဉ်။ (မြို့နယ် ပြန်/ဆက်)

မြန်မာ့အသံ

၂၅-၅-၂၀၀၆
(အင်္ဂါနေ့)
နံနက်ပိုင်း

၀၇း၀၀ တရားတော်
(ဦးဥတ္တမသာရဆရာတော်ကြီး၏ အင်္ဂုလိမာလသုတ်နှင့် ဂုဏ်တော်ကွန်ချာ)

နေ့လယ်ပိုင်း

၁၁း၁၅ စိုက်ပျိုးစွမ်းအား ပြည်ထွန်းကား (စပ်မျိုးစပါးမျိုးစေ့ထုတ်လုပ်မှု)
၁၁း၃၀ မြန်မာ့မူဟန်ဇာတိမာန် ဟောပြောချက် (မြန်မာမှုနှင့်ဆိုးရိုးစကား) (ညွှန့်ဟံ-ကြူတော)
၁၂း၀၀ သူ့အတွေးနှင့် သူ့အရေး (လူ့သဘော လူ့မနော) (မောင်အုန်းသောင်း-မကွေး)
၁၂း၂၀ ဇာတ်လမ်းပမာနားဆင်စရာ (ရေလိုအေးစေ)
၁၂း၄၅ မျက်မှောက်ရေးရာဆွေးနွေးစရာ (မိုးဦး၊ မိုးလယ်၊ မိုးနှောင်း မိုးရွာသွန်းနိုင်မှု)

ညနေပိုင်း

၁၆း၂၀ ကျေးလက်ဇာတ်လမ်း (တကယ့်စေတနာ)
၁၇း၀၀ တပ်မတော်စာတိုက်
၁၇း၁၀ ကမ္ဘာ့ဂီတ
၁၇း၃၀ ကျန်းမာကြံ့ခိုင်တို့မဏ္ဍိုင် (အားကစားကိုချစ်မြတ်နိုးပါ) (ဦးညာဏ်ထွန်း-ညွှန်မှူး-အား/ကာ)
၁၇း၅၀ သောတရှင်အတွက် ပြန်ကြားချက်
၁၈း၁၅ သုတအဖြာဖြာတိုင်းရင်းဆေးပညာ (ဆေးဖက်ဝင် ကင်ပွန်းချဉ်ပင်)
၁၈း၁၅ ခရီးသွားစကားဝိုင်း (မြန်မာနိုင်ငံစားဖိုမှူးများအသင်း)
၂၀း၃၀ ကလေးများအတွက် လေ့လာစရာများ (ရန်ကုန်တိုရစ္ဆာန်ဥယျာဉ်)



ပြည်တွင်းအခွန်များဦးစီးဌာန
အောင်ဘာလေသိန်းဆုဌာနခွဲ

[illegible]

ကြေညာချက်

[illegible]

မွေးနေ့ဆုတောင်း

သမီးကြီး ထက်ဝေလွင်(ပနှစ်/ရှုပ)ရဲ့ (၁၇)နှစ်မြောက် မွေးနေ့မှ ရာသက်တိုင် ကျန်းမာခြင်း၊ ချမ်းသာခြင်း၊ ပြည့်စုံခြင်းများစွာဖြင့် ဘဝခရီးကို လျှောက်လှမ်းနိုင်ပါစေ။

ဖေကြီး – ဦးသိန်းဝင်း(အင်ဂျင်နီယာမှူး)
မေကြီး – ဒေါ်စန်းစန်းမြင့် (J.A.T)
ဦးလေး – ဦးနိုင်
မောင်လေး – ဟိန်းဝင်းထက်

ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

မြောက်ဥက္ကလာပမြို့နယ် ထွန်းရွှေဝါ (၃)လမ်း၊ အမှတ် ၃၅၉ နေ၊ ဦးဝင်းဆွေ မှတ်ပုံတင်အမှတ် ၁၂/မရက (နိုင်) ဝ၈၃၈၅၆ က မြောက်ဥက္ကလာပမြို့နယ် မြေတိုင်းရပ်ကွက် အမှတ် ၁၁ (ရွှေပေါက်ကံ)၊ မြေကွက်အမှတ် ၃၅၉ မြေအမည်ပေါက် ဒေါ်ကျင်စိန်အမည်ရှိ ပါမစ်မြေအား ဂရန်သစ်ခွင့်ပြုပါရန် လျှောက်ထားလာရာ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ **ဌာနမှူး**
မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန။



အမြန်ပြန်လာပါ

မောင်မျိုးမင်းထွန်း၊ မိခင်ဒေါ်မြညိမ်း ဆေးရုံတင်ထားရသည်။ ငွေကြေးကိစ္စများ ဖြေရှင်းပြီးဖြစ်သည်။ အပြစ်များလည်း ခွင့်လွှတ်သည်။
ဖခင်–ဦးထွန်းရီ ၁၂ လမ်း၊ ဖျာပုံ။

ရထားပို့ဆောင်ရေးဝန်ကြီးဌာန
ကုန်းလမ်းပို့ဆောင်ရေး (အင်ဂျင်နီယာဌာန)

အောက်ပါသင်တန်းများ (၁–၆–၂၀၀၄) ရက်တွင် ဖွင့်လှစ်ပါမည်။ သင်တန်းသားဦးရေကန့်သတ်ထားပါ၍ အမြန်စာရင်းပေးသွင်းကြပါ။

အခြေစိုက်အလုပ်ရုံအမှတ်(၁)(၂)

၁။ အခြေခံလျှပ်စစ်သံဂဟေဆက်သင်တန်း(ဓာတ်ငွေ့ဂဟေဆက်၊ အဆင့်မြင့် TIG နှင့် MIG ဂဟေဆက်)။
၂။ အခြေခံဒီဇယ်အင်ဂျင် ပြုပြင်ထိန်းသိမ်းမှုသင်တန်း။
၃။ တွင်ခုံ/ဖောက်ခုံသင်တန်း။
၄။ ယန္တရားကိုင်တွယ်ထိန်းသိမ်းမှုသင်တန်း။

တည်နေရာ– ကုန်းလမ်းပို့ဆောင်ရေး၊ အခြေစိုက်အလုပ်ရုံအမှတ်(၁)၊ မဟာဗန္ဓုလလမ်း၊ ဗိုလ်တထောင်မြို့နယ်။ (မဟာဗန္ဓုလတံတားအနီး)။
တယ်လီဖုန်း–၀၁–၂၉၁၁၁၃၊ ၂၉၁၁၁၄၊ ၇၂၆၅၇၂ (ရုံးချိန်အတွင်းသာ)

[illegible]

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ကျန်းမာရေးဝန်ကြီးဌာန၊ ဆေးသိပ္ပံပညာဦးစီးဌာန၊ လသာမြို့နယ်၊ ရန်ကုန်မြို့
ဆေးပညာဒီပလိုမာနှင့်ဆေးပညာမဟာသိပ္ပံဘွဲ့လွန်သင်တန်းများအတွက်လျှောက်လွှာခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန ဆေးသိပ္ပံပညာဦးစီးဌာနအောက်ရှိ ဆေးတက္ကသိုလ်များနှင့် သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် ရန်ကုန်တို့၌ ဖွင့်လှစ်သင်ကြားမည့် အောက်ဖော်ပြပါ ဘွဲ့လွန်ဆေးပညာသင်တန်းများသို့ အမ်ဘီဘီအက်စ် ဘွဲ့/ဘီဒီအက်စ်ဘွဲ့ (သို့မဟုတ်) အလားတူဘွဲ့ရရှိပြီး လျှောက်လွှာပိတ်သည့်ရက်တွင် လုပ်သက်နှစ်နှစ်ပြည့်ပြီးသူ ဝန်ထမ်းဆရာဝန်များ လျှောက်ထားနိုင်ပါကြောင်း ကြေညာအပ်ပါသည်။

ဆေးပညာဒီပလိုမာ (Dip. Med.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	တီဘီနှင့် ရင်ခေါင်းရောဂါကုပညာ	၁ နှစ်	ရန်ကုန်
၂။	အဏုမြူရောင်ခြည်ဆေးပညာ	။	ရန်ကုန်
၃။	ကာလသားရောဂါပညာ	။	ရန်ကုန်

ဆေးပညာမဟာသိပ္ပံ(M.Med. Sc/ M.D.Sc)သင်တန်းများ

စဉ်	သင်တန်းအမည်	သင်တန်းကာလ	ဖွင့်လှစ်မည့်မြို့
၁။	ဆေးပညာမဟာသိပ္ပံ (ခန္ဓာဗေဒ)	၂ နှစ်	ရန်ကုန်၊ မန္တလေး
၂။	ဆေးပညာမဟာသိပ္ပံ (ဇီဝကမ္မဗေဒ)	။	ရန်ကုန်၊ မန္တလေး
၃။	ဆေးပညာမဟာသိပ္ပံ (ဇီဝဓာတုဗေဒ)	။	ရန်ကုန်၊ မန္တလေး
၄။	ဆေးပညာမဟာသိပ္ပံ (ဆေးဝါးဗေဒ)	။	ရန်ကုန်၊ မန္တလေး
၅။	ဆေးပညာမဟာသိပ္ပံ (အဏုဇီဝဗေဒ)	။	ရန်ကုန်၊ မန္တလေး
၆။	ဆေးပညာမဟာသိပ္ပံ (ပြည်သူ့ကျန်းမာရေး)	၁ နှစ်	ရန်ကုန်၊ မန္တလေး
၇။	ဆေးပညာမဟာသိပ္ပံ (ဆေးရုံအုပ်ချုပ်မှုနှင့် ကျန်းမာရေးစီမံခန့်ခွဲမှုပညာ)	၁ နှစ်	ရန်ကုန်
၈။	ဆေးပညာမဟာသိပ္ပံ (အရိုးရောဂါပညာ)	၂ နှစ်	ရန်ကုန်၊ မန္တလေး
၉။	ဆေးပညာမဟာသိပ္ပံ (မျက်စိရောဂါပညာ)	။	ရန်ကုန်၊ မန္တလေး
၁၀။	ဆေးပညာမဟာသိပ္ပံ (နား၊နှာခေါင်း၊ လည်ချောင်း ရောဂါပညာ)	။	ရန်ကုန်၊ မန္တလေး
၁၁။	ဆေးပညာမဟာသိပ္ပံ (ရောဂါဗေဒ)	။	ရန်ကုန်၊ မန္တလေး
၁၂။	ဆေးပညာမဟာသိပ္ပံ (မေ့ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၁၃။	ဆေးပညာမဟာသိပ္ပံ (ဓာတ်မှန်ပညာ)	။	ရန်ကုန်၊ မန္တလေး
၁၄။	ဆေးပညာမဟာသိပ္ပံ (ကိုယ်အင်္ဂါပြန်လည်သန်စွမ်းရေး ဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၁၅။	ဆေးပညာမဟာသိပ္ပံ (စိတ်ကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး
၁၆။	ဆေးပညာမဟာသိပ္ပံ (ဥပဒေရေးရာဆေးပညာ)	။	ရန်ကုန်၊ မန္တလေး
၁၇။	ဆေးပညာမဟာသိပ္ပံ (အရေပြားရောဂါပညာ)	။	ရန်ကုန်
၁၈။	ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဓာတ်ရောင်ခြည်ဆေးကုပညာ)	။	ရန်ကုန်
၁၉။	ဆေးပညာမဟာသိပ္ပံ (ကင်ဆာရောဂါဆေးပညာ)	။	ရန်ကုန်
၂၀။	သွားဘက်ဆိုင်ရာဆေးပညာမဟာသိပ္ပံ	။	ရန်ကုန်
၂၁။	ဆေးပညာမဟာသိပ္ပံ (ဆေးပညာ)	၃ နှစ်	ရန်ကုန်၊ မန္တလေး
၂၂။	ဆေးပညာမဟာသိပ္ပံ (ခွဲစိတ်ကုပညာ)	။	ရန်ကုန်၊ မန္တလေး
၂၃။	ဆေးပညာမဟာသိပ္ပံ (သားဖွားနှင့် မီးယပ်ပညာ)	။	ရန်ကုန်၊ မန္တလေး
၂၄။	ဆေးပညာမဟာသိပ္ပံ (ကလေးကျန်းမာပညာ)	။	ရန်ကုန်၊ မန္တလေး

မှတ်ချက်။ ၁။ ခန္ဓာဗေဒ၊ ဇီဝကမ္မဗေဒ၊ ဇီဝဓာတုဗေဒ၊ အဏုဇီဝဗေဒ၊ ရောဂါဗေဒ၊ဆေးဝါးဗေဒနှင့် ဥပဒေရေးရာ ဆေးပညာဘာသာရပ်များအတွက် လုပ်သက် သတ်မှတ်ချက်မရှိ လျှောက်ထားနိုင်သည်။
၂။ ပြည်သူ့ကျန်းမာရေးဘာသာရပ်အတွက် ခွင့်ရက်မပါ လုပ်သက် (၁)နှစ်ပြည့်သူများ လျှောက်ထားနိုင်သည်။

၂။ လျှောက်လွှာပိတ်ရက်မှာ ၆–၈–၂၀၀၄ ရက်နေ့ဖြစ်ပါသည်။
၃။ ဝင်ခွင့်ရေးဖြေစာမေးပွဲစစ်ဆေးမည့်ရက်မှာ ၉–၉–၂၀၀၄ ရက်နေ့ဖြစ်ပါသည်။
၄။ ဘွဲ့လွန်သင်တန်းဝင်ခွင့် လျှောက်ထားလိုသူများသည် ဘွဲ့လွန်ဆေးပညာ သင်တန်းဝင်ခွင့်စာမေးပွဲကြေး ကျပ် ၂၀၀(ကျပ်နှစ်ရာတိတိ)ကို ရန်ကုန်မြို့၊ မြန်မာ့စီးပွားရေးဘဏ်၊ ဘဏ်ခွဲ(၃)တွင်ဆေးသိပ္ပံပညာဦးစီးဌာန၊ ငွေစာရင်းအမှတ်၊ MD ၀၀၄၄၉၆ သို့ ပေးသွင်းရမည်။
၅။ လျှောက်လွှာတွင်ဖော်ပြပါရှိရမည့် အသေးစိတ်အချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနများ၊ တက္ကသိုလ်များ၊ တိုင်း/ပြည်နယ်ကျန်းမာရေးဦးစီးဌာနမှူးရုံးများတွင် မေးမြန်းစုံစမ်းနိုင်ပါသည်။

ဆေးသိပ္ပံပညာဦးစီးဌာန။

ပြည်ထောင်စုမြန်မာနိုင်ငံတော်အစိုးရ
ရထားပို့ဆောင်ရေးဝန်ကြီးဌာန
မြန်မာ့မီးရထား
ချိပ်ပိတ်တင်ဒါ(Sealed Tender)များခေါ်ယူခြင်း

၁။ မြန်မာ့မီးရထားမှ အောက်ပါပစ္စည်းများကို မြန်မာကျပ်ငွေဖြင့်ဝယ်ယူလိုပါ၍ ချိပ်ပိတ်တင်ဒါ(Sealed Tender)များကို ပေးသွင်းရန် ဖိတ်ခေါ်ပါသည်။

စဉ်	ချိပ်ပိတ်တင်ဒါအမှတ်	ပစ္စည်းအမျိုးအမည်	အရေအတွက်
1.	14(T) 1/MR(S&T) 2004-2005	Solar Generator 19.8 V,55W	85-Nos
2.	14(T) 2/MR(S&T) 2004-2005	Under Ground Signalling Cable(2.5^{2}mm x 19C) Under Ground Signalling Cable (2.5^{2}mm x 27C)	1500-Meters 1000-Meters
3.	14(T)3/MR(S&T) 2004-2005	Under Ground Communication Cable(9-Pairs)	4500-Meters
4.	14(T)4/MR(S&T) 2004-2005	Glass Fibre Insulation Rail Joint 75 Lbs	100-Sets

ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၂၃–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၂:၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၂၃–၆–၂၀၀၄(ဗုဒ္ဓဟူးနေ့) ၁၄:၀၀နာရီ } စဉ် (1,2,3) အတွက်
ချိပ်ပိတ်တင်ဒါပိတ်ရက်နှင့်အချိန် – ၇–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၂:၀၀နာရီ
ချိပ်ပိတ်တင်ဒါဖွင့်မည့်ရက်နှင့်အချိန် – ၇–၇–၂၀၀၄ (ဗုဒ္ဓဟူးနေ့) ၁၄:၀၀နာရီ } စဉ် (4) အတွက်

၂။ တင်ဒါပုံစံများကို အောက်ဖော်ပြပါဌာနတွင် ၂၀–၅–၂၀၀၄ရက်နေ့မှစ၍ ရုံးချိန်အတွင်း ဝယ်ယူနိုင်ကြောင်းနှင့် အသေးစိတ်အချက်အလက်များကို သိရှိလိုပါက ၎င်းဌာနသို့ ဆက်သွယ်မေးမြန်း စုံစမ်းနိုင်ပါသည်။

ဒုတိယအထွေထွေမန်နေဂျာ၊ ထောက်ပံ့ဌာန၊ မြန်မာ့မီးရထား
ကုန်သည်လမ်းနှင့် ၅၁လမ်းထောင့်၊ ဗိုလ်တထောင်မြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း– ၂၉၁၉၈၂၊ ၂၀၁၅၅၅–လိုင်းခွဲ–၆၀၂၊၆၀၅၊၆၁၂

၂၀၀၄ ခုနှစ် ရွှေတိဂုံစေတီတော်ဓာတ်ပုံပြိုင်ပွဲ ရောင်စုံဓာတ်ပုံပြိုင်ပွဲယှဉ်ပြိုင်ရန်ဖိတ်ခေါ်ခြင်း

ရွှေတိဂုံစေတီတော်ဘက်စုံပြုပြင်မွမ်းမံတည်ဆောက်ရေးလုပ်ငန်းကော်မတီ၏ ဦးဆောင်မှုဖြင့် မြန်မာနိုင်ငံဓာတ်ပုံအသင်းနှင့် ရွှေတိဂုံစေတီတော် ဂေါပကအဖွဲ့တို့ပူးပေါင်း၍ လေးဆူဓာတ်ပုံရွှေတိဂုံစေတီတော်မြတ်ကြီးနှင့် သာသနိကအဆောက်အအုံများအား မျက်မှောက်ကာလတွင် ဖူးမြော်ကြည်ညိုရသည့် မြင်ကွင်းစုံတို့ကို ဓာတ်ပုံပညာဖြင့် မှတ်တမ်းပြုနိုင်ရန် ရောင်စုံဓာတ်ပုံပြိုင်ပွဲကို အောက်ပါအတိုင်း ကဏ္ဍများခွဲခြား ကျင်းပသွားမည်ဖြစ်ပါသည်။

ကြည်ညိုဖွယ်အဖုံဖုံ မြတ်ရွှေတိဂုံကဏ္ဍ – ရွှေတိဂုံစေတီတော်မြတ်ကြီးကို မိမိတို့နှစ်သက်ရာရှုထောင့်အမျိုးမျိုးမှ ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရွှေတိဂုံဝန်းကျင် ရှုလေလျှင်ကဏ္ဍ – စေတီတော်ဝတ္ထုကမြေအတွင်းရှိ စေတီပုထိုး၊ ရုပ်ပွားဆင်းတု၊ တန်ဆောင်း ဇရပ်၊ ဓောင်းတန်း၊ ရေတွင်းရေကန်၊သစ်ပင်ပန်းမန်အစရှိသော သာသနိကအဆောက်အအုံ ဝတ္ထုပစ္စည်းများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

မြတ်ရွှေတိဂုံ ကုသိုလ်စုံကဏ္ဍ – စေတီတော်မြတ်ကြီး၌ နှစ်စဉ်ကျင်းပမြဲဖြစ်သော ပွဲတော်များ၊ ရဟန်းခံ ရှင်ပြု အလှူပွဲများ၊ ဝတ်ရွတ်၊ ဆွမ်းတော်ကပ်၊ တံမြက်လှဲ၊ ရောင်တော်ဖွင့်စသည့် ဘာသာရေးဆိုင်ရာ ဆောင်ရွက်မှုများကို ရိုက်ကူးထားသည့် ဓာတ်ပုံများ။

ရိုက်ကူးကာလနှင့် ဓာတ်ပုံအရွယ်အစား– ၁-၁-၂၀၀၃ ရက်မှ ၁၅-၉-၂၀၀၄ ရက်အတွင်း ရိုက်ကူးသည့် ၁၂လက်မ x ၁၈ လက်မအရွယ် ဆေးရောင်စုံဓာတ်ပုံ။

ပေးပို့ရမည့်ဓာတ်ပုံအရေအတွက် – အရေအတွက်အကန့်အသတ်မရှိ။

ဓာတ်ပုံနောက်ဆုံးပေးပို့ရမည့်အချိန် – ၁၅-၉-၂၀၀၄ ရက်၊ ညနေ ၄ နာရီ။

ဆုချီးမြှင့်ခြင်း(တစ်ကဏ္ဍချင်းအတွက်) – ပထမဆု ကျပ် ၃၀၀၀၀၀
– ဒုတိယဆု ကျပ် ၂၀၀၀၀၀
– တတိယဆု ကျပ် ၁၀၀၀၀၀
– နှစ်သိမ့်ဆု ငါးဆု ကျပ် ၅၀၀၀၀ စီ

ဓာတ်ပုံပေးပို့ရန်နှင့် ဆက်သွယ်စုံစမ်းရန် – ဂေါပကအဖွဲ့ရုံး၊ ရွှေတိဂုံစေတီတော် ဖုန်း-၂၅၁၈၅၁
မြန်မာနိုင်ငံဓာတ်ပုံအသင်း
အမှတ်(၂၇-၂၉)၊ ၃၅ လမ်း(အောက်)
ကျောက်တံတားမြို့နယ်၊ ရန်ကုန်။
ဖုန်း-၃၇၃၁၆၇





(၂)အောင်စပလတ်စတစ်ပုလင်း(အဖုံးပါ)ဝယ်ယူလိုခြင်း

ပစ္စည်းအမျိုးအစား	လိုအပ်ချက်	ပေးသွင်းမည့်နေရာ
၁။ (က) (၂)အောင်စပလတ်စတစ်ပုလင်းအဖုံးပါ Screw Type Cap with Safety Ring, H.D.P.E (Plastic)	၂၀၀၀၀၀၀ခု (ခုရေ နှစ်သန်းတိတိ)	မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ
(ခ) (၂)အောင်စပလတ်စတစ်ပုလင်းအဖုံးပါ (Screw Type)	၂၀၀၀၀၀၀ခု (ခုရေ နှစ်သန်းတိတိ)	အဏုဇီဝစိမ်းပြာရေညှိဆေးဝါးလုပ်ငန်း စက်ရုံ ရေခါး၊ စစ်ကိုင်းတိုင်း

တင်ဒါပိတ်ရက်– ၂၈-၅-၂၀၀၄(သောကြာနေ့) မွန်းလွဲ ၂း၀၀နာရီ
မှတ်ချက်။ အသေးစိတ်အကြောင်းအရာများကို မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ ပစ္စည်းစီမံရေးဌာနတွင် ရုံးချိန်အတွင်း စုံစမ်းနိုင်ပြီး တင်ဒါပုံစံများကိုလည်း ဝယ်ယူနိုင်ပါသည်။ (ဆက်သွယ်ရန်တယ်လီဖုန်းအမှတ်-၆၆၃၄၈၁)

စက်ရုံမှူး
မြန်မာနိုင်ငံဆေးဝါးလုပ်ငန်းစက်ရုံ။

ဝမ်းနည်းကြေကွဲခြင်း

Dr. ဒေါ်ခင်လေးတင့် (Tan Peik)
၆၅ ခုဝင်၊ ဆေး(၁) ကျောင်းသူဟောင်း
ကြေးမုံအထူးကုဆေးခန်း၊ မန္တလေးမြို့

Dr.ဒေါ်ခင်လေးတင့်-Dr.ဦးလှအောင်တို့ ၂၀-၅-၂၀၀၄ ရက် နံနက်တွင် ကွယ်လွန်သွားကြောင်းကြားသိရပါ၍ ကျန်ရစ်သူမိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

၆၅ ခုဝင် ဆေး(၁) ကျောင်းသူကျောင်းသားဟောင်းများ။

သမီးအဖြစ်မှအမွေပြတ်စွန့်လွှတ်ခြင်း

တိုက်၂၊ အခန်း ၂၀၄၊ ရွှေကိန္နရီ အိမ်ရာနေ မစီစီမော် မှတ်ပုံတင် အမှတ် ၁၂/သဃက(နိုင်)၀၄၄၇၈၂ သည်မိဘ၏ ဆိုဆုံးမမှုကို မနာခံ၍ ယနေ့မှစ၍ သမီးအဖြစ်မှအမွေပြတ် စွန့်လွှတ်လိုက်သည်။

ဖခင်-ဦးမောင်မောင်
မိခင်- ဒေါ်အုန်းကြည်

စေ့စပ်ကြောင်းလမ်းပြီးစီးခြင်း

မွန်ပြည်နယ်၊ဘီးလင်းမြို့၊ဘိုးရာဇာရပ်ကွက်၊အရှေ့မဟာဗောဂလမ်း အမှတ် ၁၇ (တောင်စွန်းဆိုင်)
ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဘုရင့်နောင်လမ်းမကြီး ရွှေမာလာရိပ်မွန် တိုက်(အိုင်) အခန်း ၇ နေ (ဦးပေါ်သန်း)-ဒေါ်ကျင်တီတို့၏ စတုတ္ထသား

မောင်ဇော်ဝင်းနိုင် B.E (Electronic)
Service Engineer Total Automation Singapore Ltd.

နှင့်

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ ဟံသာရိပ်မွန်အိမ်ရာ ၇လမ်း တိုက် ၁၁၊ အခန်း ၃၁၂နေ ဦးသိန်းမြင့်-ဒေါ်ခင်ဆွေဝင်း တို့၏သမီးကြီး

ဒေါက်တာသက်သက်နွယ် M.B.,B.S (Ygn)
(လက်ထောက်ဆရာဝန်၊ ဗဟိုအမျိုးသမီးဆေးရုံ)

တို့သည် ၂၀-၅-၂၀၀၄ရက် (ကြာသပတေးနေ့)တွင် Traders Hotel၌ ဂုဏ်သရေရှိ လူကြီးမင်းများနှင့် နှစ်ဖက်သောမိဘဆွေမျိုးများ ရှေ့မှောက်တွင် စေ့စပ်ကြောင်းလမ်းပြီးစီးပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်
မောင်ဇော်ဝင်းနိုင်-ဒေါက်တာသက်သက်နွယ်။



ငြင်းချက်ထုတ်ရန်သမ္မန်စာ

တရားမကျင့်ထုံး ကိုဒ်ဥပဒေအမိန့် ၅၊ နည်းဥပဒေ ၂၀
ရန်ကုန်တိုင်းတရားရုံး၊ တရားမရုံး၌
၂၀၀၄ ခုနှစ်၊ တရားမကြီးမှုအမှတ်(၄၉)

အာရှမနေဘဏ်လီမိတက် (၎င်းကိုယ်စား-ဦးစန်းတင့်အောင် နှင့် မန်နေဂျာ)(ကတ်ဌာန) အာရှမနေဘဏ်လီမိတက်(ရုံးချုပ်)	၁။ ဦးဆန်းလွင်ထွန်း (အမှတ် ၉၉၊ပထမထပ်၊ လှည်းတန်းလမ်း) ကမာရွတ်မြို့နယ်၊ရန်ကုန်တိုင်း) ၂။ ဦးသန်းဌေး
တရားလို	**တရားပြိုင်**

ဦးဆန်းလွင်ထွန်း(ယခုနေရပ်လိပ်စာမသိသူ)သိစေရမည်။

သင့်အပေါ်၌အထက်အမည်ပါ တရားလိုအာရှမနေဘဏ်လီမိတက်ကတ်ဌာနက ငွေကျပ် ၂၉၈၅၂၉၁ကျပ်၁၅ပြား ရလိုမှုစွဲဆိုသည်ဖြစ်၍ သင့်ကိုယ်တိုင်ဖြစ်စေ၊ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ သင့်ကိုယ်စားလှယ်ရုံးအခွင့်အမိန့်ရ ရှေ့နေဖြစ်စေ သို့တည်းမဟုတ် ၎င်းအမှုနှင့်စပ်လျဉ်းသည့် အချက်များကို ချေပပြောဆိုနိုင်သူ တစ်ဦးတစ်ယောက် ၎င်းရှေ့နေနှင့်ပါစေ၍ဖြစ်စေ ၂၀၀၄ ခုနှစ် မေလ ၃၁ ရက် (၁၃၆၆ ခုနှစ် နယုန်လဆန်း ၁၃ ရက်)နေ့ နံနက် ၁၀ နာရီအချိန်တွင် အထက်အမည် ရေးသားပါရှိသူ တရားလို၏စွဲဆိုချက်ကို ထုချေရှင်းလင်းရန် ရုံးတော်သို့လာရောက်ရမည်။ ၎င်းအပြင် သင်သိစေရမည်မှာ အထက်က ဆိုခဲ့သည့်နေ့ရက်တွင် သင်မလာရောက် ပျက်ကွက်ခဲ့လျှင် သင့်ကွယ်ရာတွင် အမိန့်ချမှတ်လိမ့်မည်ဖြစ်ကြောင်း သိစေအပ်ပါသည်။

၂၀၀၄ ခုနှစ် မေလ ၁၃ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

ကျင်တင်
ဒုတိယခရိုင်တရားသူကြီး(၆)
ရန်ကုန်အနောက်ပိုင်းခရိုင်တရားရုံး။

မင်္ဂလာညည့်ခံပွဲ ကျေးဇူးတင်လွှာ

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ အမှတ် ၃၅၊ လှည်းတန်းလမ်းနေ ဦးတင်မြင့်-ဒေါ်ခင်ထွေး(မမွန်) [(က)ရုံ ဒိုင်အမှတ်(၁) ဗဟိုစံပြငါးဈေးကြီး] တို့၏ တစ်ဦးတည်းသောသား

မောင်ဝေမောင်ဦး (Final Year)Geology နှင့်

တနင်္သာရီတိုင်း၊ ပုလောမြို့နယ်၊ အမှတ်(၂)ပိတောက်ရွှေဝါလမ်း (ဈေးအနီး)နေ ဦးထွန်းရုံ-ဒေါ်တင်လှတို့၏သမီးထွေး

မသီသီစိုး (B.A) History တို့၏

၂-၅-၂၀၀၄ ရက်(တနင်္ဂနွေနေ့)တွင် ကြည့်မြင်တိုင်မြို့နယ် လှည်းတန်းလမ်း အိမ်အမှတ် ၃၅ တွင်ကျင်းပပြုလုပ်သော မင်္ဂလာညည့်ခံပွဲသို့ ကြွရောက်ချီးမြှင့်ကြသည့် မိဘဆွေမျိုးမိတ်သင်္ဂဟအပေါင်းနှင့် သူငယ်ချင်းများအားလုံးအား ကျေးဇူးတင်ရှိပါကြောင်း။

နှစ်ဖက်သောမိဘများနှင့်မောင်ဝေမောင်ဦး-မသီသီစိုး။

ကြော်ငြာစာ

အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ ၂၈၃
ရန်ကုန်တိုင်းတရားရုံး
၂၀၀၄ ခုနှစ် တရားမအထွေထွေမှုအမှတ် ၉၂

(ကွယ်လွန်သူ ဒေါ်မြရင်နှင့် ဒေါ်ခင်ရွှေတို့၏ ကျန်ရှိရစ်သော ပစ္စည်းများနှင့် စပ်လျဉ်းသည့် အမှု)

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ နတ်ချောင်းရပ်ကွက် ၂ လမ်း၊ အိမ်အမှတ် ၃ ၌ နေထိုင် ကွယ်လွန်ခဲ့သော ကွယ်လွန်သူဒေါ်မြရင်နှင့် ဒေါ်ခင်ရွှေတို့၏ ကျန်ရှိရစ်သော ပစ္စည်းများအပေါ်၌ အမွေထိန်းလက်မှတ်ထုတ်ပေးပါမည့်အကြောင်းနှင့် ဦးခင်မောင်စိုးက အမွေဆက်ခံခြင်း အက်ဥပဒေအရ လျှောက်ထားချက်ရှိသဖြင့် ဤအမှုကို ၂၀၀၄ ခုနှစ် ဇွန်လ ၁၀ ရက် (၁၃၆၆ ခုနှစ် နယုန်လဆုတ် ၈ ရက်)နေ့ နံနက် ၁၀း၀၀ နာရီတွင် ဆိုင်ဆိုကြားနာရန် ချိန်းဆိုထားသည်ဖြစ်သောကြောင့် ထိုကွယ်လွန်သူ ဒေါ်မြရင်နှင့် ဒေါ်ခင်ရွှေတို့၏ ကျန်ရှိရစ်သော ပစ္စည်းများတွင် အကျိုးစီးပွားတစ်ခုခုသက်ဝင်သည် အဆိုရှိသူခပ်သိမ်းတို့အား အဆိုပါအမှုတွင် ၎င်းတို့ (လာရောက် လျှောက်ထားဆိုင်ဆိုရန် သင့်လျော်မည်ဟုအထင်ရှိလျှင်) ဆိုခဲ့သော ၂၀၀၄ခုနှစ် ဇွန်လ ၁၀ရက်(၁၃၆၆ ခုနှစ် နယုန်လဆုတ် ၈ ရက်)နေ့၌ မိမိတို့ကိုယ်တိုင်သော်လည်းကောင်း၊ မိမိတို့ကနေရာတကျအမိန့်ပေးထားသူ ကိုယ်စားလှယ် တစ်ဦးဦးအားဖြင့် သော်လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် အမွေထိန်း လက်မှတ်မထုတ်ပေးမီမှုခင်းမှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်းအက်ဥပဒေ ပုဒ်မ ၂၈၃ နှင့်အညီ ယခုမိန့်ကြား ဆင့်ဆိုလိုက်သည်။ ၎င်းကဲ့သို့ လာရောက်ခြင်း၊ တစ်ခုခုမရှိ ပျက်ကွက်ခဲ့လျှင် ရုံးတော်ကဆိုခဲ့သော ဦးခင်မောင်စိုး၏ လျှောက်လွှာ အပေါ်၌ စစ်ဆေးဆောင်ရွက်ပြီးလျှင် ၎င်းအမှုအကြောင်းအရာတွင် စီရင်ချက်ချမှတ်လိမ့်မည်ဖြစ်ကြောင်း။

၂၀၀၄ ခုနှစ် မေလ ၂၀ ရက်နေ့တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

နန်းညွန့်နွယ်
တွဲဖက်တိုင်းတရားသူကြီး(၇)၊ ရန်ကုန်တိုင်းတရားရုံး။

မသက်ဆိုင်ပါကြောင်း

တောင်ငူမြို့ ၁၉/၄၃၂ ဘုရင့်နောင်လမ်းတွင်နေထိုင်သူ မောင်ခင်မောင်လွင်(TGO-၁၇၈၁၀၁)သည် ကျွန်မတို့၏မိသားစုအား စိတ်ဆင်းရဲ၊ ဂုဏ်သိက္ခာကျဆင်းအောင် အမျိုးမျိုး ပြုမူဆောင်ရွက်ခဲ့ပါသဖြင့် ၎င်းအား ယနေ့မှစ၍ ကျွန်မတို့က မောင်နှမစာရင်းမှ ပယ်ဖျက်စွန့်လွှတ်ကြောင်းနှင့် နောက်နောင် မည်သည့်ကိစ္စတွင်မျှ ၎င်းနှင့် ကျွန်မတို့ပတ်သက်စပ်ဆိုင်မှုမရှိကြောင်းသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ကြည်ဝင်း(ခ)ဒေါ်ခင်စန်းဝေ ၇/တငန(နိုင်)၀၅၂၂၆၈
ဒေါ်ခင်ဌေး ၇/တငန(နိုင်)၀၅၂၁၆၅ နှင့် မောင်နှမများ။

ကျေးဇူးဆပ်ပါမည်

ကျွန်တော်စောမိုးဟန်၏နိုင်ငံကူး လက်မှတ်အမှတ် ၃၇၉၃၅၃ ပျောက်ဆုံးသွားပါသဖြင့်တွေ့ရှိကအကြောင်းကြားပေးပါရန် မေတ္တာရပ်ခံပါသည်။ **ဖုန်း- ၅၃၇၂၈၆**

ဖခင်အမည်မှန်

အင်းစိန်မြို့ အထက (၃) ဒသမတန်းမှ မောင်ဝင်းသူရအောင်၏ ဖခင်အမည်မှန်မှာ ဦးဝင်းကြူ ၇/နတလ (နိုင်) ၀၀၄၈၉၇ ဖြစ်ပါသည်။

ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယကာကြီး
ရွှေပန်းထိမ်ဆရာကြီး ဦးတင်ရွှေ (နေဖြူ)
အသက်(၈၁)နှစ်

သံကြိုးဆရာတော် ဘဒ္ဒန္တ ကုဏ္ဍာစရိယ ၏ရဟန်းဒါယကာကြီး၊ ဓနုဖြူမြို့၊ (၄)ရပ်ကွက်၊ ဥမ္မာဒန္တီလမ်း၊ အမှတ် ၄၆ နေ (ဒေါ်ညွန့်ကြည်)၏ခင်ပွန်း၊ ညောင်တုန်းမြို့နယ် (ဒေါ်မြင့်မြင့်သန်း)၊ ရန်ကုန်မြို့၊ ပန်းဘဲတန်းမြို့နယ်၊ ၃၂ လမ်း၊ အမှတ် ၇၄ နေ (ဦးအောင်စိုး)–ဒေါ်မြင့်မြင့်သိန်း(စည်ပင်ဦးစီး၊ရုံးချုပ်)၊ ဦးထွန်းဦး၊ ဦးကံထွန်း–ဒေါ်မြင့်မြင့်ဟန်(ဓနုဖြူ စာရင်းရုံး)၊ ဒေါ်ခင်မျိုးကြည်၊ ဦးထင်လင်းနိုင်–ဒေါ်ခင်သီမာ၊ ဒေါ်ညိုညိုခိုင်(ANA)တို့၏ဖခင်၊ မောင်တေဇာလင်း၊ မအေးမွန်ကျော်၊ မခိုင်ခန့်ချို၊ မောင်မိုးသက်တင်၊ မခိုင်ခိုင်လင်းတို့၏ အဘိုးသည် ၂၁-၅-၂၀၀၄ရက် (သောကြာနေ့)တွင် ကွယ်လွန်သွားပါသဖြင့် ၂၃-၅-၂၀၀၄ရက် (တနင်္ဂနွေနေ့) မွန်းတည့် ၁၂ နာရီတွင် ဓနုဖြူမြို့ နေအိမ်မှ ရွှေရောင်ပြသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်ပြီးဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်ခင်(ခ)ဒေါ်သာနို့ခင် (စစ်တွေမြို့)
(ကယားပြည်နယ်ဦးစီးမှူး၊ ပို့ဆောင်ရေးစီမံကိန်းဦးစီးဌာန)
အသက်(၅၇)နှစ်

စစ်တွေမြို့၊ မိဖရပ်နေ ဦးသာကျော်–ဒေါ်မကြီးတို့၏သမီးငယ်၊ ဒေါပုံမြို့နယ်၊ ဝါဆိုရပ်ကွက်နေ ဦးသိန်းဟန်–ဒေါ်ကျော့တင်တို့၏သမီးချွေးမ၊ ဦးကျော်ကြီး(ကြေးနန်း၊ ငြိမ်း)–ဒေါ်ကျော့သာ၊ ဦးကျော်ဖံသာ(လဝက၊ ငြိမ်း)–ဒေါ်အေးသာ၊ ဦးဒီစံငွေး(လဝက၊ ငြိမ်း)–ဒေါ်သာနို့အေး(လဝက၊ ငြိမ်း)တို့၏ညီမ၊ ဦးထွန်းဝင်း(အမကကျောင်းအုပ်)–ဒေါ်သင်းသင်းခိုင်၊ ဒေါ်တင်ရီသိန်း(ကပရရုံးချုပ်)တို့၏အစ်မ၊ ဒေါ်ဥတ္တရာညာဏီ(ဖြူဖြူညွန့်)၊ မောင်ကျော်စွာညွန့်(ပို့/ဆက်)၊ မောင်ဝေယံမင်းမြင့်တို့၏မိခင်၊ ရန်ကုန်မြို့၊ တိုက် ၃၃၂၊ အခန်း ၃၊ အနောက်ရန်ကင်းနေ ဦးစိန်ညွန့်(လ/ထ ကထိက၊ ငြိမ်း၊ ဗနတ)၏ဇနီး၊ တူ တူမ ၁၂ ယောက်တို့၏အဒေါ်သည် ၂၂-၅-၂၀၀၄ရက် (စနေနေ့) ည ၇ နာရီတွင် မြောက်ဥက္ကလာပဆေးရုံကြီး အထူးကုသဆောင်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။(နေအိမ်မှကားများ မွန်းလွဲ ၁း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

(၃)နှစ်ပြည့်လွမ်းဆွတ်သတိရခြင်း
ဦးချန်ထွန်း(မန္တလေး)

ဖေဖေ၏အေးမြသော မေတ္တာရိပ်နှင့် ဝေးကွာခဲ့တာ သုံးနှစ်ပြည့်ပြန်ပြီဖေဖေ။ ဖေဖေအား ရည်စူး၍ နေ့စဉ်၊လစဉ်၊နှစ်စဉ် ပြုပြုသမျှ ကုသိုလ်ကောင်းမှုအစုစုနှင့် ယနေ့ ၂၄-၅-၂၀၀၄ ရက် သုံးနှစ်ပြည့်တွင် ကျောင်းထိုင် ဘုန်းကြီးသင်တန်းကျောင်းတွင် ဆွမ်းတစ်နေ့တာ ဆက်ကပ်လှူဒါန်းခြင်းစသည့် ကုသိုလ်ကောင်းမှုအစုစုတို့ကို မြင့်မြတ်သော ဘုံဘဝမှ သာဓုအနုမောဒနာ ခေါ်ဆိုနိုင်ပါစေဖေဖေ။

ကျေးဇူးရှင်ဖေဖေရေ အမျှ...အမျှ...အမျှ

ချစ်ဇနီး ဒေါ်ညွန့်ညွန့်လွင်နှင့်ချစ်သော သားသမီးများ
ဗိုလ်မှူးဝင်းထွန်းဦး–ဒေါ်အေးအေးမြင့်
ဦးဝင်းမြိုင်–ဒေါ်ဥမ္မာလွင်(Yangon Airways)
မဝင်းယုလွင်(မြန်မာမေဖလားဝါးဘဏ်)
မဝင်းမာလွင်(Yangon Airways)
ဗိုလ်ကြီးမင်းသန့်ဇင်–ဒေါ်မိုးမိုးလတ်
ကိုသိန်းဇော်–မလွင်ပြည့်ပြည့်ဖြိုး
ဗိုလ်ကြီးကျော်ကျော်ထွန်း–မခင်မြတ်မွန်ဦးနှင့် ချစ်မြေးများ။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း (၄၉)နှစ်သည် ၂၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါကြောင်း။

ဦးဝင်းမြင့်မိသားစု
(ပဲမျိုးစုံရောင်းဝယ်ရေး)
မော်လမြိုင်။

ဝမ်းနည်းကြေကွဲခြင်း

ဦးဇော်ဝင်း (၄၉)နှစ်သည် ၂၁-၅-၂၀၀၄ရက်တွင် ကွယ်လွန်ကြောင်း သိရှိရသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲမိပါကြောင်း။

ဦးအောင်မြင့်မိသားစု
(ပဲမျိုးစုံရောင်းဝယ်ရေး)
မော်လမြိုင်။

ဒေါ်ခင်မေ (မိုးကုတ်)
အသက်(၈၆)နှစ်

မိုးကုတ်မြို့၊ ထင်ရှူးခြံရပ်နေ (ဦးအောင်–ဒေါ်စီ)တို့၏သမီး၊ မြို့မရပ် (ဦးရုံး–ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ဇနီး၊ မြို့မရပ် (ဦးထယ်)(ဦးကြွယ်)၊ ဈေးဟောင်းရပ်နေ (ဒေါ်ဒေါ်အေး)၊ရှမ်းစုရပ်နေ(ဦးသူတော်)၊ (ဒေါ်စောညွန့်)၊ ရန်ကုန်မြို့၊ ဗိုလ်အောင်ကျော်လမ်းနေ (ဒေါ်မြသွယ်)၊ မိုးကုတ်မြို့၊ ထင်းရှူးခြံရပ်နေ (ဒေါ်အေးမယ်)တို့၏ညီမ၊ ရန်ကုန်မြို့၊ ကျောက်ကုန်းနေ (ဒေါ်တင်မေ)၊ မိုးကုတ်မြို့၊ စည်ပင်သာယာရပ်နေ (ဒေါ်ခင်ရွှေ)တို့၏အစ်မ၊ ဦးကိုကိုကြီး–ဒေါ်မြင့်မြင့် (မြို့မရပ်)၊ ဒေါက်တာဦးကိုကို–ဒေါ်မော်လီမြမြဝင်း၊ ဦးခင်မောင်အေး–ဒေါ်ခင်သန်းနု(ရှမ်းစုရပ်)၊ ဦးတင်မောင်အေး(မြို့မရပ်)၊ ဒေါက်တာရဲထွဋ်စိုး–ဒေါက်တာရီရီဝင်း၊ (ကိုစိန်ဝင်း–မြို့မရပ်)တို့၏မိခင်၊ ဦးခင်မောင်ဝင်း–ဒေါ်စိန်စိန်တင်၊ ဦးခင်မောင်သန်း–ဒေါ်ရီရီ၊ ဦးအောင်ဝင်း–ဒေါ်အမာတို့၏ကြီးတော်သည် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်၌ ၂၃-၅-၂၀၀၄ရက်တွင် ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက်၌ နေအိမ်မှ ကုန်းမြင့်သာယာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဒေါ်သန်း (ပေါင်းတည်မြို့)
အသက်(၈၆)နှစ်

ပေါင်းတည်မြို့၊ ဘိုကုန်းကျေးရွာနေ (ဦးဘိုးရိုက်–ဒေါ်ရွှေခဲ)တို့၏သမီး၊ (ဦးမောင်ရှိန်)၏ ညီမ၊ ရန်ကုန်မြို့၊ မရမ်းကုန်းမြို့နယ်၊ ကျိုက်ဝိုင်းဘုရားလမ်း၊ အောင်သပြေရဲရိပ်သာနေ ရဲအုပ်ဘဆွေ(သတင်းတပ်ဖွဲ့)–ဒေါ်အုန်းကြည်(အမက–၂၂၊ လှိုင်သာယာမြို့နယ်)တို့၏ မိခင်၊ မြေးသုံးယောက်တို့၏အဘွားသည် ၂၃-၅-၂၀၀၄ရက် နံနက် ၈း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ ရက် မွန်းလွဲ ၁ နာရီတွင် ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးမောင်မောင်ဦး(ခ)ကိုကင်း
အသက်(၅၄)နှစ်

ရန်ကုန်တိုင်း၊ ကမာရွတ်မြို့နယ်၊ လှည်းတန်း ၆ လမ်း၊ အမှတ် ၁၇ နေ (ဦးကြည်အောင်) – ဒေါ်ခင်ညွန့်(ခ) မရှမ်းမတို့၏သားကြီး၊ ဦးညိုထွန်း–ဒေါ်ခင်အုန်းမြင့် (မြန်မာ့နှစ်ရှည်ပင်)၏ မောင်၊ဒေါ်ခင်မြဝင်း(နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ ဥက္ကဋ္ဌရုံး)၊ ဦးသန်းအောင်စိန် (Naing Group) – ဒေါ်ခင်မြစိန် (ကမာရွတ်မြို့နယ်စည်ပင်)၊ (ဦးကျော်ငြိမ်း)တို့၏ အစ်ကို၊ မရွှန်းလဲ့ဖြိုး(T.T.C)၊ မောင်လုံးလုံးပြည့်တို့၏ဘကြီးသည် ၂၂-၅-၂၀၀၄ရက်(စနေနေ့)နံနက် ၆း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် ညနေ ၃ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ပြောင်းလဲခေါ်ပါရန်

အထက(၁) ကျိုက်လတ် အဌမတန်း(A) မှ မမြသီတာအား မမြင့်သီတာဟု လည်းကောင်း၊ အထက(၁) ကျိုက်လတ် သတ္တမတန်း(A)မှ မောင်ဖြိုးသိန်းထူးအား မောင်သိန်းထူးဟု လည်းကောင်း ပြောင်းလဲခေါ်ပါရန်။

မမြင့်သီတာ၊ မောင်သိန်းထူး။

ဦးစံမြင့် (တိုက်ကြီး)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး (က/ဂ) ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ် ၄၉ (A) နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ ဦးတင်ဦး–ဒေါ်မြင့်သန်း (အမှတ်(၂)၊ သတ္တုတွင်းလုပ်ငန်း)၊ ဒေါ်တင်မာရီ၊ ဦးတင်ထွန်း–ဒေါ်မြင့်မြင့်ဝင်း၊ ဗိုလ်မှူးမောင်မောင်မြင့်(ငြိမ်း)၊ သီဟသုဓမ္မသီဂီ ဒေါ်ခင်ထွေးကြည်(စာရေးဆရာမ ဒေါ်ခင်လေးမွန်)တို့၏ ဖခင်၊ မြေးကိုးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၀၄ရက် (စနေနေ့) ည ၁၁း၄၀ နာရီတွင် သျှင်ပါကူ အထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့)နံနက် ၁၁ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ ရဟန်း၊ ကျောင်း ဒါယကာကြီး
ဦးခင်သိန်း
ညွှန်ကြားရေးမှူးချုပ်(အငြိမ်းစား)
အခွန်အယူခံခုံအဖွဲ့
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ သင်္ဃန်းကျွန်းမြို့နယ်၊ သုဝဏ္ဏစုပေါင်းအိမ်ရာ၊ ခရေမြိုင်လမ်း၊ အမှတ် ၁၃/၄နေ (ဦးစိုး–ဒေါ်ရင်)တို့၏သား၊ ဒေါ်တင်မြင့်၏ခင်ပွန်း၊ ဦးမောင်မောင်သိမ်း(အထွေထွေမန်နေဂျာ၊ မြန်မာ့အာမခံလုပ်ငန်း)–ဒေါ်မွန်မွန်တာ (ပါမောက္ခ၊ ဥပဒေပညာဌာန၊ ပုသိမ်တက္ကသိုလ်)၊ ဒေါ်နွယ်နွယ်သိန်း(ဒုဦးစီးမှူး၊ လမ်းမတော်မြို့နယ်၊ အခွန်ရုံး)၊ ဒုတိယဗိုလ်မှူးကြီးလှအောင်–ဒေါ်သွယ်သွယ်သိန်း(ဒုတိယခရိုင်တရားသူကြီး၊ မိတ္ထီလာ)၊ ဦးသန့်ဇင်၊ ဦးငွေဝင်း(Fugiyama Shipping Co.)–ဒေါ်ခင်ဝင်းနွယ်(လ/ထ ကထိက၊ မြန်မာစာဌာန၊ ငြိမ်း)၊ ဒေါ်တင်တင်စိန်၊ ဒေါ်ခိုင်ခိုင်တို့၏ဖခင်၊ မြေးလေးယောက်တို့၏အဘိုးသည် ၂၁-၅-၂၀၀၄ ရက် နံနက် ၁၀း၁၀ နာရီ၌ ကွယ်လွန်သွားပါ၍ ၂၅-၅-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ မွန်းလွဲ ၁၂း၃၀နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးယုနန်(ခ)ဦးဘချွေး
အသက်(၉၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၄၀၊ ၄၆လမ်း၊ ပထမထပ်နေ (ဦးရှိန်–ဒေါ်မြ) တို့၏သားကြီး၊ ဒေါ်ရင်ရင်၏ခင်ပွန်း၊ (ဒေါ်စောကြည်)၊ (ဒေါ်စမ်းငွေ)၊ (ဒေါ်ရီမွေ)၊ ဒေါ်စိုင်မွေ၊ (ဒေါ်စိုင်ဖုံ)တို့၏ အစ်ကိုကြီး၊ ဦးစိုးသိန်း–ဒေါ်နန်းညိမ်းကြည်၊ ဦးမောင်မောင်လတ်[ဦးစီးမှူး(စက်မှု)၊ဆည်မြောင်း၊ ပျဉ်းမနား]–ဒေါ်ချိုချိုနွယ်၊ ဦးစိုးလျှောင်–ဒေါ်ငွေးငွေးယု၊ ဒေါ်နွဲ့နွဲ့ (တွဲဖက်ပါမောက္ခ၊ ရူပဗေဒဌာန၊ ဟသ်ာတတက္ကသိုလ်)၊ဦးဝေလင်း–ဒေါ်သန်းသန်းနွယ်၊ ဦးရွှေလျှောင်–ဒေါ်ယဉ်ယဉ်မြင့်၊ ဦးဝင်းမောင်(ရေနံသယ်ပို့)–ဒေါ်မြင့်မြင့်သန်း၊ ဦးမောင်မောင်အေး–ဒေါ်ခင်ကျော့ဝင်း၊ ဒေါ်ငွေးငွေးဝင်းတို့၏ဖခင်၊ မြေး ၁၅ယောက်၊ မြစ်သုံးယောက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၀၄ ရက် (စနေနေ့) ညနေ ၄း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးယုနန်(ခ)ဦးဘချွေး
အသက်(၉၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ် ၁၄၀၊ ၄၆လမ်း၊ ပထမထပ်နေ (ဦးရှိန်–ဒေါ်မြ)တို့၏ သားကြီး၊ ဒေါ်ရင်ရင်၏ခင်ပွန်း၊ ကိုဝင်းထွန်း–မဥမ္မာစိုး၊ ကိုအောင်နေဦး၊ မစုစုဝင်းမောင်၊ ကိုထင်လင်းဦး၊ ကိုဇင်လတ်–မသီတာ၊ မသူသူဝင်းမောင်၊ ကိုမျိုးမင်းသန်း–မလဲ့လဲ့ဝင်း၊ မရတနာလတ်၊ ကိုစည်သူအောင်၊ ကိုသူရထွန်း၊ မဇွန်ပန်းအေး၊ မချိုဇင်လတ်၊ မဘောဂီ၊ မောင်အာနီး၊ မောင်ထက်ဝေယံလင်းတို့၏ အဘိုး၊မောင်အာကာဖြိုး၊မရည်မွန်ကျော်၊ မကေဇင်ထက်တို့၏ ဘိုးဘိုးကြီးသည် ၂၂-၅-၂၀၀၄ ရက် (စနေနေ့) ညနေ ၄း၀၅ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းလွဲ ၂ နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ မွန်းလွဲ ၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်လှချစ်ငွေ(ခ)ချာတိတ်
(သုံးခွမြို့)
အသက်(၃၇)နှစ်

ရန်ကုန်တိုင်း၊ သုံးခွမြို့၊ အမှတ်(၃) ရပ်ကွက်၊ ယုဇနလမ်း၊ အမှတ်၅နေ ဦးတင်ငွေ–ဒေါ်မြင့်ရီတို့၏သား၊ ပြည်ခရိုင်၊ သဲကုန်းမြို့နယ်၊ ဝက်ပုတ်ကျေးရွာနေ ဦးစိုးသိန်း–ဒေါ်မြင့်ကြည်တို့၏သားသမက်၊ ကိုမြင့်ဦး–မနီ၊ ပုတ္တလုတ်ရွာနေ ကိုကြည်မြင့်–မလဲ့လဲ့၊ ကိုအေးမျိုး–မမြသန်း၊ ကိုမျိုးဦး–မနွဲ့နွဲ့တို့၏မောင်၊ မနီလာဝင်း၏ ခင်ပွန်းသည် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) နံနက် ၅း၃၀ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက်(အင်္ဂါနေ့)မွန်းတည့် ၁၂နာရီတွင် အထက်ပါနေအိမ်မှ ဥက္ကံသုသာန်သို့ ပို့ဆောင်ဂူသွင်းသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဦးသန်းထွန်း
(ဆောက်/လျှပ်ကုန်သွယ်ရေး၊ငြိမ်း)
အသက်(၅၈)နှစ်

ရန်ကုန်မြို့၊ ရန်ကင်းမြို့နယ်၊ (၂)ရပ်ကွက်၊တိုက် ၂၇၈၊ အခန်း ၉နေ (ဦးကျင်–ဒေါ်သန်းရှင်) တို့၏သား၊ ဒေါ်ညိုညို၏မောင်၊ ဦးဝင်းမောင်–ဒေါ်အေးမြင့်၊ဦးမောင်မောင်ရီ(ဆောက်/လျှပ်၊ ငြိမ်း)တို့၏ညီ၊ ဦးအောင်လွင်–ဒေါ်ခင်ခင်၊ ဦးခင်စိုး–ဒေါ်ခင်မာဝေ၊ (ဦးအောင်ဖူးဝေ)–ဒေါ်တင်တင်ဦးတို့၏ အစ်ကိုကြီး၊ ဦးဇော်မျိုးသန့်–ဒေါ်သက်သက်၊ ဒေါ်အေးအေးသန့်၊ ဒေါ်အေးအေးစိုး၊ မခင်ချိုချိုသန့်တို့၏ဦးလေး၊ ဦးကျော်နိုင်ဦး–ဒေါ်ဥမ္မာအောင်၊ ဦးကျော်နိုင်ထွန်း၊ မောင်ရဲလင်းကျော်တို့၏ဖခင်၊ မချိုချိုခိုင်ကျော်၊ မအေးမြတ်မြတ်ကျော်တို့၏ အဘိုး၊ ဒေါ်နီနီ၏ခင်ပွန်းသည် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့) ညနေ ၄း၄၅နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၅-၅-၂၀၀၄ ရက် (အင်္ဂါနေ့) မွန်းလွဲ ၂နာရီတွင် ရေဝေးသုသာန်၌ မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှ ကားများ မွန်းလွဲ ၁၂း၃၀ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊ကျောင်းဒါယိကာမကြီး
ဒေါ်ရွှေခိုင်ဖြူ(စစ်တွေ)
အသက်(၇၈)နှစ်

စစ်တွေမြို့၊ကျောင်းတက်လမ်းရပ်နေ (ဦးမောင်ထွန်းအောင်–ဒေါ်စံလှခိုင် စန်းသော်တာဆေးလိပ်ခုံ)တို့၏ သမီး၊ (ဦးစိန်ညိုထွန်း မန်နေဂျာ၊ ငွေစုငွေချေး၊ မြန်မာ့ဆိပ်ကမ်းအာဏာပိုင်)၏ဇနီး၊ (ဒေါ်ဦးသာမေ–ဦးမြသာ)၊ (ဦးရွှေသာဘန်း)–ဒေါ်ထွေးတင်တို့၏ညီမ၊ (ဦးရွှေစောအောင်)၊ ဒေါ်မသာန–ဦးမောင်ဖြူ၊ (ဦးရွှေလှဖြူ)–ဒေါ်တင်အောင်၊ (ဦးစောလှဖြူ)–ဒေါ်မြခင်၊ ဒေါ်စောယဉ်ခိုင်၊ ဦးစောလှအောင်–ဒေါ်အေးမြိုင်၊ (ဒေါ်သိန်းနုခိုင်)၊ (ဒေါ်ကျော့နုခိုင်)တို့၏ အစ်မ၊ (ဦးစောရွှေ တောအုပ်၊ သစ်တောဦးစီး)–ဒေါ်လှဝင်း၊(ဦးစံရွှေ မြန်မာ့ဆိပ်ကမ်း အာဏာပိုင်)–ဒေါ်သောင်းယဉ်၊ ဒေါ်လှအေးသိန်း(ခ)အေးမာ(အထက–၂၊စစ်တွေ)၊မမြနန်းစော(လဝက၊စစ်တွေ) တို့၏မိခင်ကြီး၊ မြေးငါးယောက်တို့၏ အဘောင်ရှင်သည် ၂၂-၅-၂၀၀၄ရက် (စနေနေ့)ညနေ၆း၂၀နာရီတွင် နေအိမ်၌ ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့)မွန်းလွဲတွင် စစ်တွေမြို့ အာကိုတ်တော်ကုန်းသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။

ကျန်ရစ်သူမိသားစု။

ဒေါ်ခင်မေ (မိုးကုတ်)
အသက်(၈၆)နှစ်

မိုးကုတ်မြို့၊ ထင်ရှူးခြံရပ်နေ (ဦးအောင်–ဒေါ်စီ)တို့၏သမီး၊ မြို့မရပ် (ဦးရုံး–ဒေါ်မေ)တို့၏ သမီးချွေးမ၊ (ဦးကျော်ကျော်)၏ဇနီး၊ ဗိုလ်ကြည်သောင်း–မီမီကို၊ ကိုမျိုးမင်း၊ ဖိုးသာထူး–အေမီကို၊ ကိုနီသွေး၊ အိရွှေစင်၊ သူရကိုကို၊ ယုဇနကိုကို၊ သန္တာအေး၊ ကိုစိုး–စန္ဒာအေး၊ နန္ဒာလင်း၊ မင်းသီဟ၊ လင်းဝဏ္ဏ၊ စန္ဒီစိုး၊ ထွန်းထွန်းဝင်း၊ ကြေးမုံဝင်း၊ အိကေခိုင်၊ သက်စုဖြူ၊ နေမျိုးသန်း၊ အောင်မျိုးသန်း၊ လွင်လွင်အောင်ဝင်း၊ ကျော်စွာအောင်ဝင်း၊ စည်သူအောင်ဝင်းတို့၏အဘွား၊ မြစ်ခြောက်ယောက်တို့၏ ဘွားဘွားသည် မိုးကုတ်မြို့၊ မြို့မရပ်နေအိမ်တွင် ၂၃-၅-၂၀၀၄ရက် နံနက် ၉း၃၀နာရီတွင်ကွယ်လွန်သွားပါသဖြင့် ၂၇-၅-၂၀၀၄ရက်တွင် နေအိမ်မှ ကုန်းမြင့်သာယာသုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။ ကျန်ရစ်သူမိသားစု။

ဒေါ်မြသိန်း (အုတ်ဖို)
အသက်(၈၃)နှစ်

ပဲခူးတိုင်း၊အုတ်ဖိုမြို့နေ(ရှေ့နေ ဦးဘိုးဟန်–ဒေါ်မြသစ်)တို့၏သမီးကြီး၊အမှတ် ၈၄၆၊ အနော်ရထာလမ်း၊ (၄)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)နှင့် အမှတ် ၃၊ မြောင်းမြလမ်း၊ စမ်းချောင်းနေ (ဦးစိန်မောင်)၏ဇနီး၊ ပဲခူးမြို့နေ ဦးဖေအောင်၊ (ဦးတင်မောင်ကြီး)တို့၏အစ်မ၊ဒေါ်သင်းသင်းနိုင်(ပါမောက္ခ၊ ဌာနမှူး၊ သတ္တဗေဒဌာန၊ရန်ကုန်အနောက်ပိုင်းတက္ကသိုလ်)–ဦးရဲထွဋ်တင် (ကျွမ်းကျင်သူအားကစားဝန်ကြီးဌာန)၊ဒေါ်စိုးစိုးအေး(ဒု–အထွေထွေ မန်နေဂျာ၊ မြန်မာ့ဂုဏ်လျှော်ပစ္စည်းလုပ်ငန်း)၊ ဦးနေမျိုးဦး(အုပ်ချုပ်မှုဒါရိုက်တာ၊ S.M.S Co.Ltd.)–ဒေါ်ဥမ္မာခိုင် (မန်နေဂျာ၊ မြန်မာ့နှစ်ရှည်ပင်လုပ်ငန်း)၊ ဒေါ်မော်မော်အေး (ဒုညွှန်ကြားရေးမှူး၊ ရှေ့နေချုပ်ရုံး)၊ ဦးရဲလွင်(မြို့နယ်ဥပဒေ အရာရှိ၊ ညောင်တုန်းမြို့နယ်)–(ဒေါ်နီနီရွှေ)၊ဦးရဲထွဋ်–ဒေါ်တင်တင်မော်၊ ဦးနေမျိုးမြတ်(S.M.S Co.Ltd.)၊ ဦးညာဏ်လင်းထွဋ်–ဒေါ်တင်တင်မိုး(တပ်မတော်အထည်ချုပ်၊ ဝါယာလက်)၊ ဦးဇော်လင်းထွဋ်(Liz Star Shipping)–ဒေါ်လွင်ချိုနိုင်(ရတနာသီဂီကုမ္ပဏီ)တို့၏ မိခင်၊ မဝင်းလဲ့ထွဋ်၊မဝင့်ရည်ထွဋ်၊ မခိုင်ခိုင်ရဲလွင်၊ မစိမ်းလဲ့ထွဋ်တင်၊ မောင်ဖွဲ့ရဲထက်၊ မကေခိုင်ထွဋ်၊မောင်ကောင်းထက်နေခိုင်၊ မောင်ကျော်ခေါင်ထွဋ်တို့၏ ဘွားဘွားကြီးသည် ၂၂-၅-၂၀၀၄ရက် (စနေနေ့) နံနက် ၁၁ နာရီတွင် ရွှေဂုံတိုင်အထူးကုဆေးခန်း၌ကွယ်လွန်သွားပါသဖြင့် ၂၆-၅-၂၀၀၄ရက် (ဗုဒ္ဓဟူးနေ့) နံနက် ၁၀ နာရီတွင် ရေဝေးသုသာန်၌မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။(အမှတ် ၃၊မြောင်းမြလမ်း၊ စမ်းချောင်းနေအိမ်မှ ကားများ နံနက် ၈ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မောင်နေမျိုးထွန်း
(ကားပွဲစား)
အသက်(၂၆)နှစ်

ရန်ကုန်မြို့၊ ကြည့်မြင်တိုင်မြို့နယ်၊ ဗိုလ်သူရလမ်း၊ အမှတ် ၄၉၊ ၅လွှာနေ ဦးအေးဟန်–ဒေါ်ခင်မာလေးတို့၏သား၊ မဇင်နွယ်ထွန်း၊ မသင်ဇာထွန်းတို့၏ အစ်ကို၊ ဦးတင်အေး–ဒေါ်အေးသီ၊ ဦးစိန်လွင်မြင့်–ဒေါ်တင်စိန်တို့၏မြေး၊ ဦးသန်းထွန်း–ဒေါ်ခင်မာအေး၊ ဦးမောင်ကို–ဒေါ်ခင်မာထွေး၊ ဦးကျော်စိန်လွင်–ဒေါ်ခင်မြသွေးတို့၏တူသည် ၂၂-၅-၂၀၀၄ရက် ည ၇း၃၀နာရီတွင် ကွယ်လွန်သွားပါ၍ ၂၄-၅-၂၀၀၄ရက် မွန်းလွဲ ၁နာရီတွင် ထိန်ပင်အအေးတိုက်မှ ထိန်ပင်သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (အမှတ် ၄၄၊ ဆင်ရေကန်လမ်း၊ ဆင်မင်းရပ်ကွက်၊ အလုံမြို့နယ်မှ ကားများ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

မဇင်မာစိုး(ခ)
မခိုင်ဇင်သက်(ခ)မိငယ်
နောက်ဆုံးနှစ်၊ဥပဒေ
(ရတနာပုံတက္ကသိုလ်)
အသက်(၂၁)နှစ်

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊အမှတ်(၂)ရပ်ကွက်၊(ဆ–၁၀/၁၀၉)နေ ဦးဘစိန်(ဆိုင်မန်နေဂျာ၊ MPPE၊ ဆိုင်အမှတ်–၀၆၁၄)–ဒေါ်ခင်စန်းရီတို့၏သမီး၊ မလင်းလင်း(ခ)မခင်ဝင်းရီ(တိုင်းရေနံရုံး)၊ မဝါဝါ၊ မောင်ဇော်ဝင်းမြင့်(ခ)တူးတူးတို့၏ ညီမ၊ မောင်သန်းဇော်ထွန်း၏အစ်မသည် ၂၂-၅-၂၀၀၄ ရက်(စနေနေ့) ညနေ ၅း၁၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့)တွင် တောင်မြင့်သုသာန်သို့ ပို့ဆောင်သဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ရေဝတမဟာထေရ်
(ထားဝယ်)
သက်တော်(၈၉)နှစ်၊ သိက္ခာတော်(၆၉)ဝါ

ရန်ကုန်တိုင်း၊ စမ်းချောင်းမြို့နယ်၊ မုန့်/တောင်ရပ်ကွက်၊ မိုးမခလမ်း၊ ဇေယျသုခကျောင်းတိုက်၏ ဦးစီးပဓာနနာယက ရန်ကုန်မြို့၊ ထားဝယ်ဆရာတော်များဦးစီးသော ထားဝယ်ရဟန်းတော်များ နာရေးထောက်ပံ့မှုအသင်းနှင့် ပရိယတ္တိနုဂ္ဂဟစာမေးပွဲအောင် ဆုချီးမြှင့်ရေးအသင်း၏ ဩဝါဒါစရိယဖြစ်တော်မူသော ဘဒ္ဒန္တ ရေဝတမဟာထေရ်မြတ်သည် ၁၃၆၆ ခုနှစ် နယုန်လဆန်း ၅ ရက် (၂၃-၅-၂၀၀၄ရက်)တနင်္ဂနွေနေ့ နံနက် ၄း၀၅ နာရီတွင် အထက်ပါကျောင်းတိုက်၌ ဘဝနတ်ထံပျံလွန်တော်မူသွားပြီဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးရှိ တပည့်ဒါယကာဒါယိကာမ အပေါင်းတို့အား အကြောင်းကြားသိစေအပ်ပါသည်။ (ဈာပနရက်ကို ထပ်မံကြေညာပါမည်။)

တပည့်သံဃာတော်များနှင့် ဒါယကာဒါယိကာမများ။

ဘဝနတ်ထံပျံလွန်တော်မူခြင်း
ဆရာတော် ဘဒ္ဒန္တ ဇာဂရ
သက်တော်(၈၁)နှစ်၊ သိက္ခာတော်(၆၂)ဝါ

ရန်ကုန်တိုင်း၊ အင်းစိန်မြို့နယ်၊ ကြို့ကုန်းအရှေ့ရပ်ကွက်၊ မဟာသုခိတာလမ်း၊ မူလယိုးဒယားကျောင်းတိုက်၏ ဦးစီးပဓာနနာယကဆရာတော် ဘဒ္ဒန္တ ဇာဂရမထေရ်မြတ်သည် ၁၃၆၆ခုနှစ် နယုန်လဆန်း ၃ ရက်(၂၁-၅-၂၀၀၄ရက်) သောကြာနေ့ ညနေ ၄ နာရီတွင် ဘဝနတ်ထံပျံလွန်တော်မူသွားပါသဖြင့် အန္တိမအဂ္ဂိဈာပနအခမ်းအနားကို ၁၃၆၆ခုနှစ် နယုန်လဆန်း ၉ ရက်(၂၇-၅-၂၀၀၄ရက်) ကြာသပတေးနေ့ မွန်းလွဲ ၁ နာရီတွင်ကျင်းပပြီး ထိုနေ့ညနေ ၃ နာရီတွင် ရေဝေးသုသာန်သို့ပင့်ဆောင်မီးသဂြိုဟ်ပူဇော်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးနေ ဒါယကာ၊ ဒါယိကာမများအား အကြောင်းကြားသိစေအပ်ပါသည်။ (ကျောင်းတိုက်မှကားများ မွန်းလွဲ ၂ နာရီတွင် ထွက်ခွာပါမည်။)

ဈာပနကျင်းပရေးကော်မတီ။

ဦးထင်မောင် (ဗန္ဓုလ)
(မအူပင်)
ယခင်မြန်မာ့လက်ရွေးစင်
မြူနီစီပယ်ဘောလုံးသမားဟောင်း
ရန်ကုန်မြူနီစီပယ်အဖွဲ့
အသက်(၉၄)နှစ်

ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ တက္ကသိုလ်ရိပ်မွန်အိမ်ရာ၊ တက္ကသိုလ်ရိပ်သာလမ်းသစ်၊ တိုက်(အေ)၊ အခန်း ၂၀၆ နေ (ဦးကျော်လှ– ဒေါ်သောင်း)တို့၏သား၊ ဒေါ်အေးကြည်၏ခင်ပွန်း၊ (ဦးခင်မောင်ရင်၊ ဒေါ်လှခင်၊ ဦးစောမောင်၊ ဦးကျင်မောင်)တို့၏ညီမောင်၊ ဦးညီညီထွန်း–Dr. စန်းစန်းမြင့်တို့၏ ဖခင်သည် ၂၃-၅-၂၀၀၄ရက် ည ၈နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါကြောင်း အသိပေးအပ်ပါသည်။

(သဂြိုဟ်မည့်နေ့ရက်ကို ထပ်မံအကြောင်းကြားပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်အမာစိန်
(ပေါင်မြို့)
အသက်(၇၆)နှစ်

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်ဈေးလမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ အမှတ် ၁၂၈/၁၃၀၊ ၇လွှာ၊ (ယာ)နေ (ဦးဖေဘ–ဒေါ်သဲဖြူ) တို့၏ သမီး၊ (ဦးသန်းလွင်)၏ဇနီး၊ (ဒေါ်ကြည်ဝင်း)၊ဦးယုလှိုင်–ဒေါ်အုန်းစိန်တို့၏ ညီမ၊ ဦးမြင့်ဦး–ဒေါ်တင်ဝင်းတို့၏ အဒေါ်၊ဒုတိယဗိုလ်မှူးကြီးဝင်းဆွေထွန်း–ဒေါ်မေရီလွင်၊ ဦးမြင့်လွင်–ဒေါ်သီတာဇော်ဝင်း၊ ဦးစိုးမင်း–ဒေါ်မေသက်လွင်၊ ဦးတင်မောင်စိုး–ဒေါ်မေဆန်းလွင်၊ဦးတင့်လွင်–ဒေါ်စိုးအေးမြင့်တို့၏ မိခင်၊ မြေး ၁၁ယောက်တို့၏ အဘွားသည် ၂၃-၅-၂၀၀၄ရက်(တနင်္ဂနွေနေ့)တွင် အမှတ် ၇၆၅၊ကေတုမတီလမ်း၊တောင်ဥက္ကလာပမြို့နယ်နေအိမ်၌ ကွယ်လွန်သွားပါ၍ ယင်းနေ့တွင်ပင် ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်ပြီးစီးပါကြောင်း။

ကျန်ရစ်သူမိသားစု။

ဘုရား၊ရဟန်း၊သိမ်၊ကျောင်းဒါယကာကြီး
ဦးစောမ
(ခနီး၊ကဝ)
အသက်(၇၅)နှစ်

ပဲခူးတိုင်း၊ ကဝမြို့နယ်၊ ခနီးကျေးရွာနေ (ဦးပုလဲဆာမိ–ဒေါ်အေးစိန်)တို့၏ သား၊ (ဦးစိုးသိန်း)–ဒေါ်သန်းရင်တို့၏ ညီ/မောင်၊ဒေါ်ခင်ကြည်၏မောင်၊ဦးကြီးမြင့်–ဒေါ်အုန်း(အမကအုပ်၊ ခနီး၊ ငြိမ်း) တို့၏အစ်ကို၊ တူ တူမ ၁၀ ယောက်တို့၏ ဘကြီး/ဦးလေးသည် ၂၂-၅-၂၀၀၄ရက် နံနက် ၄း၄၅ နာရီတွင် ရန်ကုန်မြို့ ဦးနှောက်နှင့်အာရုံကြောအထူးကုဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက် (တနင်္လာနေ့) မွန်းတည့် ၁၂ နာရီတွင်ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှရေဝေးသုသာန်သို့ပို့ဆောင်မီးသဂြိုဟ်ပါမည်။ (ရန်ကုန်ပြည်သူ့ဆေးရုံကြီးအအေးတိုက်မှ ကားများ နံနက် ၁၁ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဒေါ်လှစိန်(ခ)ဒေါ်ပုကျစ်
ထားဝယ်(ကမြိုင်ရွာ)
အသက်(၈၃)နှစ်

ထားဝယ်ခရိုင်၊ သရက်ချောင်းမြို့နယ်၊ ကမြိုင်ရွာနေ(ဦးလူဘင်–ဒေါ်ထွန်းခင်)တို့၏သမီး၊ (ဦးထွန်းလင်း)၏ ဇနီး၊ ဦးထွန်းဝင်း–(ဒေါ်တင်တင်ထွေး)၊ (ဦးတင်ဝင်း)–ဒေါ်မြင့်မြင့်ရီ၊ ဦးစိုးလှိုင်–ဒေါ်ခင်မြ၊ ဦးပန်းအုံ–ဒေါ်သန်းမြတို့၏ အစ်မ၊ (ဦးမျိုးမြင့်)–ဒေါ်သောင်းရီ၊ ဦးတင်ငွေ(အမှတ်–၁၊သစ်စက်)–(ဒေါ်ခင်ဝင်း)၊ ဦးကျော်ဝင်း–ဒေါ်အေးအေးမူ တိုက် ၁၄၊ အခန်း၈၊ စီးပွားကူးသန်းအိမ်ရာ၊ (၄၁)တိုးချဲ့ရပ်ကွက်တို့၏ မိခင်၊ မြေးကိုးယောက်၊ မြစ်ငါးယောက်တို့၏ ဘွားဘွားကြီးသည် ၂၃-၅-၂၀၀၄ ရက် (တနင်္ဂနွေနေ့) မွန်းလွဲ ၁း၀၅နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်ပါ၍ ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) ညနေ ၄နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်သဂြိုဟ်ပါမည်။ (နေအိမ်မှကားများ ညနေ ၃ နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမိသားစု။

ဦးစံမြင့် (တိုက်ကြီး)
အသက်(၇၇)နှစ်

ရန်ကုန်တိုင်း၊ တာမွေမြို့နယ်၊ တာမွေကြီး(က/ဂ)ရပ်ကွက်၊ ၁၅၅ လမ်း၊ အမှတ် ၄၉ (A)နေ (ဒေါ်ခင်ကြည်)၏ ခင်ပွန်း၊ (ဒေါ်တင်အေး)၊ ဒေါ်မြခင်(စက်မှု–၁)၊ ဦးညွန့်ယဉ်–ဒေါ်ငြိမ်းအေး(ဝဏ္ဏသစ်စက်)၊ ဦးလှမြင့်–ဒေါ်သန်းအေး(စိုက်ပျိုးရေး)၊ ဦးလှဖေ–ဒေါ်ခင်အေး(အထက–၂၊တာမွေ)၊ ဦးဖြူညွန့်–ဒေါ်မာမာကြူ(နယ်စပ်/စည်ပင်)တို့၏ အစ်ကိုကြီးသည် ၂၂-၅-၂၀၀၄ရက် (စနေနေ့)ည၁၁း၄၀နာရီတွင် သျှင်ပါကူအထူးကုဆေးခန်း၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ရက်(တနင်္လာနေ့) နံနက်၁၁နာရီတွင် ရေဝေးအအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။ (နေအိမ်မှကားများ နံနက်၉း၄၅နာရီတွင် ထွက်ခွာပါမည်။)

ကျန်ရစ်သူမောင်နှမများ။

ခရစ်တော်၌အိပ်ပျော်ခြင်း
ဦးအောင်ဟိန်းဝင်း
A.G.T.I(Civil)
ပြည့်ဝဆောက်လုပ်ရေး
အသက်(၃၉)နှစ်

ဒဂုံမြို့သစ်(မြောက်ပိုင်း)၊ UE-2 ရပ်ကွက်နေ (ဦးတင်ရွှေ–ဒေါ်ညွန့်မြိုင်)တို့၏သား၊ အမှတ်(၆၂)က၊ အောင်မေတ္တာလမ်း၊ထန်းပင်ကုန်း၊စော်ဘွားကြီးရပ်ကွက်နေ ဦးရှိယန်ဒွန်း–ဒေါ်မွှေးတို့၏သားသမက်၊ ဒေါ်လှိုင်လှိုင်မွှေး(လ/ထ စာကြည့်တိုက်မှူး၊မြန်မာစာအဖွဲ့ဦးစီးဌာန)၏ခင်ပွန်း၊ မောင်ဗန်းရှန်းသင်ထန်း၏ဖခင်သည် ၂၃-၅-၂၀၀၄ရက် နံနက် ၉း၁၅နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားပါသဖြင့် ၂၅-၅-၂၀၀၄ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ရေဝေးခရစ်ယာန်ဝတ်ပြုခန်းမ၌ ဝတ်ပြုဆုတောင်းပြီး ဂူသွင်းသဂြိုဟ်ပါမည်။ [ကားများ ချင်းနှစ်ခြင်းခရစ်ယာန်ဘုရားရှိခိုးကျောင်း (စမ်းချောင်း)နှင့် အမှတ် ၆၂/က၊ ထန်းပင်ကုန်းနေအိမ်မှ မွန်းတည့် ၁၂နာရီတွင် ထွက်ခွာပါမည်။]

ကျန်ရစ်သူမိသားစု။

တကကအောင်မိုးဝင်း
တမူးမြို့
အသက်(၃၂)နှစ်

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ တောင်ကြီးမြို့၊ အေးသာယာမြို့သစ်၊ အမှတ် ၁၀၆နေ ဗိုလ်ကြီးရွှေဝင်း–ဒေါ်တင်စိန်၊ ဦးချစ်မောင်– ဒေါ်သန်းဒနူ ဘူတာတောင် ၂၃လမ်း၊ ဖြူးမြို့တို့၏သား၊ ဒေါ်အေးအေးသန်း(တောင်ကြီးမြို့)၏ မောင်၊ ဗိုလ်မှူးမျိုးဇော်ဝင်း၏အစ်ကို၊ ဗိုလ်မှူးကြီးဝင်းဆွေ–ဒေါ်နွဲ့နွဲ့ဝင်း(မန္တလေး)၊ ဗိုလ်ကြီးအေးကြိုင်–ဒေါ်ခင်မာရီ(လင်းခေးမြို့)၊တကကကျော်လွင်–ဒေါ်ခင်မာဦး(ဖောင်ကြီး)တို့၏ညီ၊ ဒေါ်အေးအေးကြူ(ဖြူးမြို့)၊ ဦးအောင်သောင်း–ဒေါ်နီနီခိုင်(တောင်ကြီးမြို့)တို့၏မောင်၊တပ်ကြပ်မိုးခိုင်(တပ်မတော်–ရေ)–ဒေါ်ဖြူဖြူ၊ ကိုကျော်စိုးခိုင်(သစ်တောဌာန)တို့၏ အစ်ကို၊ ဒေါ်ဖြူဖြူခိုင်၏ခင်ပွန်း၊ မစုစန္ဒီအောင်၊မောင်သော်ဇင်အောင်တို့၏ဖခင်သည် ၂၂-၅-၂၀၀၄ရက် နံနက် ၉နာရီတွင် တမူးမြို့ပြည်သူ့ဆေးရုံကြီး၌ ကွယ်လွန်သွားပါသဖြင့် ၂၄-၅-၂၀၀၄ ရက်တွင် တမူးမြို့သုသာန်သို့ ပို့ဆောင်မီးသဂြိုဟ်မည်ဖြစ်ပါကြောင်း။

ကျန်ရစ်သူမိသားစု။

ပြည်ထောင်စု မြန်မာနိုင်ငံတော်အစိုးရ ပြန်ကြားရေးဝန်ကြီးဌာန သတင်းနှင့်စာနယ်ဇင်းလုပ်ငန်းက ရန်ကုန်မြို့၊ ဗဟန်းမြို့နယ်၊ နတ်မောက်လမ်းသွယ်(၁)၊ အမှတ်(၅၃)၊ မြန်မာ့အလင်းသတင်းစာတိုက်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ် ၄၀၊ ကြေးနန်းလိပ်စာ မြန်/လင်း၊ စာတည်းမှူး ၅၄၄၃၁၃၊ မန်နေဂျာ ၅၄၄၃၁၄၊ စာတည်းအဖွဲ့ ၅၄၄၃၀၉၊ စီမံ ၅၄၄၃၁၅၊ ငွေစာရင်း ၅၄၄၃၁၆၊ ဖြန့်ချိ ၅၄၄၃၁၇၊ ကြော်ငြာ ၅၄၅၈၃၄၊ ပုံနှိပ် ၅၄၄၃၁၈။

R. 488

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တိပိဋကဓရအောင်သံဃာတော် ပူဇော်ပွဲတက်ရောက်ကြည်ညို နိုင်ငံတော်သံဃမဟာနာယကဆရာတော်နှင့်သံဃာတော်များအား လှူဖွယ်ပစ္စည်းများဆက်ကပ်လှူဒါန်း

ရန်ကုန် မေ ၂၃

ကျေးဇူးရှင် မင်းကွန်းတိပိဋကဓရ ဓမ္မဘဏ္ဍာဂါရိက ဆရာတော်ကြီး ဖွဲ့စည်းတည်ထောင်တော်မူခဲ့သော တိပိဋက–နိကာယသာသနာပြု ဉပဋ္ဌာကအဖွဲ့ကြီးမှ ပဥ္စမမြောက်ပေါ်ထွန်းလာသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလ၊ တိပိဋကဓရ အရှင်ဣန္ဒာစရိယနှင့် စာအောင်သံဃာတော်များအား ချီးကျူးပူဇော်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲ ၁ နာရီတွင် ရန်ကုန်မြို့ ဒဂုံမြို့နယ် စကားဝါလမ်းရှိ တိပိဋကကျောင်းတော် မင်္ဂလာမဏ္ဍပ်၌ကျင်းပရာ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့် တက်ရောက် ကြည်ညို၍ ဆရာတော်ကြီးများအား လှူဖွယ်ပစ္စည်းများ ဆက်ကပ်သည်။ စာမျက်နှာ ၃ ကော်လံ ၁ ✡

နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်ကြီးခင်ညွန့်နှင့်အဖွဲ့ဝင်များ တိပိဋက–နိကာယသာသနာပြု ဉပဋ္ဌာကအဖွဲ့မှ ပဥ္စမမြောက် ပေါ်ထွန်းတော်မူသော တိပိဋကဓရ တိပိဋကကောဝိဒ အရှင်ဣန္ဒပါလ၊ တိပိဋကဓရ အရှင်ဣန္ဒာစရိယနှင့် စာအောင်သံဃာတော်များအား ချီးကျူးဂုဏ်ပြုပူဇော်ပွဲအခမ်းအနားတွင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် ဆရာတော် တိ=နိသာသနာပြုဉပဋ္ဌာကအဖွဲ့၏ ဩဝါဒစရိယဆရာတော် အဘိဓဇမဟာရဋ္ဌဂုရု အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဘဒ္ဒန္တကုမာရ ဆရာတော်ကြီးအား သင်္ကန်းဆက်ကပ်လှူဒါန်းစဉ်။ (သတင်းစဉ်)

ကျေးလက်ဒေသများ ဖွံ့ဖြိုးရေးအတွက် နိုင်ငံတော်က ကြိုးပမ်းဆောင်ရွက်လျက်ရှိရာ စည်ပင်သာယာရေး ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဗိုလ်မှူးကြီးမျိုးမြင့် မေ ၁၃ ရက်က မန္တလေးတိုင်း မြစ်သားမြို့နယ်လုံးကျွတ် ရေရရှိရေးဆိုင်းဘုတ်ကို ဤသို့ စက်ခလုတ်နှိပ် ဖွင့်လှစ်ပေးခဲ့သည်။ (ဓာတ်ပုံ–နယ်စပ်/စည်ပင်)

လက်တွဲဝန်းရံ အမျိုးသားညီလာခံ

မြစ်သားမြို့နယ်မှ ကျေးလက်ပြည်သူများ သန့်ရှင်းသောရေ ဖူလုံစွာရရှိနေကြပြီ

သတင်းဆောင်းပါး – ခိန်ရွှေလှိုင်

ရန်ကုန် မေ ၂၃

ကူမဲနှင့် သပြေတောင်တို့သည် မြစ်သားမြို့နယ်မှ ကျေးရွာကြီးများဖြစ်သည်။ မန္တလေး–ရန်ကုန်ကားလမ်းနှင့် ရထားလမ်းပေါ်တွင် တည်ရှိသည်။ ကူမဲသည် အပူပိုင်းမိုးနည်းရပ်ဝန်း၌တည်ရှိသဖြင့် နွေအခါ ရေအတွက် ပူပန်ရသည်။ သောက်ရေ၊ သုံးရေကအစ နွားစာကျင်းခွက်ရေအထိ ကြောင့်ကြခဲ့ရသည်။ သန့်ရှင်းသော ရေမဟုတ်၍ ဒုက္ခဖြစ်ခဲ့ကြရသည်။

ယခုတော့ မိုးနည်းရပ်ဝန်းဖြစ်သည့် ကူမဲကျေးရွာအပါအဝင် မြစ်သားတစ်မြို့နယ်လုံး သန့်ရှင်းသော သောက်သုံးရေ ပြည့်စုံဖူလုံနေပြီဖြစ်သည်။ နှစ်ပေါင်း ၁၀၀ ကျော် ရေမရှိခဲ့သော မြစ်သားမြို့နယ်အတွင်းမှ ဟင်းလျာကန်ကျေးရွာ၊ မြနဒီကျေးရွာ၊ ကြာကန်ကျေးရွာများ သန့်ရှင်းသော သောက်သုံးရေများ ပြည့်စုံဖူလုံစွာ ရရှိနေကြပြီဖြစ်သည်။

မြစ်သားမြို့နယ်ရှိ ကျေးလက်ပြည်သူတိုင်း အနှစ်နှစ်အလလက လိုလား တောင့်တခဲ့သော သန့်ရှင်းသော၊ ကောင်းမွန်သော သုံးရေ၊ သောက်ရေ၊ နွားစာရေများ လိုအပ်သလိုရရှိနေကြပြီ ဖြစ်သည်။ ရေအတွက် စိတ်ပူပန်ကြောင့်ကြ တောင့်တနေစရာမလိုတော့။ မန္တလေးတိုင်း ကျောက်ဆည်ခရိုင် မြစ်သားမြို့နယ်ရှိ ကျေးရွာအုပ်စု ၈၂ အုပ်စု၊ ကျေးရွာပေါင်း ၂၂၇ ရွာတွင် လက်နှိပ်ပန့် စက်ရေတွင်း ၁၄၄ တွင်း၊ စက်ရေတွင်း ၇၇ တွင်းနှင့် စိမ့်စမ်းရေသွယ်မြောင်းခြောက်ခု ဆောင်ရွက်ပေးနိုင်ခဲ့သည်။

ထိုသို့ မြစ်သားမြို့နယ်ကျေးလက်နေပြည်သူများ သန့်ရှင်းသောသောက်သုံးရေရရှိရေးကို စည်ပင်သာယာရေးဦးစီးဌာနက စာမျက်နှာ ၁၁ ကော်လံ ၃ ■

ယနေ့ထုတ်စောင်ရေ ၁၄၄၈၅၄

က မ္ဘာ တစ် လွှား ထူး ထူး ခြား ခြား

ကြိုးတန်းပေါ်မှာ ကားမောင်းသူ

မေ ၂၀ ရက်က ဂျာမနီနိုင်ငံ အနောက်တောင်ဘက် စတတ်ဂတ်မြို့၌ ရုပ်မြင်သံကြားမျှော်စင်ရှိ ကြိုးများပေါ်တွင် ဂျာမနီကျွမ်းဘားသမား ဂျိုဟန်ထရာဘားက မော်တော်ယာဉ်ပေါ်မှာ ကျွမ်းဘားထောင်လျက် မောင်းနှင်ပြသနေစဉ်။ **(ယာပုံ)** ၎င်းသည် မော်တော်ယာဉ်ဖြင့် အဆိုပါကြိုးတန်းမှ အမြင့် ၁၇၈ ဒသမ ၈၈ ပေအထိ မောင်းနှင်တက်ရောက်ခဲ့သည်ဟု ဆိုသည်။ **(အေပီ)**

တိုက်တန်းနှစ်မှုပစ္စည်းလေလံတင်

မေ ၂၀ ရက်က နယူးယောက်မြို့ ဂင်းနက်စ်လေလံရုံး၌ တိုက်တန်းနစ်သင်္ဘောမှ ရရှိသည့် လက်ဖက်ရည်အချို ပန်းကန်တစ်စုံနှင့် ပန်းကန်ပြားတစ်ချပ်ကို ခင်းကျင်းပြသထားပြီး ဇွန် ၁၀ ရက်တွင် ဒေါ်လာ ၂၅၀၀၀ ဖြင့် လေလံတင်ရောင်းချမည်ဟု သိရသည်။ **(ဝဲပုံ)** **(အေပီ)**